www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် ၅၀၀၁၅၈၀၂၀၉၊ မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၅၂၅၀၆၀၉

**ထုတ်ဝေသူ**

ဦးအောင်မြင့်၊ အမှတ်(၇)၊ သီတာလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့

**အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်**

ဦးအောင်မြင့်၊ အောင်မြင်ပုံနှိပ်တိုက်၊အမှတ်(၁၆)၊ သစ်ရာပင်လမ်း၊ သုဝဏ္ဏ၊ ရန်ကုန်မြို့

**ဖြန့်ချိရေး**

အောင်မြင်စာပေ၊ အမှတ်(၁)၊ အောင်ဘာလေလမ်း၊

ကျောက်မြောင်း၊ တာမွေ၊ ရန်ကုန်မြို့

၅၄၁၇၄၅၊၅၅၂၁၀၃၊ ၀၉ ၈၀ ၃၄၅၈၁ ၊၀၉ ၅၀ ၂၁၃၅၄ ။

ပထမအကြိမ် - ၂၀၁၀ ခုနှစ်၊ (ဇန်နဝါရီလ)၊ အုပ်ရေ(၅၀၀) ၊ တန်ဖိုး(၂၃၀)ကျပ်

၈၉၅.၈၃

နတ်ရှာမိုး

သဗ္ဗာ့ရောင်အချစ် / နတ်ရှာမိုး။ – ရန်ကုန်၊ အောင်မြင်စာပေ၊ ၂၀၀၉။

၁၅၂ – စာ၊ ၁၃.၅ × ၂၁ စင်တီ။

(၁) နတ်ရှာမိုး







www.burmeseclassic.com

www.burmeseclassic.com






# ဆံပင်...

**ကျွန်**တော့်ကိုယ်ကျွန်တော် မှန်ထဲ သေချာကြည့်လိုက်သည်။

အမေ့မျက်လုံးထဲမှာ ဘယ်တော့မှ သပ်ရပ်မှု မရှိသော... ကျွန်တော့်ဆံပင်တွေက ကျွန်တော့်မျက်လုံးထဲမှာတော့... အတော်တော့နုပ်စရာကောင်းနေသည်။ လက်နှစ်ဖက်နှင့် ဟိုဆွဲဒီဖွ လုပ်ပြီး မျက်နှာကို ဘယ်ညာငဲ့ကာ စောင်းကာကြည့်သည်။

(ဒီလောက်ဂွတ်နေတာ... အမေဘယ်လိုများ ကြည့်နေပါသိမ့်တွာ...)



www.burmeseclassic.com

www.burmeseclassic.com



အမြဲတစေ နက်မှောင်ပြီး စင်းပျော့နေသော ကျွန်တော့် ဆံပင်ကို မိန်းကလေး သူငယ်ချင်းတွေတောင် သဘောကျကြသည်။

ကျောင်းမှာတုန်းက အတန်းဖော် သူငယ်ချင်းမ ခင်မြဇင်ဆိုလျှင် ကျွန်တော့်ဆံပင်ကို ငေးငေးကြည့်ပြီး. . .

"ယင်ရှားရယ်. . . နင်နဲ့ငါ ဦးရေခွာပြီးလဲလို့ရရင် သိပ်ကောင်းမှာပဲ. . ."

"မလုပ်ပါနဲ့ဟာ. . . ယောကျ်ားကြီးတန်မဲ့ သန်းဥရှိုက်နေရပါဦးမယ်"

"အံမာ. . . ငါ့ခေါင်းမှာ သန်းမရှိပါဘူးနော်. တကယ်ပါဟာ နင့်လို ဆံပင်ပျော့ပျော့စင်းစင်း ဖြစ်နေရင် သိပ်ကောင်းမှာ၊ ငါ့ဆံပင်က မာကျွတ်ပြီး ကောက်ကွေးနေလို့. . . ဆိုင်မှာ သွားသွားဖြောင့်ရတာ"

ဒါဟာ. . ခင်မြဇင်ရဲ့ လေးဖြူကြော်ငြာဝင်သလို ခတ်ပြင်းပြင်းလေး ပြောနေကျစကား၊ အဲဒီကိစ္စနဲ့တောင် ခင်မြဇင်နဲ့ကျွန်တော် (၆)လလောက် မခေါ်မပြောနိုင်အောင် ဖြစ်ဖူးသည်။

ကျွန်တော်ကတော့ ခေါ်ပါသည်။ ခင်မြဇင်ဘက်က အသေအလဲ စိတ်ဆိုးပြီး မခေါ်ခြင်းဖြစ်သည်။ ပြဿနာက ဆံပင်ပြဿနာ၊ သူ့ဆံပင် မကောင်းတဲ့ကိစ္စ မကြာခဏ ပြောလွန်းအားကြီး၍ တစ်ရက်ကင်(န်)တင်းမှာ ထိုင်နေတုန်း. . . ခင်မြဇင် မျက်နှာကြီးအိုပြီး ရောက်လာရာကနေ စခြင်းဖြစ်ပါသည်။

"နင့်မျက်နှာက. . . ဘာဖြစ်လာတာလဲ!"

"ငါ့အမေနဲ့ ကွိုင်တက်လာတာ"

"ဘာကွိုင်လဲ. . . နင့်လွယ်အိတ်ထဲက ရည်းစားစာ တွေ့သွားလို့လား. . ."

"မဟုတ်ပါဘူးဟာ. . . မနေ့က မာမီ့ဆီက ပိုက်ဆံတောင်းပြီး ဆံပင်သွားဖြောင့်တဲ့ကိစ္စ. . . ငါ့အစ်မက မလိုအပ်ဘဲ ဖြန်းနေတာ ဆိုပြီး လာပွမ်းတယ်လေ၊ ငါလည်း ပေါက်ပေါက်နဲ့ ပြန်ကောလို့. . မီးတွေမြင့်ကုန်တာ၊ တစ်ကယ်ပါပဲ. . . ငါသိပ်စိတ်ဆင်းရဲတာပဲ. . ."

"နင်စိတ်မဆင်းရဲချင်ရင် ငါပြောသလိုလုပ်. . ."

"အင်း. . . အင်း. . . ပြော. . ."

"အရင်တုန်းက. . . ငါ့ဆံပင်က နင့်ဆံပင်လိုပဲ မာမာကျွတ်ကျွတ်ကြီးဟ၊ ကောက်လည်း ကောက်တယ်၊ ကောက်တာမှ ထောင်ထောင်ကြီး ကောက်နေတာ. . တို့လမ်းဘေးတွေမှာ အလေ့ကျပေါက်တဲ့ ကြွက်နှာမောင်းချိပ်ပွင့်လိုပေါ့၊ အနီးစပ်ဆုံး ဥပမာပေးရရင်. . . ရကောက်(ရ)လို ကောက်တာ. . ."

"အေးပါ. . . သိပါပြီ"

"နင်စဉ်းစားကြည့်ပေါ့ဟာ. . . ဒီဆံပင်ကြီးနဲ့ ငါဘယ်လောက်ရှက်ရသလဲဆိုတာ. . . အထက်တန်းကျောင်းသားအရွယ်ဆိုပေမယ့် လူပျိုပေါက်စိတ်နဲ့ဆိုတော့ တွေးသာကြည့်ပေါ့၊ အတန်းထဲက ကောင်တွေကလည်း စတဲ့နောက်တဲ့နေရာမှာ. . . တစ်စက်မှ မညှာဘူး၊ ငါလည်း ဒေါသဖြစ်လို့ ဆွဲဆွဲထိုးမိတာနဲ့ စည်းကမ်းထိန်းသိမ်းရေးဆရာကြီးဆီ ဝန်ခံကတိတွေ ပေးနေရတာလည်း ထပ်နေပြီ၊ အဲဒါနဲ့. . . ဒီလောက်ဖြစ်လှတဲ့ဆံပင်၊ မာရဲမာ၊ ကောက်ရဲကောက်ကြည့်၊ တစ်ပင်ကောက်ရင် တစ်ခေါင်းလုံး တုံးမယ်လို့ ကြုံးဝါးပြီးတော့ကို တုံးပစ်တာ"

"အဲ. . . အဲဒီတော့. . ."

"အင်း. . . မှတ်မှတ်ရရ. . . နှစ်ခါပေါက်တဲ့ဆံပင်အထိ မာတုန်း ကောက်တုန်းဟ၊ ဘာရမလဲ. . . ငါလည်းဆက်တုံးတာ သုံးခါလည်း မြောက်ရော ဒီဆံပင်ဖြစ်လာတာပဲ. . ."

"နင်. . . နင်တကယ်ပြောတာလား!. . ."





www.burmeseclassic.com

www.burmeseclassic.com



"အင်း. . ."

ကျွန်တော် ဘုရားစူးလို့ ကျိန်မပြောဘဲ 'အင်း' ဟုသာ တစ်လုံးတည်း 'အင်း' ချလိုက်သည်။ (ကျိန်ပြောလျှင် တကယ် ကျိန်စာမိမှာစိုး၍ ဖြစ်ပါသည်။) ကျွန်တော်ပြောပြီး နောက်တစ်နေ့ ခင်မြဇင်တစ်ယောက် ကတုံးဖြစ်သွားသည်။ အတန်းထဲက မြတုန်းတို့ ဝေဖြိုးတို့အုပ်စုက 'ကောက်ကွေးမ' ဟု စနောက်နေကြရာကနေ 'ကတုံးမ' ဟု ပြောင်းလဲစနောက်ကြတော့သည်။ ဆံပင်ကောက်ကောက်ထွက်တိုင်း ဒလစပ် တုံးနေတော့၍ 'ကတုံးမ' ကနေ 'ငတုံးမ' ဟုပင် နာမည်ပြောင်းခံခဲ့ရသည်။ ခင်မြဇင် ကြို့ကြို့ခံ တုံးတစ်နေသည့်ကြားက. . ဆံပင်ကား ကောက်ကာကွေးမြဲပင်။

နောက်ဆုံးနှစ် နှစ်ဝက်အထိ ခင်မြဇင် 'ငတုံးမ' အမည်တွင်သွားပြီး ဆံပင်တွေ ပို၍မာကွေးလာ၍ ခင်မြဇင် ကျွန်တော့်ကို စိတ်နာသွားလေသည်။ ကျွန်တော့်ဆံပင်တွေကိုပင် အရင်လို ငေးကြည့်တာမျိုး မလုပ်တော့ချေ။

ခုတော့. . . ခင်မြဇင် စင်္ကာပူ ရောက်သွားသည်။ ကျောင်းပြီးကတည်းက စင်္ကာပူမှာ ကျောင်းဆက်တက်မည်ဟု ဆိုကာ သွားခြင်းဖြစ်သည်။ မသွားခင်တော့ ကျွန်တော့်ကို နှုတ်ဆက်သွားပါသည်။

"ငါ့ဆံပင်ကို နင်ကြည့်ထား၊ ပြန်လာရင်. . . နင့်ဆံပင်ထက် အပုံကြီး သာတဲ့ဆံပင် ဖြစ်လာစေရမယ်"

ကျွန်တော်ကလည်း အလွန်အကျွံ နောက်ပြောင်ထားမိ၍ သူ လိုချင်တဲ့အတိုင်း ဖြစ်ပါစေဟုသာ ဆုတောင်းပေးလိုက်သည်။ အပုံလိုက်ကြီး ဖြစ်မလာပါစေနဲ့ဟုလည်း ဆုတောင်းပေးလိုက်ပါသည်။

"ထင်ရှား. . ."

"ဗျာ. . . အမေ. . ."





အမေ့ခေါ်သံကြောင့် ကျွန်တော်အတွေးဖြတ်ကာ လန့်ထူးထူး၍ လှည့်ကြည့်သည်။

"ရော့. . . ပိုက်ဆံ"

"ဟုတ်. . . ဘာဝယ်ပေးရမလဲ အမေ!"

"နင့်ဆံပင် သွားညှပ်ချေ. . ."

အမေပေး၍ ယူထားမိသော တစ်ထောင်တန်တစ်ရွက်အား လန့်ပြီး လွှတ်ချမိတော့မလို ဖြစ်သွားသည်။

"ဒီနေ့ နင့်ဘကြီး လာလိမ့်မယ်. . . နင့်ဆံပင်ပုံစံ ပြောင်းရင်ပြောင်း၊ မပြောင်းရင် ဘဝပြောင်းသွားလိမ့်မယ်. . . သွား. . ."

"အမေရယ်. . . သား့ဆံပင်က ဘာများဖြစ်နေလို့လဲ!"

"ဘာဖြစ်နေလို့လဲ ဟုတ်လား၊ ဦးထုပ်မပါဘဲ လမ်းလျှောက်ရင် တိုးကန်း ဝင်ဥသွားမယ့်ဆံပင်လေ. . . နင် မှန်ကြည့်နေတာ တစ်နာရီလောက်ရှိနေပြီ. . . မမြင်ဘူးလား၊ ငတို့ခေတ် ဘဘုန်းဘုန်းနဲ့သာတွေ့ရင် နင့်ဆံပင်မျိုး. . ဟင်း. . တစ်မွေးမှတောင် မကျန်စေရဘူးမှတ်. ."

"ဩော်. . . အမေရယ်၊ အဲဒါ ဘဘုန်းဘုန်းတို့ခေတ်လေ၊ အခု. . . သားတို့. . ."

"တော်. . . မင်းပါးစပ်ပိတ်. ငါ အခု ဈေးကပြန်လာတာ. . . တိုလေးကွန့် ဆိုင်ဖွင့်နေပြီ. . . ငါလည်း ဝင်မှာခဲ့တယ်၊ သွားချေတော့"

သွားပြီ။ ကျွန်တော် မှန်ထဲ တစ်ချက်ပြန်ငဲ့ကြည့်ပြီး. . . ခပ်လန်လန်လေး ရွဲနေသော ဆံပင်တွေအား နှမြောတသစွာ. . . တို့ခွထိဆွဲနေမိသည်။ 'လီယောင်ဂျေး' တို့အမေရဲ့မျက်စိမျိုး ကျွန်တော့်အမေမှာ ရှိခဲ့လျှင် အဘယ်မျှ ကောင်းလေစွဟု ဝမ်းနည်းပက်လက် တွေးတော အိမ်မှ ထွက်လာခဲ့တော့သည်။

အမေနှင့်ဘကြီးတို့၏ ရိုးအီနေသော ရှေးထုံးကြီးကို ဘာနှင့်



www.burmeseclassic.com

www.burmeseclassic.com



ကွယ်ကာရလျှင် ကောင်းလိမ့်မလဲ. . .။

ဟိုတစ်လောကမှ ကျွန်တော်ဖတ်ခဲ့ရသော ဆောင်းပါးထဲမှာ ဆံပင်အတွက် မရှိမဖြစ် လိုအပ်သော အာဟာရဆိုတာကို သိလိုက်ရသည်။ ကျွန်တော့်ဆံပင်လေးတွေ ဒီအတိုင်း ဖြောင့်စင်း ပျော့ညွတ်နေစေဖို့အတွက် အမိုင်နိုအက်ဆစ်၊ အင်ဇိုင်း၊ (Vitamin C, Vitamin E) တို့ လိုအပ်သည်။ ဂျင်ဆင်း၊ ထောပတ်သီး၊ ရှားစောင်းလက်ပတ်၊ ဥအနှစ်ပါသော ခေါင်းလျှော်ရည်မျိုး သုံးဖို့လိုသည်။

ဝန်ခံရလျှင် ဆံပင်တွေကို မြတ်နိုးတာကလွဲလို့ ဘယ်လို ထိန်းသိမ်းရမယ်ဆိုတာ နားမလည်ပါ။ ယောကျ်ားတစ်ယောက်အတွက် အဲသလောက် နုပြနေစရာ မလိုဘူးဟု တွေးထင်ထားမိသောကြောင့်လည်း ဖြစ်ပါသည်။ ကျွန်တော့်သူငယ်ချင်း မြဘုန်းတို့ ဝေဖြိုးတို့ဆိုခေါင်းဖြီးတာ၊ ဆီထည့်တာမျိုး အလေ့အထ မရှိသလောက်ပင်။ မြဘုန်းဆံပင်ဆိုလျှင် မာလွန်း၍ အဝတ်လျှော်(brush)တောင် လုပ်လို့ရသည်။ ကျွန်တော့်လက်မောင်း ခြင်ကိုက်လို့ ယားတာမျိုးကို မြဘုန်းဆံပင်နှင့်ပွတ်တိုက်ပစ်လျှင် အရသာ ရှိပါသည်။ ဒါပေမယ့် ဒီကောင်တွေ ဆံပင်ဆေးဆိုးတာ၊ ဂျယ်ထောင်တာတို့တော့ လုပ်ရန် ဝါသနာရှိကြသည်။ လုပ်လည်း လုပ်ကြသည်။ (High Light) ဖောက်တာတောင် ပါသေးသည်။

ကျွန်တော်ကတော့ အဲဒါမျိုး လုပ်ရန် အလွန်ဝန်လေးပါသည်။ သူတို့လိုသာ ကျွန်တော်နေထိုင်လျှင် တစ်စစီများ ဖွဲ့ပစ်ကြမလား မဆိုနိုင်။ ခေတ်ရေစီးကြောင်းဟု ပြောလျှင် ကျွန်တော်က ရေစီးကြောင်းထဲ မျောပါပြီး. . . ကျောက်တုံးတစ်တုံးမှာ ဝင်ကပ်ငြိကျန်ခဲ့သော မှော်ဖတ်တစ်ဖတ် ဖြစ်လောက်သည်။

မြဘုန်းတို့ ကွာတားပင်(န်)နှင့် ကွတကွတ ကွတက်ပြီး ဂုဏ်ယူ





နေချိန်မှာ. . ကျွန်တော်က ရခိုင်ပုဆိုးတို့ ဦးဂျမ်းပုလဲပေါက် ပုဆိုးနှင့် တော်လာတုံးအဖြူကို ဝတ်ပြီးကျေနပ်နေတတ်သည်။

ဒါတောင် အမေက ကျွန်တော့်ကို. . . သရုပ်ပျက်သည်တဲ့ လား. . . ။

သူတို့က အပျင်းပြေ အဆာပြေ အနိမ့်ဆုံး ဂျေဒိုးနပ်လောက်ထိုင်ပြီး ဖြေရှင်းမှ တင်းတိမ်သည်။ ကျွန်တော်က သာမန်လက်ဖက်ရည်ဆိုင်လေး တစ်ဆိုင်မှာ ရိုးရိုးကျူဆိမ့်တစ်ခွက်လောက် သောက်ရလျှင် အဆင်ပြေပါသည်။

ရုပ်ရှင်ကြည့်တာ၊ လိုက်ဖ်ရှိုး သွားတာ၊ ဈေးပတ်တာမျိုး၊ မိန်းကလေးသူငယ်ချင်းတွေ အဖော်လာညှိလျှင်. . . မြဘုန်းတို့ ပါသွားတတ်သည်။ သူတို့ ပြန်လာမှ ကြားရသော အသံဗလံထဲမှာ ကျွန်တော်စိတ်ဝင်စားတာမျိုးသာ ပါလျှင်တော့ ကျွန်တော်တစ်ယောက်တည်း ထိုနေရာတစ်ခုတည်းသို့ ဦးတည်ပြီး သွားကြည့်တတ်ပါသည်။ ထို့ကြောင့် ကျွန်တော့်သူငယ်ချင်းတွေက ကျွန်တော့်ကို ဗုံမဟုတ်၊ ပတ်မဟုတ်၊ တောမရောက်၊ မြို့မဆန် 'ဂလန့်' ဟု နာမည်ပြောင်ပေးကြသည်။

ကျွန်တော် ဂရုမစိုက်ပါ။ လူဆိုတာ ကိုယ့်စိတ်ကူးနှင့်ကိုယ် နေသွပ်ခွင့်ရနေလျှင်ပဲ လူဖြစ်ရကျိုးနပ်သည်ဟု ထင်သည့်အမျိုး ဖြစ်၍ ကျွန်တော်နှစ်သက်သလို နေနေရတာ အဆင်ပြေပါသည်။ အထူးသဖြင့် ဆံပင်. . .။ အမေ့ကျေးဇူးနှင့် နက်မှောင်ဖြောင့်စင်းပြီး ပျော့ညွတ်နေသော ကျွန်တော့်ဆံပင်တွေကို ကျွန်တော် ပိုင်ဆိုင်ခွင့် ရနေခြင်းက မြေကလီးယား မြောက်မြားစွာကို ပိုင်ဆိုင်ထားသော နိုင်ငံကြီးတစ်နိုင်ငံလို မောက်ကြွားဂုဏ်ယူနေမိသည်။ ဆံပင်ချင်း ယှဉ်လာရင်တော့ ထိမထင်သောမျက်နှာနှင့် လူမှာ. . . ကျွန်တော် ဖြစ်သည်။ ကလေး သိုးသိုးသွက်သွက် ဖြတ်တိုက်သွားလို့. . . ပါးမခန့် နွဲ့ခန့်



www.burmeseclassic.com

www.burmeseclassic.com



ပါသွားသော ဆံမျှင်အုံ့အုံ့တွေ နားရွက်ဖျားကို ပွတ်သပ်ပြီး နဂိုအတိုင်း ပြန်စင်းကာ ကျကျလာသော အရသာ၊ လမ်းလျှောက်ရင်း ငုံ့ချထားသောခေါင်းကို အမှတ်တမဲ့ မော့ဖော်မိတဲ့အခါ၊ ဘေးဘယ်ညာကို ဖြိုးခနဲ ဖြတ်ခနဲ လှည့်ကြည့်တဲ့အခါ ရွဲခနဲ၊ ဝဲခနဲ ဖြာစင်သွားတတ်တဲ့ ဆံပင်တွေကြောင့် ဦးရေပြားအောက် မွှေးညင်းအိတ်ကလေးတွေထဲ စိမ့်ခနဲ တိုးဝင်လာတတ်တဲ့ အရသာမျိုး ဘာနှင့်မှ အစားထိုးလို့မရတာ သေချာသည်။

ဒီနေ့တော့ . . . ထိုခံစားမှု၊ ရှုံးသွပ်မှုအားလုံး ဦးလေးကွန့် ဆံသဆိုင်မှာ အဆုံးသတ်ရပေတော့မည်။ ကျွန်တော်လျှောက်လာရင်း ဦးလေးတွန့် ဆံသဆိုင်ရှေ့အရောက် . . .

"ထင်ရှား . . ."

ခေါ်သံကြောင့် လှည့်ကြည့်လိုက်တော့ မြဘုန်း။ ကိုယ့်ဆံပင်ကိုယ် မီးရှို့ပြီး နားရွက်ကြယ်သီးတပ်သော ခေတ်လူငယ်စရိုက်နှင့် အဆီပြန်နေသောမျက်နှာက ချွေးတွေ ရွှဲနစ်နေသော ဝဖိုင့်ဖိုင့် ခန္ဓာကိုယ်နှင့် တွဲစပ်ထားတာ အဆီအငေါ် တည့်ပါသည်။ ခေါင်းမှာ ဦးချိုနှစ်ချောင်း ထပ်ပြီး . . . ခက်ရင်းခွလို လုံ့ရှည်ကြီးတစ်ချောင်းသာ ကိုင်ထားလျှင် ငရဲပြည် လုံခြုံရေးဝန်ထမ်းသာလျှောက် ကွက်တိရသွားလောက်သည်။ သချ်ိုင်းနှင့် ကျောင်းပြီးထား၍ လုံခြုံရေး အင်ချပ်ရာထူးတောင် ရနိုင်သည်။

"ဟော့ကောင် . . . ထင်ရှား"

ထိုအခါမှပင် ငရဲသားမျက်နှာလိုလိုဖြစ်နေသော မြဘုန်းမျက်နှာက မြဘုန်း original မျက်နှာအတိုင်း ပြန်မြင်လာရသည်။

"ငါ မင်းဆီ လာတာ၊ မင်းဘယ်သွားမလို့လဲ!"

"ဆံပင်သွားညှပ်မလို့"





"ဘာ! . . ."

မြဘုန်း ကျွန်တော့်ကို နားမလည်နိုင်သလို မော့ကြည့်သည်။ ဆံပင်နှင့် ပတ်သက်လာလျှင် . . crazy ဖြစ်လွန်းသော ကျွန်တော်က ဆံပင်ညှပ်မည်ဆိုတာကိုး။

"မင်းမျက်နှာလည်း မကောင်းဘူး . . . နေမကောင်းလို့လား!"

"ကောင်းပါတယ် . . . စိတ်မကောင်းတာ၊ အမေ ငါ့ကို ဆံပင်ညှပ်ခိုင်းနေပြီကွ၊ ငါလည်း တတ်နိုင်သမျှ ရှောင်တာပဲကွာ၊ ပြဿနာက ဒီနေ့ ငါ့ဘကြီး လာမယ်၊ ဘကြီးက အမေ့ထက် ပိုဆိုးတယ်၊ 'ခရုကက်' ပုံနဲ့မှ မတွေ့ရင် နာပြီလို့တောင် ဖုန်းနဲ့ ကြိမ်းထားတာ"

"ခရုကက် . . . ဟုတ်လား . . . ဟိုတွမ်ခရုဆံပင်ပုံမျိုးလား!"

"ဘယ်ကလာကွာ . . . သူတို့ခေတ်တုန်းက ညှပ်တဲ့ ရှေ့တစ်လက်မ နောက်ပြောင်ပုံ . . ."

"ဟာ . . . ကုန်ပြီပေါ့ကွ . . ."

"အေး . . . ကုန်ပြီ၊ ဒီနေ့ ငါ့အမြတ်နိုးဆုံးတွေ ကျရှုံးရတော့ မယ့်နေ့မို့လို့ ညစ်ပြီးထွက်လာတာ"

"ဒါဆို မင်း ငါနဲ့ လိုက်မလား၊ မင်းဘကြီး လာတဲ့အချိန် မင်းနဲ့ အိမ်မှာ မဆုံရင် ပြီးပြီပေါ့ကွာ"

အင်း . . ဒါလည်း မဆိုးဘူးဟု ကျွန်တော်တွေးမိသည်။ ဘကြီးက ကြည့်မြင်တိုင် ထီးတန်းမှာနေသဖြင့် အိမ်ကိုလာလျှင် နာရီဝက် တစ်နာရီ အမေနှင့် ထိုင်စကားပြောကာ ပြန်လေ့ရှိသည်။

အမေ့ကိုတော့ ထုံးစံအတိုင်း ရင်ခွင်ထဲ ခေါင်းတိုးချွဲရုံပင်၊ အာဝဲဖြစ်ဖြစ် ကျွန်တော့်ဆံပင်တွေ ကျွန်တော့်ရဲ့ဦးရေဖျားထက် . . တစ်ရက်အသက်ပိုရှည်လည်း မနည်းလှဟု တွေးကာ။

"အေးကွာ . . . လိုက်မယ်၊ ဒါနဲ့ ဘယ်ကိုသွားမှာလဲ!"



www.burmeseclassic.com

www.burmeseclassic.com



“ဒီနေ့ ဝေဖြိုးနဲ့ သူ့တောင်မလေး ချိန်းထားတယ်ကွ၊ အဲဒါ ငါတို့က ဘော်ဒီဂါတ် လုပ်ပေးရမှာ၊ သူ့ကောင်မလေးကလည်း လာရင် အဖော်တွေနဲ့ လာမှာဆိုတော့. . . ငါတစ်ယောက်တည်းဆိုရင် ဝိုင်းဖွဲ့ခံရမှာ. . . ”

“ဟာ. . . မင်းကလည်း. . . ”

ကျွန်တော် နည်းနည်းတွန့်သွားပြီး ညည်းတွားမိခြင်းဖြစ်သည်။ ကျောင်းတုန်းက မိန်းကလေးသူငယ်ချင်းတွေနှင့် ရံဖန်ရံခါ အတူသွားလာဖူးသော်လည်း သင်တန်းကိစ္စ၊ ကျောင်းကိစ္စများဖြင့် ကြုံရာကြုံရာ သွားကြလာကြတာကလွဲပြီး အခြားမရှိ။

ခုကိစ္စက ကျွန်တော်မသိသော မိန်းကလေးများနှင့် တစ်တွဲလန်းလန်း၊ ထိုးထိုးထောင်ထောင်၊ မိုးတိုးမတ်တတ်တွေ သွားရမည့်ကိစ္စဖြစ်ကာ ကျွန်တော် ဗျာယာခတ်ပြီး ငြင်းခြင်းဖြစ်သည်။ ဒါကို မြဘုန်းက အားမလိုအားမရနှင့်. . .

“ငါတစ်ယောက်လုံးလုံး ပါပါတယ် ဂလန့်ရာ၊ မင်းကလည်း”

“မင်းပါတာတော့ ဟုတ်တယ်၊ ဒါပေမယ့်. . ကျီးကြည့် ကြောင်ကြည့်နဲ့ မသွားတတ်ဘူးကွာ. . . ”

“ဟေ့. . . မောင်ထင်ရှား. . . ”

“ဗျာ. . . ”

ဆိုင်ထဲက ဆံပင်ညှပ်ဆရာ ဦးလေးကွန့် လှမ်းခေါ်သံကြောင့် ကျွန်တော် ကျောချမ်းသွားပြီး လှည့်ကြည့်သည်။

“မင်းအမေ ဝင်မှာသွားတယ်ကွ၊ ငါလည်း ဈေးဦးပေါက်ချင်တာနဲ့ အတော်ပဲ၊ လာလေကွာ. . . ”

“ဟုတ်. . . ဟုတ်ကဲ့၊ ဒီမှာ သူငယ်ချင်း ရောက်နေလို့၊ ခဏလေးနော် ဦးလေး. . . ”





“အေး. . . အေး”

ထို့နောက် မြဘုန်းကို မျက်စိမှိတ်ပြကာ ဆိုင်ရှေ့မှ ခပ်သွက်သွက် လျှောက်ကြသည်။ မြဘုန်းက. . .

“ကဲ. . . မင်းစဉ်းစားနေရင် မင်းဆံပင်တွေ ကုန်မှာပဲ၊ လာ. . တစ်ခါတည်း လိုက်ခဲ့”

ကျွန်တော် ငြင်းဆန်ချင်သော်လည်း လေတစ်ချက်အဝှေ့ မွှမွှတလေး ယိမ်းအိသွားသော ဆံပင်တွေကို နှမြောတသစွာဖြင့်. . . ဆုတ်ကန်လေးဖင့်စွာ လိုက်လာခဲ့ရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# ခွေးသခင်

မနက်ခင်း လင်းပါပြီဆိုကတည်းက မီးတောက်ကဗျာ ရွတ်ပြီး ထွက်လာသော သူရိန်နေမင်းကို လူတိုင်းလိုလို ပြစ်တင်ရှုတ်ချကာ အတင်းတုတ်ကြသည်။ မြဘုန်းလည်း ကျွန်တော်နှင့်အတူ လျှောက်နေချင်းက ခြေလှမ်းသုံးလေးလှမ်းစာမျှပင် မလိုတော့သော ကားမှတ်တိုင်နားနေဆောင်အောက်သို့ ပြေးဝင်ကာ ငြီးတွားသည်။

"ဟူး. . . ဒီနှစ်နွေ အတော်ပူတာပဲကွ. . . ကုလားကြီး ဝင်မွေ့ပြီးမှ ပိုတောင် ပူလာသလိုပဲ"

"ဘယ်ကုလားက ဝင်မွေ့သွားလို့လဲ!"

www.burmeseclassic.com

www.burmeseclassic.com



"နာဂစ်လေကွာ. . . ရှိသမျှအပင်တွေ အကုန်လုံး သူ သမ သွားတာ၊ ငါနှမြောဆုံးက ငါတို့အိမ်ရှေ့က ပိတောက်ပင်ကြီးပဲ၊ တစ်လမ်းလုံးမှာ တစ်ပင်တည်းရှိတဲ့ ရွှေပိတောက်ကွ. . ."

"ပိတောက်ရယ်မှ မဟုတ်ပါဘူး မြဘုန်းရာ. . . အရိပ်ပင်တွေ အားလုံး နှမြောစရာပါ. . ."

"မဟုတ်ဘူး. . . ပိတောက်ပင်ကြီးက ငါ့အတွက် အလုပ်ဖယားရှိတယ်. . . မေသူကျော်လေကွာ. . . ငါပြောပြောနေတဲ့ ငါ့ရဲ့ ဝကစ်လေးက ပိတောက်ပန်းကို အရမ်းကြိုက်တာ၊ တစ်နှစ်ပတ်လုံးမှာ ငါ သူနဲ့ စကားပြောခွင့်ရှိတာ ပိတောက်ပွင့်တဲ့လ တစ်လပဲ ရှိတယ်"

"ဟေ. . . ဘယ်လိုကြောင့်လဲ!"

"ငါက. . . သူ့ကို ကြိုက်တယ်၊ သူက. . . ငါ့ကို မကြိုက်ဘူး၊ ဒါပေမယ့် ပိတောက်ပွင့်ရင် ပန်းလိုချင်တော့ ငါ့ကို လာခူးခိုင်းတယ်၊ အဲဒီအချိန်မှာ ငါဘာပြောပြော. . . ပိတောက်ပန်းတွေ သူ့လက်ထဲ မရောက်ခင်အချိန်ထိ ငြိမ်ပြီးတော့ကို နားထောင်တာ. . . ငါလည်း တစ်နှစ်စာကွဆိုပြီး အသားကုန်လွှတ်တာ၊ ခု. . . ပိတောက်ပင်ကြီး မရှိတော့ဘူးလေ. . ."

"ဩော်. . . ဒါကြောင့် နှမြောတာကိုး. . ."

"ဒါပေမယ့် ငါ့အမေကတော့ ပိတောက်ပင် မရှိတော့ကတည်းက ဝမ်းသာနေတာ. . ."

"ဟင်. . . ဘာဖြစ်လို့တုန်း!"

"ဒီလိုကွ. . . ငါက သစ်ပင်မတက်တတ်ဘူး၊ လူကလည်းဝ၊ လက်ကလည်း မမြဲတော့ အပင်ပေါ် တက်တိုင်း ကျပြီး ကျိုးတာပဲ၊ နှစ်တိုင်း ကျိုးတယ်. . ."

"လွန်သကွာ. . ."





"ဟကောင်ရဲ့. . . ခြေတွေလက်တွေကွ၊ ငါကလည်း ချစ်နေတော့ ကျိုးချင်သလိုကျိုးတက်တာပဲ. . . ဒီနှစ် လက်ကျိုးရင် နောက်နှစ် ခြေကျိုးတယ်၊ နောက် လက်ကျိုးတယ်၊ နောက်နှစ်နောက်နှစ်တွေ တစ်ခုမဟုတ်တစ်ခု ကျိုးတော့တာပဲ၊ အမေကလည်း နှစ်တိုင်း ငါ့ကို ဆေးကုရတာဆိုတော့ စိတ်ညစ်တာပေါ့. . . ငါ့ရဲ့ဝကစ်လေးကလည်း သွန်လွန်းတယ်ကွာ၊ ငါဒီလောက် အကျိုးဆောင်ပြီး ချစ်တာတောင် ဖြစ်မလာဘူး၊ ဒါပေမယ့် တစ်နေ့က ငါ့ကို စကားလာပြောတယ်ကွ"

"ဟုတ်လား. . . ဘာတဲ့လဲ!. . ."

"ကျွန်မက ဝတဲ့သူဆိုတော့ ကိုယ့်ရဲ့ကြင်ဖက်က တောင့်တင်း သန်မာတဲ့သူပဲ ဖြစ်သင့်တယ်လေတဲ့၊ ဒါမှ အရေးနဲ့အကြောင်း ပေါ်ရင် နာရေးဖျားရေးဖြစ်ရင် အဆင်ပြေမယ်တဲ့၊ ရှင်က. . . တစ်ကိုယ်လုံး အပိုင်းပိုင်း ကျိုးနေတဲ့လူမို့လို့ စိဘ်လျှော့လိုက်ပါတော့. . . တဲ့ကွာ. ."

မြဘုန်းစကားကြောင့် ကျွန်တော် တခိခိ ရယ်နေတုန်း. . . သမ်းတစ်ဖက်မှ ကားမှတ်တိုင်ဆီ ဖြတ်ကူးလာသော ကောင်မလေးကို အတိထားကြည့်မိသွားမါသည်။

အပြာရောင် ထီးကလေးနှင့် အပြာရောင် ဝမ်းဆက်တစ်စုံ ဖွဲ့ဖက်ထားမှုက တောက်ပသော မနက်ခင်း နေရောင်အောက်မှာ. . . သူ့ချင်တိုင်း လှနေသည်။ လမ်းအလယ်ခေါင် အဖြူမျဉ်းပေါ်မှာ ရပ်သူ့တ် ကျွန်တော်တို့ဘက် ကူးလာဖို့ ယဉ်ကြောရှင်းအောင် စောင့်နေခိုက် သူမနောက်မှ ခွေးလေးတစ်ကောင် ပြေးလာပြီး သူမ ခြေထောက်နား ဝင်ကပ်ကာ. . . ပွတ်သီးပွတ်သပ် လုပ်တော့သည်။

"ဟဲ့. . . ဟဲ့. . . အို. . . ဒုက္ခပဲ. . . ဟဲ့"

ခွေးက. . . ရှယ်ဝဲတွေ ရှယ်စားနေသော ခွေးဝဲစား။

မြဘုန်းလည်း မြင်သွား၍ လှမ်းကြည့်ပြီး. . တခိခိ ရယ်လေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ခွေးလေးက အမြီးလေး နှံ့ကာနှံ့ကာနှင့် သူမ ခြေအစုံနားမှာ ပတ်ချာလည်ပြီး မြူဆော့ရှာသည်။ တစ်ချက်တစ်ချက် သူမ၏ထမီ အနားစကိုပါ ကိုက်ကိုက်ဆွဲနေတော့သဖြင့် ထီးတစ်ဖက် လက်ကိုင်အိတ်တစ်ဖက် ကိုင်ထားသည့်ကြားက ထမီကျွတ်ကျမသွားအောင် ထိန်းရင်း ပါးစပ်ကလည်း အော်ဟစ်မောင်းမဲနေပါသည်။ ဒါကို. . . မကူညီဘဲ အော်ကြီးဟစ်ကျယ် ရယ်ဖို့ စဉ်းစားနေသော မြဘုန်းအား ကျွန်တော် လက်ကုတ်၍ ထိန်းထားရသည်။

"မလုပ်ပါနဲ့ မြဘုန်းရာ၊ မိန်းကလေးကွ. . . လှောင်နေမယ့် အစား သွားကူညီသင့်တယ်"

"ဟာ. . . တော်ကြာ လာကြောင်တယ်လို့ ထင်နေဦးမယ် နေပစေ"

မြဘုန်းက နေပစေဟု ပြောသော်လည်း ကျွန်တော်မနေနိုင်တော့ပါ. . .။

ခွေးပေါက်ကလေးက အကောင်သေးပေမယ့် အကြီးအကျယ် ဒုက္ခပေးတော့မည့် အခြေအနေဖြစ်နေသည်။ ကောင်မလေး မောင်းမဲနေသည့်ကြားက ကိုက်ဆွဲထားသော ထမီစကို လုံးဝမလွှတ်ဘဲ ခြေကန်ဆွဲထားသည်။

"ငါသွားလိုက်မယ် မြဘုန်း. . . ဒီအတိုင်းဆို ကွင်းလုံးပုံတော့မယ်. . ."

"ကဲ. . . သွားသွား. . . မင်းက ဟိုလူ့ရှင်တော် ပြောသလိုပဲ ရာဇဝတ်သင့်မယ့် သူရဲကောင်း ဖြစ်တော့မယ်. . ."

သို့သော်. . . ကျွန်တော့်ခြေလှမ်းများ ပလက်ဖောင်း အောက်သို့ပင် မရောက်ပါချေ။ ကောင်မလေးက ထီးပိတ်ပြီး ထီးရိုးနှင့် နှစ်ချက်သုံးချက် ဆင့်ရိုက်ပစ်၍ ခွေးပေါက်လေး တကိန်ကိန် အော်ကာ လွတ်





သည်။ သူမလည်း ခပ်သွက်သွက် ဖြတ်ကူးကာ. . . ကျွန်တော်တို့ ရှိရာ နားနေဆောင်အောက်သို့ ရောက်တော့သည်။

အခြေအနေအားလုံးကို ကျွန်တော်တို့ မြင်တွေ့နေတာ သူမ သိထားပုံရသဖြင့် ရှက်ရွံ့နီမြန်းသော မျက်နှာဝိုင်းလေးအား သုန်မှုန်ဟုတ် ငုံ့ကာ ချထားသည်။ ဒီနေရာမှာ ကျွန်တော်နည်းနည်းလွန်ပါသည်။ သူမ. . . ရှက်နေတာကိုပင် အားမနာဘဲ စူးစူးစိုက်စိုက် ကြည့်မိသည်။ ကြည့်လေ ချောလေ ချစ်စရာကောင်းလေမို့ ကျွန်တော် သတိလက်လွတ် ဖြစ်မိလေသလား မဆိုနိုင်။ (အမှန်တော့ ဆိုနိုင်ပါသည်) မြဘုန်းက ကျွန်တော့်နား ကပ်လာပြီး. . .

"ခွေးလေးက ချစ်စရာလေးနော်. . ."

ထိုအခါမှပင် ကျွန်တော် တုန်ခနဲဖြစ်ပြီး သတိဝင်ကာ သူမရှေ့သာ အားနာရကောင်းမှန်း သိတော့သည်။ မြဘုန်း စကားကြောင့် သူမလည်း ကျွန်တော်တို့ဘက် ဖျတ်ခနဲ လှည့်ကြည့်ပါသည်။ ရိုးရိုးအကြည့်တော့ မဟုတ်၊ မကျေနပ်မှု၊ ရှက်ရွံ့သိမ်ငယ်မှုတွေ ရောထွေး ပါဝင်နေသော မျက်စောင်းမျိုးဖြင့် စွေခနဲ လှမ်းကြည့်လိုက်သော အကြည့်မျိုးဖြစ်သည်။ ထို့ကြောင့်. . . သူမဘက်က တာပေးသည့်သဘောနှင့်. . .

"ချစ်ရင် မင်းအိမ်ခေါ်သွားပြီး မွေးပါလားကွ"

"ဪ. . . ချစ်စရာလေးပါဆိုနေ. . ."

"တော်စမ်းပါ မြဘုန်းရာ၊ ဘယ်က ကလေကဝ ချေးစားခွေးမှန်း မသိဘဲနဲ့. . ."

"ဒါပေမယ့် ဝဝလုံးလုံးလေးကွ. . ."

"အေးနော်. . . သေချာကြည့်မှ မင်းနဲ့တောင် ခပ်ဆင်ဆင် [illegible]"

ကျွန်တော်လှမ်းကြည့်တော့ သူမမျက်နှာပေါ်မှာ ပြုံးသိတလေး



www.burmeseclassic.com

www.burmeseclassic.com



လှစ်ခနဲ ဖြတ်ပြေးသွားပါသည်။ မြဘုန်းလည်း ပါးစပ်ပိတ်သွားသည်။

ထိုအချိန်ကလေးအတွင်းမှာပင် အပြာရောင် အမိပတိ အဲကွန်း ဘတ်(စ်)တစ်စီး ရပ်လာ၍ ကျွန်တော်တို့နှစ်ယောက်ရော သူမပါ တက်လိုက်ကြသည်။

"ဟာ!. . ဟဲ့!. . ဟဲ့!. . ဟိုခွေး. . . ဟော့!. . ဟော့!. ."

ကားစပယ်ယာ၏အလန့်တကြားအော်သံကြောင့် ကျွန်တော်လှည့်အကြည့် ကျွန်တော့်နောက်က သုတ်ခနဲ ပြေးတက်လာသော ခွေးလေးက ကျွန်တော်တို့ရှေ့မှ တက်နှင့်သော သူမထံသို့ ပြေးလေသည်။ အ. .က ခုံနေရာလွတ်တစ်ခုမှာ ဝင်အထိုင် ခွေးလေးကလည်း သူမ ခြေအစုံကြားထဲ ခေါင်းတိုးဝင်ကာ ထိုင်သည်။

"အား. . . ဒုက္ခပါပဲ. . . ဒီခွေးနဲ့၊ ဟဲ့. . . ခွေး. . သွား"

သူမခမျာ ကြောက်တာလား၊ ရွံတာလား၊ ရှက်တာလား ဘာလားဆိုတာတော့ မသိနိုင်၊ လောလောဆယ် ခြေအစုံကို မ,မြှောက်ကာ ရှုံ့မဲ့နေရှာသည်။ ထိုအခိုက် ကားစပါယ်ရာ အပြေးရောက်လာပြီး

"ဒါ. . . အစ်မခွေးလား!"

"အို. . . မဟုတ်ဘူး၊ ဘယ်က ဟာမှန်းလဲ မသိဘူး"

"ကဲ. . . မဟုတ်ရင်"

"ဝုတ်. . . ဂဲ. . ."

"ဟာ. . . ကိုက်တယ်ဟ၊ တယ်. . ဒီကောင်. . ကဲကွာ"

"ဂိန်. . . အိုင်. . . အိုင်. . ."

"ဟဲ့ဟဲ့ လုပ်ကြပါဦး၊ ငါ့အောက်မှာ. . . ငါ့အောက်မှာ"

"ရိုက်. . . ရိုက်ထုတ်. . ."

"ဂိန်. . . အိုင်. . . အိုင်. . . ဝုတ်. . . ဝုတ်"

"ဟိုကြားထဲ ဝင်သွားပြီ. . ."





အခြေအနေကတော့ အတော့်ကိုရှုတ်ထွေးသွားသည်။ ပုံသေနှစ်ရာကားပေါ်မှာ L.C.D ကြည့်ပြီး ဇိမ်ကျကျ လိုက်ပါလာသော ခရီးသည်တွေ ခွေးဝဲစားတစ်ကောင်ကြောင့် ဝရုန်းသုန်းကား ဖြစ်ကုန်သည်။ ဖွင့်ထားသော သီချင်းထဲ စိုင်းစိုင်းတို့အုပ်စုက အိုးကလေး လှုပ်ခိုင်းသည်။ ခွေးကလေးကလည်း အမြီးကလေး လှုပ်ကာ ပြေးကာနှင့်. . တကိန်ကိန် တကိုင်ကိုင် အော်ရှာသည်။ စပါယ်ယာ နှစ်ယောက်က ခွေးပေါက်ကလေးအား လိုက်ရိုက် လိုက်ဆွဲနှင့် ပွဲက အတော်ဆူသွားသည်။

"မထူးဘူးကွာ. . . ကြမ်းတုံးနဲ့ အသေသာ ထုသတ်. . ."

ရှုပ်ထွေးနေသော အခြေအနေကြားထဲ ကျွန်တော်လည်း ဘာမှမပြောတတ် မလုပ်တတ်၍ ရပ်ကြည့်နေရာက "ထုသတ်" ဆိုသော စကားသံ ကြားမှ ရင်ထဲ မကောင်းသလို ဖြစ်လာပြီး. . .

"သတ်တော့ မသတ်ပါနဲ့ဗျာ. . ."

"မသတ်ရင် ဘယ်လိုလုပ်မလဲဗျ!. . . ဟိုချောင်ထဲက ဘယ်လိုမှ မထွက်ဘူး. . ."

"ဒီအတိုင်းပဲ ဆွဲထုတ်လိုက်ပါဗျာ. . ."

"ကဲ. . . ဒါဆို ခင်ဗျားလာဆွဲ. . . ဒီမှာ ကျုပ်လက်ကို ကိုက်သွားပြီ. . . မြင်လား!. . ."

"ထားလိုက်ပါ ထင်ရှားရာ. . . သူတို့ကိစ္စ သူတို့ဘာသာ ရှင်းပါစေ"

"ဆန်စေ့လောက်ရှိတဲ့ သွားလေးနဲ့ အကိုက်ခံရတာတောင်. . ဒီလောက်နာတတ်နေရင် ကြမ်းတုံးနဲ့ အထုခံရတဲ့အခါ ဘယ်လောက်နာမလဲလို့. . . တစ်ချက်လောက် စဉ်းစားကြည့်ရှုပါပဲကွာ"

ကျွန်တော် မြဘုန်းကို လှမ်းပြောရင်း အကျီ်ချွတ်ကာ လက်မှာ



www.burmeseclassic.com

www.burmeseclassic.com



လုံး၍ပတ်လိုက်သည်။ ထို့နောက်. . ချောင်ထဲ ကပ်ကာ ကြောက်ကန် တန်၍ ကိုက်နေသော ခွေးလေးအား အဝတ်လုံးထားသောလက်နှင့် လှမ်းဖိ၍ အသာဆွဲထုတ်ယူလိုက်သည်။

“ငါမလိုက်တော့ဘူး မြဘုန်း”

ပြောပြီး ခွေးလေး ပိုက်ကာ ကားပေါ်မှ ဆင်းလာခဲ့ပါသည်။ ကျွန်တော် အောက်ရောက်သည်နှင့် ကားတံခါးကို ခပ်ကြမ်းကြမ်း ဆွဲပိတ်ပြီး ဘီးလိမ့်ထွက်သွားတော့သည်။ ကျွန်တော်ပြုံးပါသည်။

အပူရောင်ငွေ့ငွေ့နှင့် တိတ်ဆိတ်စွာ ကျန်ရစ်ခဲ့သော ကားမှတ်တိုင် နားနေဆောင်ထဲ ဝင်ရပ်ကာ ပိုက်ထားသောခွေးလေးကို ငုံ့ကြည့်မိသည်။ ကြောက်စိတ်နှင့် တစ်ကိုယ်လုံး တုန်ခါနေသော ခွေးလေးက မျက်လုံးရွှဲကြီးတွေနှင့် ကျွန်တော့်ကို မော်ကြည့်ပြီး. . . အကျီနှင့် လုံးပတ်ထားသော ကျွန်တော့်လက်အား လျှာလေးဖြင့် လျက်လေသည်။ ကျွန်တော်နားလည်သွားပါသည်။ ကားပေါ်မှာတုန်းက ဒီလက်တို သူကိုက်ခဲ့သည်ကိုး။ သူ့ကို ထွေးပွေ့ထားသည့်လက်က သူ့အား အန္တရာယ်မပြုဘဲ နွေးထွေးကြင်နာစေမှန်း နားလည်ကာ နောင်တရနေခြင်း ဖြစ်ဟန်တူပါသည်။

ဒီခွေးလေးကို ကျွန်တော်သနားသွားသည်။ စောစောက. . ကောင်မလေးနှင့် သည်ခွေးလေး ဘယ်လိုပတ်သက်မှု ရှိသည်ဆိုတာကိုတော့ ကျွန်တော်မသိပါ။ ကောင်မလေးက သူ့ခွေးမဟုတ်ကြောင်း အသည်းအသန် ငြင်းဆန်ကာ သွားသည်။ ခွေးလေးကတော့ ကောင်မလေးအား အသက်နှင့် ရင်းကာ တွယ်တာမှုကို ပြခဲ့သည်။

ကျွန်တော်သိသလောက်. . ခွေးတို့မည်သည် သခင်အပေါ် သစ္စာရှိကြသည်။ သခင်နှင့် ပတ်သက်ပြီး စွဲလန်းတွယ်တာမှုက ဘယ်တိရစ္ဆာန်နှင့်မှ မတူအောင် ထူးခြားသော မှတ်ဉာဏ်မျိုး ရှိတတ်သည်။





ယခုလည်း ကျွန်တော်မြင်ရသလောက် ခွေးလေးက ကောင်မလေးကို ကိုယ့်သခင်လို ပြုမူခဲ့ခြင်းသာ။ တကယ်လို့များ ဒီနေရာမှာ တောဒီခွေးဝဲစားလေး မဟုတ်ဘဲ တယ်လီယာလို အမွေးစုတ်ဖွားနှင့် ချစ်စရာကောင်းသော ခွေးလေးသာဆို သူမ ဘယ်လို တုန့်ပြန်မလဲ၊ ခရီးသည်တွေရော ဝရုန်းသုန်းကား နိုင်ဦးမလား၊ ဟိုစပါယ်ယာတွေကရော ကြမ်းတုံးနဲ့ ထုဦးမလား။ ခွေးသူခိုး ဖြစ်ချင်ဖြစ်ပစေ ခေါ်မွေးမလားဆိုတာ. . . စဉ်းစားရပေမည်။

ကျွန်တော်တွေးကြည့်လေ ပြုံးချင်လာလေ ဖြစ်လာပါသည်။ ခွေးနှင့်တူသော ခွေးကလေးအား ကရုဏာသက်စွာ ငုံ့ကြည့်ရင်း ‘လူနှင့်တူသောလူ’တွေ ပါသွားသည့်ကားကိုလည်း လှမ်းကြည့်မိသွားသည်။

ထို့နောက် ခွေးလေးအား အောက်ချပေးလိုက်သည်။ ကျွန်တော်လည်း ဦးလေးကွန့် ဆံသဆိုင်ကို ပြန်သွားရုံမှတစ်ပါး အခြားမရှိတော့ပြီ။ ဒါပေမယ့် အခြားတစ်ခု ရှိလာပါသည်။ ကျွန်တော် ကားလမ်းတစ်ဖက်ကို ပြန်ကူးပြီး ရပ်ကွက်လမ်းထဲ ဝင်လာသည်အထိ ခွေးဝဲစားလေး ကျွန်တော့်နောက်က လိုက်လာလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# ဆံသဆရာ

အမျိုးစပ်လျှင်တော့ ဦးလေးကွန့်က ကျွန်တော့်အမေနှင့် ဆောင်းနေဖက် တစ်ရွာတည်းသားဖြစ်ပြီး ရပ်ဆွေရပ်မျိုး တော်ပါသည်။ အမေပြောပြ၍သိရသည်မှာ ကျွန်တော့်ကို မွေးပြီး မီးထွက်သည့်ရက်မှာပင် ဦးလေးကွန့် အိမ်ကို ရောက်လာကာ အိမ်မှာပဲ တည်းခိုသည်။ သာရင်းကိစ္စတ ပါလာသောငွေကြေးလေးနှင့် ဆိုင်ခန်းတစ်နေရာ ငှား၍ သူတတ်ကျွမ်းသော ဆံပင်ညှပ်ပညာနှင့် လုပ်ကိုင်စားသောက်ရန် ဖြစ်သည်။

ဦးလေးကွန့်တို့က ဘိုးဘေးစဉ်ဆက် ဆံပင်ညှပ်ဆရာမျိုးရိုး ဖြစ်တာ အတွင်းသိ အစင်းသိ ငယ်သူငယ်ချင်းလည်းဖြစ်၍ အမေတို့ သူငယ်ချင်း အဆင်ပြေအောင် အဖေ့ကို အပူကပ်ပေးသည်။ အဖေ



www.burmeseclassic.com

www.burmeseclassic.com



ကလည်း ဦးလေးကွန့် ပါလာသောငွေနှင့် အဆင်ပြေနိုင်သည့် ဆိုင်ခန်းနေရာ ရှာပေးကာ ကူညီသည်။ သို့နှင့် ဦးလေးကွန့် ရပ်ကွက်ထဲမှာ ဆံပင်ညှပ်ဆိုင် ဖွင့်ဖြစ်သွားပါသည်။

ဆိုင်ဖွင့်သည့်နေ့မှာပင် ဆိုင်ဖွင့်ပွဲအဖြစ် ဦးလေးကွန့်က ကျွန်တော့်ကို ခေါင်းတုံးပေးပါသည်။ ထိုအချိန်မှစပြီး ကျွန်တော့်ဆံပင်အား ဦးလေးကွန့် သုတ်သင်သမျှ ခံလာခဲ့ရသည်ဖြစ်၍ ဆံပင်နှင့် ပတ်သက်လာလျှင် ဦးလေးကွန့်မှာ ကျွန်တော့်ကို ငယ်နိုင်လို သဘောထားကာ တွယ်တော့သည်။

တိတိကျကျ ဝန်ခံရလျှင် ကိုးတန်းကျောင်းသားဘဝအထိ. . ဦးလေးကွန့်၏လက်အောက်မှာ ကျွန်တော် ငုံ့ခံခဲ့ရပါသည်။ ကိုလိုနီ ကတ်ကြေးအောက် ပြားပြားမှောက်ခဲ့ရသော ကျွန်တော့်ဆံပင်များမှာ သနားစရာကောင်းလှသည်။

ထို့ကြောင့် ဆယ်တန်းကျောင်းသားဖြစ်သည်နှင့် ဆံပင် လွတ်လပ်ရေးတိုက်ပွဲ စတင်နွှဲတော့သည်။ ဒီနေရာမှာ ဦးလေးကွန့်အား. . 'ကိုလိုနီကတ်ကြေး' ဟု သုံးစွဲရသည့်ကိစ္စ အနည်းငယ် ရှင်းပြဖို့ လိုမည်ထင်ပါသည်။

ကျွန်တော်ကျောင်းသွားလျှင် ဦးလေးကွန့်ဆိုင်ရှေ့မှ ဖြတ်လျှောက်ကာ သွားရသည်။ ရပ်ကွက်၏ ဗဟိုလမ်းမကျယ်ကြီး ဖြစ်ကာ ကျွန်တော်တို့ အိမ်ရှေ့လမ်းလည်းဖြစ်၍ ထိုလမ်းအတိုင်းပင် ကျောင်းသွားကျောင်းပြန် လျှောက်ခဲ့သည်။

ဦးလေးကွန့်ကလည်း ကျွန်တော့်ကို အမြဲတမ်း သတိထားကာ ကြည့်သည်။ ဆံပင်လေး ရှိုးတိုးယှဲ့တဲ့ ရှည်လာတာ မြင်သည်နှင့် ခေါ်ကာ ညှပ်တော့သည်။ (ယခုခေတ်တော့ တရုတ်နိုင်ငံလုပ် လျှပ်စစ်ဓါတ်အားသုံး ကတ်ကြေးကိုသာ အသုံးများကြသည်။ ချွင်းချက်အနေဖြင့်





မီးပျက်သည့်အခါ ယခင်စက်ကတ်ကြေးကို သုံးပါသည်) ဦးလေးကွန့်က အညာသားပီပီ ဝင်ငွေထက် ထွက်ငွေကို ပို၍ ဂရုစိုက် သုံးတတ်သည်။

ထိုစဉ်အခါက ဆံပင်ညှပ်ဆိုင်သုံး ကတ်ကြေး၊ သင်တုံးဓါး သွေးသောသူမှာလည်း ဆရာတစ်ဆူပင်ဖြစ်သည်။ အထူးသဖြင့် ကတ်ကြေး၏အသွားများကို သွေးရသည်မှာ ပညာပါလှသည်။ မသွေးတတ်လျှင် ပျက်စီးပြီး အသွားတုံးကာ ဆံပင်ကို မဖြတ်တော့ဘဲ ညှပ်ကာနုတ်သလိုသလို ဖြစ်တတ်သည်။ ဦးလေးကွန့်ကား အသွေးဆရာကို ငွေပေးရမှာ နှမြောသဖြင့် ကိုယ်တိုင်သွေးကြည့်သည်။ ကတ်ကြေးတစ်လက်ပျက်စီးလုနီးပါး ဖြစ်သွား၍ နောက်ထပ် အသစ်ဝယ်သော ကတ်ကြေးကိုမူ မသွေးတော့ချေ။ အသုံးများကာ အသွားတုံးလာသည်နှင့် ဆံပင်ကို ဆွဲနုတ်လေတော့သည်။

ညှပ်တာနည်းနည်း နုတ်တာများများ ဖြစ်သွားသောကြောင့် ဦးလေးကွန့် ကတ်ကြေးကို ကြောက်ကာ ပြေးကြသည်။ တခြားကတ်ထိုးလောက်ဝေးဝေး ပြေးကာညှပ်ကြသည်။ ကျွန်တော်ကတော့ အဖေ့ရဲ့ ကိုလေးကွန့်ကြီး ဖြစ်နေ၍ မလွန်ဆန်ဝံ့ကာ အနုတ်ခံနေရလေသည်။ ကြာလာတော့. . .

ကျွန်တော့်ခေါင်းပေါ်မှာ တချွပ်ချွပ် မြည်နေသော စက်ကတ်ကြေးသံက ညဉ့်နက်သန်းခေါင်ယံ ဆွဲဆွဲငင်ငင် အူလိုက်သော ခွေးအူသံကို ကြားရသလို ချောက်ချားစရာကောင်းလာသည်။ စက်ကတ်ကြေးကို ဆွဲမ,လိုက်တိုင်း ဦးရေပြားအောက် မွေးညှင်းအိတ်ဆီမှ အမြစ်တွတ်ပါသွားရရှာသော ဆံပင်တို့၏ ငိုညည်းသံ တဖြုတ်ဖြုတ်ကား ဦးနှောက်အာရုံကြောမျှင်ကလေးများမှတစ်ဆင့် နှလုံးသားအထိ နစ်ဝင်ကာ ကြားရသည်။

တိုယ့်အတ္တနှင့်ကိုယ် ဖောက်သည်များစွာ ဆုံးရှုံးပြီး အားနာမှု



www.burmeseclassic.com

www.burmeseclassic.com



ခင်မင်မှု၊ ပျော့ညံ့မှု၊ အကြွေးညှပ်ခွင့်ရမှုနှင့် အနှုတ်ခံနေရသော. . ကျွန်တော့်ဦးခေါင်း အပါအဝင် ရပ်ကွက်ထဲက ဦးခေါင်းတစ်ချို့ကို လုံးဝသိမ်းပိုက်ကာ မညှာမတာ ဆွဲနှုတ်နေသော ဦးလေးကွန့် ကတ်ကြေးအား ကိုလိုနီကတ်ကြေးဟု ပြောရပေတော့မည်။

အထက်က ဆိုထားသည့်အတိုင်း ကိုးတန်းကျောင်းသားအထိ ငုံ့ခံခဲ့ရပြီး ဆယ်တန်းနှစ် ကျောင်းစတက်သည်နှင့် ဆံပင်လွတ်လပ်ရေး တိုက်ပွဲစပါသည်။ ဒီလိုဖြစ်လာအောင်လည်း အကြောင်းတစ်ခုက ရှိနေသည်။ တစ်ခြားမဟုတ်၊ ကျွန်တော့်ဆံပင်ကို ကျွန်တော်ကိုယ်တိုင် သတိထားမိသွားအောင် အတန်းထဲက ချိုရီတို့အုပ်စု စပေးလိုက်ခြင်းဖြစ်သည်။

"ဟဲ့. . . ထင်ရှား၊ နင့်ဆံပင်က ဖြောင့်ထားတာလား!"

"အာ. . . မဟုတ်ပါဘူး"

"စင်းနေတာပဲနော်"

"အေးဟယ်. . . လိုချင်လိုက်တာ"

"ဟဲ့. . . နင့်ခေါင်းလိမ်းဆီက ဘာနာမည်သုံးတာလဲဟင်"

"ခက်တာပဲ. ."

"ငါတို့က တကယ်ပြောတာပါ၊ တကယ်သဘောကျတာ. . . သိလား"

"ငါ ကိုင်ကြည့်ချင်တယ်ဟယ်"

"ဟာ. . , နင်တို့ကလည်း"

ကိုယ့်ကိုယ်ကို ဆယ်တန်းကျောင်းသားဆိုတဲ့. . ဘဝင်စိတ်တလေးကလည်း ခပ်ကြွကြွ၊ အရွယ်နှင့် ခံစားမှုလေးလည်း ဖူးပွင့်စဖြစ်လာတဲ့အချိန်၊ အဲဒါကြောင့်ပါပဲဟု ကျွန်တော်ထင်မြင်မိသည်မှာ အဲ့ဒီကာလကို အချိန်အတော်ကြာကြာ လွန်မြောက်ပြီးကာမှ ဆက်စပ်





တွေးကြည့်ရင်း သိလာသော ထင်မြင်ချက်ဖြစ်ပါသည်။ ထိုစဉ်အခါက တွေးကြည့်ဖို့ နေနေသာသာ ချိုရီတို့အုပ်စုရှေ့မှာ ရှက်စိတ်မွှန်ပြီး ခဲတံချွန်စက်ကို ယောင်ရမ်းဝါးစားမိသည်အထိ ဖြစ်ခဲ့ရသည်။

သည်နောက်ပိုင်းတွင် ချိုရီတို့ ဖွပေးသဖြင့် တစ်ခြားအတန်းက မိန်းကလေးတွေပါ ကျွန်တော့်ဆံပင်ကို သတိထားကြည့် ကြည့်လာကြသည်အထိ နာမည်နှင့် လိုက်ဖက်စွာ ကျွန်တော့်ဆံပင်တွေ ထင်ထင်ရှားရှား ဖြစ်ခဲ့ရလေသည်။

ထိုအချိန်မှစ၍ ကျွန်တော့်ဦးခေါင်းမှ ဆံတစ်မျှင် ကျွတ်ခြင်းကိစ္စကိုတောင် နှမြောတတ်လာခဲ့ပါသည်။ အချိန်ကလေး ရတိုင်း၊ သတိရတိုင်း မှန်တစ်ချပ်နှင့် ဆံပင်တွေကို မြတ်မြတ်နိုးနိုး ကြည့်ပြီး နည်းနည်းရှည်လျှင် ရှည်သလောက် သတိထားမိသည်နှင့်အမျှ ဆံပင်ညှပ်ဖို့ကိစ္စနှင့်တန်တတ်လာလေတော့၏။

"လာဟေ့ မောင်ထင်ရှား၊ မင်းကွာ. . . ခဏဆိုပြီး သွားလိုက်တာ"

ဦးလေးကွန့် စကားသံ ကြားမှ ကျွန်တော်လည်း အတွေးဖြတ်ကာ ဆိုင်ထဲ ဝင်လာခဲ့ပါသည်။ ဦးလေးကွန့်က ဆံပင်ခံသော ပိတ်ပိုင်းစကို ခါရင်း. . .

"ဟိုခွေး. . တောက်!. . ဟဲ့ခွေး. . ဟာ!. ."

ကျွန်တော်ထိုင်ခုံမှာ ဝင်ထိုင်လိုက်သည်အထိ ကျွန်တော့်ဆံပင်ကို ညှပ်ပေးဖို့ အစီအစဉ် မလုပ်နိုင်သေးဘဲ ဗီတ်စကို ပခုံးပေါ် တင်ကာ ဆိုင်မှာ ချိတ်ထားသော ကြက်မွေးတံမြက်စည်းကို လှမ်းဖြုတ်သည်။ ထိုအချိန်အထိ ဦးလေးကွန့် ခွေးမောင်းသည့်ကိစ္စကို ကျွန်တော်စိတ်ဝင်စားသေးပါ၊ မကြာခင် အပိုင်းလိုက် အတစ်လိုက် ဖြုတ်ချလာတော့မည့် ဆံပင်တွေအတွက်သာ တွေးရင်း ကြေကွဲနေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"တိန်. . တိန်. . ဝုတ်. . ဝုတ်"

"အံ့မယ်. . . မထွက်ဘဲနဲ့"

"ဟင်. ."

ဦးလေးကွန့် ကြိမ်းမောင်းသံကြောင့်မဟုတ်၊ ခွေးပေါက်ကလေး အော်သံ၊ ဟောင်သံကြောင့် ကျွန်တော်လှည့်ကြည့်မိသွားသည်။

"ဟာ. . . ဒီကောင် လိုက်လာတယ်ဟ"

"ဟေ. . . မင်းတို့အိမ်က ခွေးလား!"

"မဟုတ်ဘူး ဦးလေး"

"မဟုတ်ရင် တွယ်မယ်ကွာ"

"ဟာ. . . ဦးလေး၊ ဟုတ်တယ်"

ကျွန်တော် အချိန်မီ လှမ်းအော်လိုက်သဖြင့် ဦးလေးကွန့် ရိုက်မည်ပြင်နေသောလက်က တွန့်တန့်သွားပြီး လှည့်ကြည့်သည်။ ကျွန်တော် ခုံပေါ်မှ ဆင်းလိုက်ကာ. . .

"အမှန်တော့ မဟုတ်ဘူး ဦးလေးရဲ့. . ၊ ဟုတ်တယ်ဆိုတာ ဟိုလေ. . ."

ဦးလေးကွန့် နားရှုပ်သွားပြီး မျက်မှောင်ကျုံ့သွားသည်။ ထိုအခိုက်မှာပင် ခုံအောက် ဝင်တိုးနေသော ခွေးပေါက်လေး ပြေးထွက်လာကာ ကျွန်တော့်ခြေထောက်ကြားသို့ တိုးဝင်လေတော့၏။

"ဟော့ကောင်. . . မင်းဟာက ဘာလဲကွ"

"ဟို. . ဒီလို ဦးလေးရာ"

"ကိုလေးကွန့် ညှပ်လို့ရလား. . . စောင့်ရမလား!"

အပြင်မှ လှမ်းမေးသံနှင့်အတူ ဦးလေးကွန့်နှင့် သက်တူရွယ်တူ လူကြီးတစ်ယောက် ဆိုင်ထဲ ဝင်လာသဖြင့် ဦးလေးကွန့်က. . .





"ကဲ. . ကဲ. . မောင်ထင်ရှား၊ မင်းအကောင်ကို အိမ်ပြန်ပို့ပြီးမှ ပြန်လာခဲ့ကွာ၊ ငါ့ဆိုင်ထဲ ခွေးဝင်တာ မကြိုက်ဘူး"

ထို့နောက် ကျွန်တော့်နောက်မှ ဝင်လာသော ဦးလေးကြီးအား ဆံထိုင်ခိုင်းကာ ညှပ်ဖို့ပြင်သဖြင့် ကျွန်တော်လည်း အပြင်သို့ ထွက်လာခဲ့တော့သည်။ ကျွန်တော်ထွက်သည်နှင့် ခွေးသားချော ဝဲစားလေးအား မောင်းမဲနေစရာပင် မလိုဘဲ ကျွန်တော့်နောက်မှ အမြီးကလေး နှံ့တာနှံ့တာနှင့် လိုက်လာသည်။

ခက်တော့ ခက်နေပြီ။ ဒီပုံစံနှင့် အိမ်အထိ ပါလာမှာတော့ သေချာနေသည်။ အမေများ ဆူနေမလားဟု တွေးကာ ပူရပြန်ပါသည်။ အစ်မျိုးက အယူရှိကြသည်၊

"ခွေးဝင်စားကိုရှောင်၊ ကြောင်ဝင်စားကိုမွေး" ဆိုသောစကားအတိုင်း အိမ်ကို ကြောင်ရောက်လာလျှင်တော့ ပြုံးရွှင်စွာ လက်ခံတတ်ကြသည်။ ခွေးကို ဘာကြောင့် ရှောင်ကြသနည်း၊ ကြောင်ကိုရော ဘာကြောင့် လက်ခံကြသနည်း။

ထိုစကားအဓိပ္ပါယ်ကို ရေရေရာရာ မသိသဖြင့် တွေးရင်းနှင့် ခေါင်းရှုပ်လာကာ နောက်က ငနဲကို ငုံ့ကြည့်သည်။ ရပ်ပြီး လှည့်ကာ ကြည့်သဖြင့် သူကလည်း ရပ်ပြီး ဆောင့်ကြောင့်ထိုင်ကာ မော်ကြည့်သည်၊ နားရွက်ကလည်း တစ်ဖက်ကုတ် တစ်ဖက်ထောင်နှင့် ပုံကခတ်ဆိုးဆိုး၊

"ဝုတ်. . ဝုတ်"

"အံ့မယ်. . . မင်းကများ"



www.burmeseclassic.com

www.burmeseclassic.com





# ကျွန်တော့်ဘကြီး

ခွေးက ခွေးလည်လေး၊ ကျွန်တော် ခြံတံခါးလေး ဖွင့်ပြီး ခင်မယ်လုပ်တော့ ငနဲသားလေးက ကျွန်တော့်ခြေကြားထဲကနေ သုတ်ခနဲ တိုးဝင်သွားသည်။ ကျွန်တော် လိုက်မဝင်ဘဲ ရပ်နေသဖြင့်. . . ဒီတောင် ရှေ့ဆက်မဝင်ဘဲ ကျွန်တော့်ကို ပြန်ကြည့်ကာ ဟောင်လေသည်။

တဝုတ်ဝုတ်နှင့် ဟောင်နေသော်လည်း ကျွန်တော်က မလှုပ်မယှက် ရပ်နေလိုက်သည်။ ထိုအခါ ဆက်မဟောင်တော့ဘဲ ဖျင်းရွဲ့ထွဲ ထိုင်ချ၍ နောက်ခြေနှင့် လည်ကုတ်ပေါ်က ဝဲနာအား ဆက်ခါဆက်ခါ ကုတ်ပစ်ပြီး အိပ်ချလိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဝန်ခံရလျှင် ခွေးဝဲစားလေးအား ကျွန်တော့်အိမ်မှာ မွေးရန် ဆန္ဒမရှိပါချေ။ သို့သော် ထိုတိရစ္ဆာန်လေးက အရိပ်အကဲ သိပြီး မျှော်တတ်သဖြင့် ခြံပြင်ဖက်ကို မောင်းထုတ်ပြီး ထားခဲ့ရန် ဝန်လေးနေမိသည်။

ထို့ကြောင့်. . . သူ့ကံတရားအတိုင်း ရှိပစေတော့ဟု ဆုံးဖြတ်ကာ ခြံထဲ ဝင်လာခဲ့တော့သည်။

ကျွန်တော် အိမ်ထဲ ဝင်လိုက်သည်နှင့် ဧည့်ခန်းထဲရှိ အမေထိုင်သော ဒရင်းဘက်ပေါ်တွင် အခန့်သား ထိုင်နေသော ဘကြီးကို တွေ့လိုက်ရ၍ ကျွန်တော့်ခြေလှမ်းတွေ တွန့်ကနဲ ဖြစ်သွားသည်။ ပြန်လှည့်ပြေးဖို့လည်း မသင့်။

"ဘကြီး ရောက်နေလား"

"အေး"

အေးဟု ပြန်ထူးပြီး ဘကြီး၏အကြည့်စူးစူးတွေ ကျွန်တော့်ခြေထောက်နားကို လှမ်းကြည့်သဖြင့် ကျွန်တော်လည်း ငုံ့ကြည့်သည်။

"ဟာ. . . ဒီကောင်"

"ဘယ်က ခွေးလဲ၊ မင်းမွေးထားတာလား!"

"မဟုတ်ဘူး ဘကြီး"

ထိုအခိုက် အမေ ကော်ဖီဘန်းနှင့် ထွက်လာပြီး ကျွန်တော့်ကို လှမ်းကြည့်ရင်း ခွေးကို မြင်သွားသည်။

"ဟဲ့. . . ထင်ရှား၊ ဘယ်က ခွေးလဲ!"

"မသိဘူး အမေ၊ သားနောက်က လိုက်လာတာ"

"ဟာ. . သွား. . သွား၊ ပြန်မောင်းထုတ်စမ်း၊ ခွေးကလည်း အနာတွေနဲ့. . "

ကျွန်တော် ခွေးလေးကို ငုံ့ကြည့်ပြီး စိတ်မကောင်းဖြစ်သွား





သည်။ တိရစ္ဆာန်လေးကတော့ ဘာမှမသိနိုင်သဖြင့် ဖိနပ်ချွတ် သမံတလင်းပေါ်တောင် လှဲအိပ်နေလိုက်သေးသည်။

ထို့နောက် အမေက ကော်ဖီပန်းကန်နှင့် ခုံပုလေးတစ်လုံးကို ဘကြီးဘေးနား ချပေးရင်း. . .

"နင် ဆံပင်ညှပ်မလာဘူး မဟုတ်လား!"

"သား ညှပ်မလို့ သွားတာပါ အမေ၊ ဦးလေးကွန့်က သူ့ဆိုင်ထဲ ခွေးဝင်တာ မကြိုက်ဘူး၊ ခွေးပြန်ပို့ပြီးမှ ပြန်လာဆိုလို့. . . "

"ဟဲ့. . . နင်က ဘယ်က ခေါ်လာလို့ ဘယ်ကို ပြန်ပို့မှာလဲ!"

"သား ဘယ်ကမှ မခေါ်ပါဘူး၊ သူ့ဖာသာ သားနောက်က တကောက်ကောက် လိုက်လာတာ"

"အဲဒါ ရိုက်ထုတ်လိုက်ပါလား. . . "

"သနားလို့ပါ. . . အမေ. . . "

"ဘာ!. . . "

"ကဲကဲ. . . တော်ကြ. . . မောင်ထင်ရှား. . . လာစမ်း"

ဘကြီး လှမ်းခေါ်၍ ကျွန်တော်လှမ်းဝင်လာစဉ် ခွေးပေါက်ကလေး လူးလဲထကာ လိုက်ဝင်လာသည်။ အမေ အကြီးအကျယ် ဒေါပွသွားတော့သည်။

"ဟဲ့ခွေး. . . ကြည့်စမ်း. . . ဟဲ့. . . အို. . . "

အမေ ဘယ်လောက်အော်အော် ဂရုမစိုက်ဘဲ ပြေးဝင်တာ ကျွန်တော့်နား ဝင်ကပ်သည်။ ထို့နောက် အမေ တံမြက်စည်း သွားယူကာ လိုက်ရိုက်သဖြင့် ထုံးစံအတိုင်း တကိန်ကိန် တအိုင်အိုင် အော်တာ ခွေးအမှူ အကြိုအကြား လှည့်ပြေး ပုန်းကွယ်လေတော့သည်။

"မလုပ်ပါနဲ့ အမေ"

"ဘာ. . ဘာမလုပ်ရမလဲ. . ဒါ လူနေအိမ်ဟဲ့. . "



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်. . . သား သူ့ကို အိမ်ထဲ မဝင်အောင် လုပ်ပါ့မယ်"

"မလိုချင်ဘူး. . . ခြံပြင်ထုတ်၊ ဟဲ့. . ထင်ရှား. . သွား. . နင့်ခွေးကို နင်ပြန်ထုတ်၊ မထုတ်လို့ကတော့ နင်ပါ နာသွားပြီမှတ်၊ ဘယ့်နှယ့်တော်. . . ရာရာစစ. ."

အမေပြောနေခိုက်. . ဟိုကောင်ပုန်းနေရာမှ ကျွန်တော့်ထံ ဝင်တပ်ဖို့ ကြိုးစားသည်။

အမေကလည်း အလစ်မပေး။

"ကဲဟယ်. . ကဲဟယ်"

"ကိန်. . ကိန်. . အိုင်. . အိုင်"

"ကိုင်း. . မို့ထားရေ နင့်တံမြက်စည်း သွားထားစမ်း"

ဘကြီးလှမ်းဟန့်မှပင် အမေ အရိုက်ရပ်သွားသည်။ ဒေါသက ရပ်လို့မရ၍ တံမြက်စည်းကို နံရံထောင့်မှာ သွားထားရင်း စုပွစုပွ လုပ်ကာသွားသည်။

"ကဲ. . . ထင်ရှား၊ မင်း ဒီခွေးနဲ့ ဘယ်လိုပတ်သက်လာသလဲ ပြောစမ်း"

ဘကြီးမေးလာသဖြင့် ကျွန်တော်လည်း ဖုံးကွယ်မနေတော့ဘဲ အမှန်အတိုင်း ပြောပြလိုက်ပါသည်။ (အလုံးစုံတော့ မမှန်ပါ၊ 'ဆံပင်ညှပ်ရမှာစိုးလို့' ဆိုသောအကြောင်းကို မပြောဘဲ 'သူငယ်ချင်းတစ်ယောက် လိပ်စာနဲ့ အိမ်ရှာတာ မတွေ့လို့ လိုက်ကူညီရင်း' ဟု ပြောပါသည်။)

ကျွန်တော် အဲဒီလို မှုသားလျှော့လျှော့လေးနှင့် စီကာပတ်ကုံး ပြောပြသမျှ ဘကြီးက ခေါင်းတညိတ်ညိတ်နှင့် စိတ်ရှည်လက်ရှည် နားထောင်ပြီး. . .

"အင်း. . . ငါဖြစ်သလို ဖြစ်နေတာကိုး"





"ဗျာ. . . ဘကြီးက ဘာဖြစ်လို့လဲ!"

"ဩော်. . အခု အိမ်မှာ ရှိနေတဲ့ ငနီလေကွာ၊ ဒီကောင်လည်း ခွေးပေါက်လေးအရွယ်ကတည်းက ငါနဲ့ ပါလာတာ၊ ဒီလို. . ဒီကောင် ဘယ်ကနေဘယ်လို မျက်စိလည်လာမှန်း မသိဘဲ ငါတို့လမ်းထဲ ရောက်လာတယ်၊

လမ်းထဲမှာ ခွေးကြီးတွေကလည်း များတော့ ဝိုင်းကိုက်ကြတာပေါ့ကွာ၊ အဲ့ဒါကို ငါက ခြံထဲကနေ တံမြက်စည်း လှဲရင်း မြင်ရတာ စိတ်မချမ်းသာလို့ အပြင်ထွက်ပြီးမောင်းတာပေါ့၊ ခွေးကောင်လေးက တစ်ခါတည်း ခြံထဲ ဝင်ပြေးတော့တာဟ၊ အဲဒီကတည်းက ဘယ်လိုမှ မောင်းထုတ်လို့ကို မရလို့ လင်မယားချင်းလည်း ဒီခွေးကြောင့် ခဏ ခဏကို နောင်ကျိန်းခဲ့ရတာ၊

မင်းတို့ဒေါ်ကြီးကလည်း ခွေးဆို အရမ်းမုန်းတဲ့မိန်းမ၊ သူ ငယ်ငယ်တုန်းက ခွေးကြီးနှစ်ကောင် ဝိုင်းကိုက်တာ မသေရုံတမယ် ခံခဲ့ရတာ လေကွာ၊ အဲဒါကြောင့် ခွေးဆို ကြည့်လို့ကို မရတာ၊

အဟားဟား. . . ငနီဆိုတဲ့အကောင်ကလည်း ခွေးပါ၊ ငါ အိမ်မှာ ရှိတဲ့အချိန်ပဲ အိမ်မှာ မြင်ရတာ၊ ငါရုံးသွားတာနဲ့ ဒီကောင်လည်း ဘယ်ဆီ သွားပုန်းတယ် မသိဘူး၊ ငါ ညနေ ရုံးက ပြန်မှ ဒင်းလည်း ထွက်လာတာလေ၊ ကြာလာတော့ မင်းဒေါ်ကြီးက ဘာပြောတယ် မှတ်လဲ၊

'ရှင် ရုံးသွားရင် ခွေးပါ ခေါ်သွားသလား' တဲ့. . .

ငါက မခေါ်သွားဘူးပေါ့၊

'ဟင်. . . မခေါ်ရင် တစ်နေကုန် ဒင်း ဘယ်သွားသေနေလဲ မသိဘူး'

'ဟော့. . . မတွေ့တော့ မကောင်းဘူးလား'



www.burmeseclassic.com

www.burmeseclassic.com



‘မကောင်းဘူး. . . ရှင့်ခွေးက သူကြီးနဲ့ပေါင်း ဆယ်အိမ်ခေါင်း တိုဒင်းထင်နေတဲ့ ခွေးပါးပေါက်စကောင်လေ၊ အဲဒါကြောင့် ရှင်လစ်တာနဲ့ ဆော်မလို့ရှင်. . . သိရဲ့လား’

အဲ့သလို အဲ့သလိုဟေ့. . ”

ထို့နောက် ဘကြီးက မောသွားသလို ပင့်သက်ချပြီး ကော်ဖီ တကျိုက်လောက် ယူသောက်သည်။ ကျွန်တော်လည်း လေပေးဖြောင့် နေသော ဘကြီးအား အလိုက်သိစွာနှင့် ရေနွေးငှဲ့ပေးသည်။ အမေ့တို့ မသိမသာ လှမ်းကြည့်တော့ လက်ထဲမှာ ဓါတ်ခဲအဟောင်းတစ်လုံး ကိုင်ပြီး ဆက်တီခုံမှာ ထိုင်နေသည်။

ဟိုကောင်အထွက်ကို စောင့်ချောင်းနေတာပဲ ဖြစ်ရမည်။ တိုကောင်ကလည်း လှစ်လှစ်ကလေးမှ လှစ်လှစ်ကလေး၊ ကျွန်တော် အသာ မသိချင်ဟန်ဆောင်နေလိုက်ပြီး ဘကြီးဆက်ပြောမည့်စကားကို ငံ့လင့်နေလိုက်သည်။

“နောက်တော့ကွာ. . . မင်းကြီးတော် ငနီမှငနီဖြစ်သွားတယ်”

“ဟုတ်လား. . . ဘယ်လိုကြောင့်လဲ ဘကြီး”

“တစ်နေ့ ငါတို့လင်မယားနှစ်ယောက်စလုံး ကုမ္ပဏီဧည့်ခံပွဲ သွားကြတုန်း အိမ်မှာ သူခိုးဝင်ဖောက်တယ်လေ၊ အဲ့ဒီမှာ ငနီနဲ့ တွေ့ကြတာ၊ ဘာပြောကောင်းမလဲ. . . ငနီကိုက်ထားတာ သူခိုးဆိုတာ စုတ်ပြတ်နေတာပဲ၊ ငနီလည်း ဓါးနဲ့ အခုတ်ခံရလို့ မသေရုံတမယ် ပြန်ကုထားရတာကွ၊ ခွေးသံလူသံကြောင့် ဘေးအိမ်တွေက သိကုန်ပြီး မိတာ”

“ဟာ. . . တော်သားပဲ ဘကြီးရ”

“အေးပေါ့ကွာ. . . အဲဒီမှာတင် မင်းကြီးဒေါ်ကြီး သဲသဲလှုပ် ငနီဖြစ်သွားတာ. . . ဟားဟားဟား”

ဘကြီးက သူ့စကားကို အဆုံးသတ်ကာ အမေ့ကို လှမ်းကြည့်





သည်။

“စိတ်လျှော့လိုက်ပါတော့ မိထားရာ၊ ခွေးဆိုတာ အိမ်လုံတယ်ကွ၊ သူကလည်း ဒီမှာ နေရမယ့်ကံပါလို့ မင်းတို့ကလည်း မွေးရ ကျွေးရမယ့်ကံ ရှိလို့သာမှတ်၊ ဒီမယ်. . . စကားပုံကတော့ ကြောင်ဝင်စားမွေး၊ ခွေးဝင်စားရှောင်တဲ့ကွ၊ တကယ်တမ်းကျ. . ကြောင်ဝင်စား မွေးရင် ကြောင်ချေးကျုံးရတာပဲ အဖတ်တင်တယ်၊ ဘာမှ ကူဖော်လောင်ဖက် မရဘူး၊

ခွေးကမှ ကျွေးထားရင် သခင်အတွက် တစ်ခုခုတော့ ပြန်ထောက်ပံ့တာချည်းပဲ၊ ကိုင်း. . . ငါ့တူ၊ မင်းကောင်ကို ခေါ်ပြီး ခြံထဲမှာ နေတတ်အောင် ကျင့်ပေး၊ အနာတွေ ဆေးထည့်၊ သေချာမွေးရင် သေချာအကျိုးဖြစ်တယ်. . . ဟုတ်ပြီလား!”

“ဟုတ်ကဲ့ ဘကြီး၊ ဘကြီး နောက်တစ်ခါ အိမ်လာလည်ရင် ဒီကောင်လေး တသွေးတမွေး ဖြစ်နေအောင် ဂရုစိုက်ထားပါ့မယ်”

“အေး. . အေး. . ကောင်းတယ်”

ကျွန်တော်တို့ တူဝရီးနှစ်ယောက် အပေးအယူ တည့်နေကြသော်လည်း အမေကတော့ ဘယ်လိုပေးပေး မယူနိုင်သော ခွေးဝဲစားလေးအား လက်ထဲက ဓါတ်ခဲနှင့် ထုပစ်ချင်နေပုံရသည်။

ထို့ကြောင့် အမေထုမှာစိုး၍ ဖက်ပုကာ တီဗွီစင်အောက် ဝင်ထိုးနေသော ခွေးဝဲစားလေးအား ကျွန်တော်သွားဆွဲထုတ်လာပြီး အိမ်နောက်ဖက် ထွက်လာခဲ့ပါသည်။

ထို့နောက် ဘကြီးလိုက်ထွက်လာသည်။

“မင်းအမေကတော့ သဘောကျမှာ မဟုတ်ဘူးကွ၊ ဒါပေမဲ့ ဒီအရွယ်ဟာ မိခင်နို့ကို အလုအယက် စို့ပြီး မကြောင့်မကျ နေတတ်တဲ့ အရွယ်ကွ၊ သနားပါတယ်၊ သေချာမွေးထား. . . ဟုတ်ပြီလား”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ဘကြီး"

"ကိုင်း. . . ငါလည်း ရုံးနောက်ကျနေပြီ. . . သွားဦးမှ"

"ဟုတ်. . "

ကျွန်တော် ခွေးလေးကို ထားခဲ့ပြီး ဘကြီးအား ခြံတံခါး လိုက်ဖွင့်ပေးကာ ပို့သည်။ ကျွန်တော့်အထင် ဟိုကောင်လိုက်လာလိမ့်မည်ဟု တွေးကာ အနီးမှာ ရှာကြည့်သည်။

မတွေ့သဖြင့် စောစောက ကျွန်တော်ထားခဲ့သောနေရာကို လှမ်းကြည့်ရာ ငုတ်တုတ်ထိုင်လျက် နားရွက်ကလေးတွေ ထောင်ပြီး လှမ်းကြည့်နေသော ဝဲကျော်ကို တွေ့မြင်ရတော့သည်။

"ဟေ့ကောင်. . . လာလေကွာ"

ကျွန်တော်ခေါ်နေမှန်း သူသိသည်။ အထိုင်ဖျက်ပြီး အမြီးကို ဖင်လေး ရမ်းနေအောင် လှုပ်ခါပြရင်း တအီအီ အသံပေးသည်။ သို့သော် ခြေတစ်လှမ်းမှ မရွေ့။ ကျွန်တော့်စိတ်ထဲ ကလိကလိနှင့် ဖြစ်လာသဖြင့် ခြံတံခါး ပိတ်ပြီး ထပ်ခေါ်မည် စဉ်းစားကာ. . . တံခါးပိတ်၍ ဂျက်ထိုးလိုက်သည်။

"ဝုတ်. . . ဝုတ်"

"ဟင်. . . ဟေ့ကောင်"

ကျွန်တော်မခေါ်ဘဲ အနားရောက်လာသော ခွေးပေါက်အား ငုံ့ကြည့်ရင်း သဘောပေါက်သွားပါသည်။ ဝဲစားနေသလောက် ဦးနှောက်လည်း စဉ်းစားတတ်သော ဒီကောင့်ကို သဘောကျသွားသည်။

စောစောက ကျွန်တော်ခေါ်၍မလာခြင်းမှာ တံခါးဖွင့်ထား၍ ဖြစ်ပြီး တံခါးပိတ်မှ မခေါ်ဘဲ ပြေးလာသည်။

"စိတ်ချပါ ဝဲကျော်ရာ၊ ငါ မင်းကို မွေးမှာပါကွ"

"အေး. . မွေး. . မွေး၊ နင့်ရော နင့်ခွေးပါ ခြံထဲမှာပဲနေ. .





ဒါ့အိမ်ထဲ မဝင်နဲ့"

အမေ့အသံဆိုတာ ကျွန်တော်သိသဖြင့် လှမ်းမကြည့်ဘဲ ပြုံးနေလိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အသစ်ကလေး

မညာ သို့ဆိုစေ၊ သည်တစ်ကြိမ် ဘကြီး အိမ်အလည်
...တ် ရောက်လာသောကိစ္စနှင့် ပတ်သက်ပြီး ဘကြီးကို ခင်မင်စိတ်
...း ဖြစ်ထွန်းမိပါသည်။ စိတ်ထဲ ရှိသည့်အတိုင်း ပြောရလျှင်. . .
...တော် လူဖြစ်ခဲ့ရသည့် ဘဝတစ်လျှောက်လုံးမှာ တွန်တော်အမုန်း
...သည် အမေ့ရဲ့အစ်ကိုကြီး ကျွန်တော့်ဘကြီး ဦးကောင်းမောင်
...သည်။

အမေ့မှာ မွေးချင်းမောင်နှမသုံးယောက် ရှိပြီး အမေက အငယ်
... အမေနှင့် ဘကြီးဦးကောင်းမောင်ကြားမှာ ဦးတောင်းအောင်...
...တ် ရှိသည်။ ဦးကောင်းအောင်က ဒုလ္လဘ ရဟန်းခံရင်း သာသနာ့...



www.burmeseclassic.com

www.burmeseclassic.com



ဆောင်တွင် ဖျော်ဖိုတ်ကာ ပြန်မထွက်တော့သဖြင့် အမေတို့ဇာတိရွာ
ရွာဦးကျောင်းမှာဝင် ကျောင်းထိုင်ကာ သီတင်းသုံးနေလေသည်။

မိသားစုထဲမှာ ဘကြီးက တစ်မိပေါက် တစ်ယောက်ထွ
လူစွန့်စားဖြစ်၍ ဆယ့်သုံးနှစ်သားအရွယ်ကတည်းက အညာမှ ရန်ကု
သို့ စီးပွားရှာဖို့ ထွက်သွားသည်။ ရန်ကုန်ရောက် အညာစီးပွားရေးသမ
များနှင့် ဆက်စပ်မိကာ လုပ်ငန်းလာဘ်ပေါက် တည့်ခဲ့သည်။

အလုပ်လုပ်ရင်း ပညာသင်ခွင့် ရခဲ့သည်။ ဘွဲ့တစ်ခု ရ
နောက်ပိုင်း ကုမ္ပဏီ စီးပွားရေးလုပ်ငန်းနယ်ပယ်ထဲ ရောက်သွားက
ကြည့်မြင်တိုင်သူ ဒေါ်ချောနှင့် အိမ်ထောင်ကျကာ. . ရန်ကုန်မြို့
လူတန်းစားဘဝနှင့် အခြေကျခဲ့ပါသည်။

ထိုအခါမှ ရွာသို့ တစ်ခေါက်ပြန်ခဲ့သည်။ မိဘများ မရှိကြတော့
သဖြင့် ဆွေမျိုးသားချင်းများ စောင့်ရှောက်ထားရသော ညီနှင့် ညီမအ
ရန်ကုန်လူတန်းစားဘဝထဲ ဝင်ဆန့်နိုင်ရန် ကြိုးစားပံ့ကူပေးပါသည်

တောသားမြို့ရောက် ဖြစ်ရသော အခြေအနေမျိုးမှာ ကို
ကြောင့် ရန်ကုန်မြို့ကြီး သိက္ခာမကျအောင် ကြိုးစားရသည်မှာ လွယ်
သည်တော့ မဟုတ်။ ဒါကိုပဲ ဦးကောင်းအောင် စိတ်ဓါတ်ကျသွ
သလား မဆိုနိုင်။ သားသမီး မထွန်းကားသော ဘကြီးတို့ ဇနီးမောင်နှ
ဦးကောင်းအောင်ကို ဒုလ္လဘရဟန်း တက်ပေးပြီး ရဟန်းဒကာ ခံယူ
သည်။ ရွာကို ပြန်ပြီး လုပ်ကြခြင်းဖြစ်သည်။ ထိုအခွင့်အလမ်းပေါ်မှာ
ဦးကောင်းအောင် ကျေနပ်စွာ ခံယူကာ ယနေ့အထိ လူမထွက်တော့
ခြင်းဖြစ်လေသည်။

ဘကြီးအနေဖြင့် ညီအတွက် စိတ်အေးသွားရသော်လည်း နှ
အတွက် စိတ်မအေးနိုင်။ ထို့ကြောင့် ဘကြီး၏တပည့်ရင်း ဦးကျော်
နှင့် နှမဖြစ်သူကို အိမ်ထောင်ချပေးလိုက်သည်။ ဘကြီးပဲ ကံဆိုးသလာ





အမေပဲ ကံခေတာလား မသိနိုင်စွာ ကျွန်တော် ဆယ်နှစ်သားအရွယ်မှာ
င် ကုမ္ပဏီကိစ္စနှင့် နယ်ကို သွားရင်း အဖေ ကားမှောက်ကာ ဆုံးပါး
သွားခဲ့သည်။

ထိုအချိန်မှစ၍ ဘကြီး၏အချုပ်အခြာအာဏာအောက်မှာ
ကျွန်တော် လူဖြစ်ရတော့၏။ အဖေ မရှိတော့သည့်နောက်ပိုင်း ကုမ္ပဏီ
၌ လုပ်မှုရေး ထောက်ပံ့မှု တစ်စိတ်တစ်ဒေသနှင့် ဘကြီး၏ထောက်ပံ့မှု
အောက်မှာ အမေနှင့်ကျွန်တော် အိုးမြေမပျက် နေထိုင်ခွင့် ရခဲ့သည်။
ထို့အပြင် ဘကြီး၏တင်းကြပ်လှသော စည်းမျဉ်းစည်းကမ်းထဲမှာ ကျွန်
တော် ကောက်ညှင်းထုတ်ပမာ အနေကျုံ့သွားသည်။ ဘကြီးအိမ်ကို
သာတိုင်း အမေ့ဆီက တိုင်သံတောသံ တစ်ခွန်းထွက်လာတာနှင့်. .
အားဝယ်ကြိမ်လုံး သုံးလုံးပူး နှင့် ခေါင်းမူးအောင်ပြောသော ဩဝါဒ
စကားအား ကြားရနာရတော့သည်။

အနည်းဆုံး ကျောင်းက ပြန်လာပြီး ဗိုက်ဆာလို့ ဟင်းလေး
တစ်ဖတ် နှိုက်စားမိတာကိုပင် အမေက အပြစ်စကားဆိုလျှင် တစ်ချက်
လောက်တော့ အတွယ်ခံရပါသည်။

အနေအထိုင်၊ အပြောအဆို၊ ဝတ်စားဆင်ယင်မှုအားလုံး
ဘကြီးထုံး နှလုံးမူပြီး ဘကြီးပေါက်စကလေးဖြစ်အောင် ကျင့်ကြံခဲ့ရ
သည်။ သို့သော်. . ကျွန်တော် (၉)တန်းကျောင်းသားဘဝ ရောက်ပြီး
နောက်ပိုင်းမှာတော့ ဘကြီး အိမ်ဘက်အရောက်အပေါက် ကျဲလာ
သည်။

အမေ့ရဲ့ အညာကုန်ကူး အရောင်းအဝယ်လုပ်ငန်းလေး
အဆင်ပြေလာလို့လည်း ဖြစ်နိုင်ပါသည်။ အမေက နှင့်ဘကြီးလည်း
မလာဘူးဟု ညည်းတွားတမ်းတနေသော်လည်း ကျွန်တော်ကတော့
မလာလေ ကောင်းလေဟု တွေးထင်ကာ ပျော်သည်။ သို့သော် ထိုအသိ



www.burmeseclassic.com

www.burmeseclassic.com



ထိုအတွေးများ အသက်အရွယ်၊ အတွေ့အကြုံ၊ အတတ်ပညာ၊ အသိပညာ တဖြည်းဖြည်း ရင့်ကျက်လာသည်နှင့်အမျှ ပွားယွင်းနေကြောင်း သိလာကာ စိတ်ကို ပြုပြင်နိုင်ခဲ့သည်။ အရိုင်းစိတ်နှင့် အမုန်းတရားများအား အယဉ်စိတ်နှင့် ကျေးဇူးတရားတွေ အစားထိုးကာ နားလည်နိုင်လာသည်။

သို့သော် ဘကြီးကို ချစ်ကြောက်ရိုသေသည့်စိတ်ကား ရှိစမြဲဝင်။ အမေက နင့်ဘကြီးလာမှ တိုင်မယ်ဟု ပြောလျှင် ကြောက်ရွံ့မိစမြဲဝင်။ သည်တစ်ကြိမ်တော့ ကျွန်တော့်ဘကြီး ဘယ်လိုစိတ်ကူးတွေနှင့် ဘယ်လိုလွှဲချော်သွားမှန်းတော့မသိ။ ဆံပင်ကိစ္စလည်း မပြော၊ ဩဝါဒလည်း မပေး၊ ခါတိုင်းလို ဆူပူကြိမ်းမောင်းခြင်းတောင် မပြုတော့ဘဲ တိုခွေးဝဲစားလေးကိစ္စကိုပင် အကောင်းမြင်ဝါဒနှင့် ရှုမြင်သုံးသပ်ကာ အားပေးအားမြှောက် ပြုသွားလေသည်။

ထို့ကြောင့် ဒီမနက် အိပ်ယာမှ နိုးထလျှင် နိုးထချင်း ဘကြီး ကျန်းမာချမ်းသာပါစေဟု မေတ္တာပို့ကာ စိတ်ထဲမှာ ဘကြီးကို ခင်မင်လိုစိတ်၊ ဘကြီး အိမ်ကို လာဦးမလားဟု မျှော်လင့်လိုစိတ်များ ဖြစ်ပေါ်မိတော့သည်။

"ထင်ရှား. . ဟဲ့. . ထင်ရှား"

"ဗျာ. . အမေ. ."

"အမလေးလေး. . . ကိုးနာရီထိုးလို့ ငါတောင် ဈေးက ပြန်လာပြီ. . . ထစမ်း"

အခန်းအပြင်ဖက် အမေ့အော်သံကြောင့် ကျွန်တော် ကုတင်ပေါ်မှ ဆင်းရန် ခြေထောက်ကို လွှဲအချ. . .

"ဟာ. ."

ခြေဖဝါးကို ကလိထိုးသလို ယားကျိကျိ ဖြစ်သွား၍ ကျွန်တော်





သန့်ပြီး ခြေထောက်မ,တင်ကာ ငုံ့ကြည့်သည်။

"ဟင်. . . ခွေးကောင်. . မင်း"

"အိ. . အိ. . ဝု. ."

"ဟာ. . . ဒုက္ခပဲ"

ကျွန်တော် ခပ်တိုးတိုးလေး အသံပေးတာကို ဒီကောင် ဝှတ်ခနဲ အနင်း ပြန်လုပ်နေသဖြင့် ကပျာကသီ ခုန်ဆင်းကာ ပါးစပ်ပိတ်ထားရသည်၊ ဒီကောင်ကလည်း သူ့နှုတ်သီးကို ဆွဲဖိခံထားရ၍. . တအီအီ ညည်းကာ ရုန်းသည်။

"မင်းနဲ့တော့ ပြဿနာပဲကွာ၊ ငါတောင် ကံကောင်းလို့ အိမ်ထဲ ခင်းအိပ်ရတာ"

"ဟဲ့. . . ထင်ရှား"

"ဗျာ. . . အမေ သားနိုးပြီ"

"တံခါးဖွင့်စမ်း"

အမေ တံခါးဖွင့်ခိုင်းနေ၍ ကျွန်တော့်မျက်လုံးပြူးကာ ပျာယာခတ်သွားသည်။

(ကွိုင်. . ကွိုင်ပါပဲ ဝဲကျော်ရာ၊ ငါဘယ်လိုလုပ်ရမလဲ၊ ဟုတ်ပြီ မွေ့ယာနဲ့ဖိ၊ အာ. . မဟုတ်သေးပါဘူး)

ကျွန်တော် ခွေးတစ်ကောင်နှင့် ချာချာလည်သွားပြီး ကြံရာမရသည့်အဆုံး စောင်နှင့် လုံးထွေးကာ ပိုက်လာခဲ့သည်။

"ဒုန်း. . ဒုန်း"

"ဟဲ့. . . တံခါးဖွင့်စမ်းဆိုတာ မဖွင့်ဘူးလား"

"လာ. . လာပါပြီ အမေရာ. ."

ကျွန်တော် တံခါးဂျက် ဖြုတ်လိုက်သည်နှင့် အမေတွန်းဖွင့်ကာ အထဲဝင်လာသည်။ ထို့နောက် အခန်းထဲ ဟိုဟိုဒီဒီ လှမ်းကြည့်ရင်း



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်လက်ထဲက စောင်ထုတ်ကြီးကို မြင်သွားကာ. . .

"ဒါ. . ဒါ. . ဘာလုပ်တာလဲ!. ."

"ဟို. . သား. . သား ညက ယောင်ပြီး ရှူးရှူးတွေ ထွက်ကျ ထားလို့ပါ အမေ"

ကျွန်တော် ဖြီးဖြန်းလိုက်မှုကြောင့်. . အမေ စောင်ပေါ်က အကြည့်ခွာပြီး အခန်းထဲကို ဟိုဟိုဒီဒီ ကြည့်သည်။ ပြီးမှ. . .

"မင်း မှန်မှန်ပြောစမ်း၊ ညက ခွေးကို ဘယ်မှာထားပြီး သိပ်လဲ!"

"ခွေးလား. . အိမ်ဘေးက ဂိုဒေါင်ထဲမှာလေ အမေ၊ ဒီကောင် အိမ်ထဲ ဝင်လာပြန်ပြီလား!"

"တော်စမ်းပါ ထင်ရှားရယ်၊ ငါ အသက်ကြီးပေမယ့် နားမကန်း သေးပါဘူး၊ နင့်အခန်းထဲက ခွေးသံကို ငါမကြားဘူး မှတ်နေလား၊ ဘယ်မှာလဲ အဲ့ဒီကောင်!"

"ဟာ. . . မရှိပါဘူး အမေရာ၊ အခု အခန်းတံခါး ဖွင့်ဖွင့်ချင်း မတွေ့ဘူး မဟုတ်လား၊ ဒါဆို ရှိရင် အခန်းထဲမှာ ပုန်းနေမှာပဲ၊ အမေ တွေ့လို့ကတော့ ဆော်သာဆော်၊ သေရင် သားမြှုပ်မယ်"

"အေး. . . ပြီးရောနော်"

ကျွန်တော်ခေါင်းညိတ်ပြပြီး အခန်းထဲက ထွက်လိုက်သည်။ ထိုအခိုက်မှာ စောင်လုံးထဲက သကောင့်သား ရှုန်းတိုးကာ အော်တော့ ၏။

"အိ. . အိ. . ကိန်. . ကိန်"

"ဟဲ့!. . ဟော. . ဟော. . ဟင်"

ခွေးသံကြောင့် အမေ အခန်းထဲ ခြေလှမ်း,လှမ်းပြီးမှ ပြန်ထွက် ကာ ကျွန်တော့်နောက် လိုက်လာလေတော့၏။

"ဟဲ့အကောင်. . . နင့် နင့်စောင်ထုတ်ကို ဖြေစမ်း"





"ဟာ. . အမေကလည်း သေးစိုစောင်ကြီးပါဆို. ."

"မလိုချင်ဘူး. . . ပြ"

"မလုပ်ပါနဲ့အမေရာ၊ ငရဲကြီးကုန်ပါ့မယ်. ."

"ကြီး. . ကြီး နင့်ပြနော်. ."

"မလုပ်ပါနဲ့. ."

ကျွန်တော်ပြောလည်းပြော ပြေးလည်းပြေးသဖြင့် အမေ ဒေါသကို ဆွသလို ဖြစ်ကာ လိုက်လေသည်။ လိုက်ရင်းနှင့် နံရံထောင့် ထောင်ထားသော တံမြက်စည်းပါ ပါလာ၍ ကျွန်တော် ခြံအပြင်ဖက် ထွက်ပြေးရတော့သည်။

အမေ ခြံအပြင်ထိတော့ ထွက်မလာပါ။ သို့သော် ခြံတံခါး ပိတ်ကာ အတွင်းဖက်မှ သော့ခတ်ပစ်လိုက်သည်။

"နေ. . . နင် အဲဒီအပြင်မှာပဲ ခွေးဝဲစားနဲ့ နှစ်ကောင်ထဲ နေ ကြ. . . ဟင်း"

အမေ ကျောခိုင်းပြီးထွက်သွားမှ ကျွန်တော်ပိုက်ထားသော စောင်လုံးကြီးထဲက ဝဲနာလေး. . တအိအိ အော်ပြီး တိုးထွက်နေတာ သတိရသွားသည်။

"ဒင်းကြောင့်" ဟူသော ဒေါသစိတ်မျိုးလည်း ဖြစ်လာ၍ ကိုင် ပေါက်ပစ်ဖို့ စိတ်ကူးစဉ်. . .

"ဟ. . ဟ. . အလတ်ကြီး ရှိပါသေးတယ်ကွ. ."

"မင်းမလိုချင်ရင် ငါ့ကို ပေးစမ်းပါ၊ ကိုရီးယားစောင်ကြီးထ တစ်ထည်ကို နှစ်သောင်းလောက် တန်တာကြီး. ."

လှည့်ကြည့်လိုက်တော့ ကျွန်တော်တို့ရပ်ကွက်ထဲက မိုးကြီးနှင့် စိုးကြီးတို့ အမွှာညီအစ်ကို။ သူတို့နှစ်ယောက် ဘုမသိဘမသိ တစ် ယောက်တစ်ပေါက် ပြောကာ ကျွန်တော်ဘေးနား လာရပ်သည်။ ဒီနှစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်တို မြဘုန်းနှင့် ဝေဖြိုးတို့လောက် ရင်ချင်း မနီးသော်လည်း ငယ်စဉ်ကတည်းက တစ်ရပ်ကွက်တည်း အတူတူ နေလာကြ၍ ရင်းနှီးမှုတော့ ရှိပါသည်။ ထိုအခိုက် ကျွန်တော့်စောင်ထဲက တအိအိ အော်သံနှင့် တလှုပ်လှုပ် တိုးနေတာ မျိုးကြီးတို့ မြင်သွားကာ. . .

“ဟင်. . ဘာ. . ဘာလဲဟ!”

“ခွေးပေါက်လေးပါကွာ. . . ဒီကောင် ပြဿနာလုပ်လို့ ငါ အိမ်ထဲတနေ ထွက်ပြေးလာရတာ. .”

“ဟေ. . . ဘာခွေးလဲ တယ်လီယာလေးလား!”

“ဝုတ်. . ဝုတ်”

“အံမယ်. . . စွာစွာလေးပဲ၊ ဒိုဘာမင် ဖြစ်ရမယ်”

“မဟုတ်ဘူး. . . အသံက နည်းနည်းလုံးတယ်၊ အယ်လ်ဆေးရှင်းပေါက် ဖြစ်နိုင်တယ်”

“မှန်း. . . ကြည့်ရအောင်၊ ငါတို့လည်း ခွေးချစ်တတ်ပါတယ်ကွ”

“ချစ်ရင် ခေါ်သွားကြကွာ၊ ငါ ဟောဒီစောင်ပါ ပေးလိုက်မယ်”

“ဟင်. . . တကယ်လား!”

“သြော်. . . တကယ်ပါဆို”

“မှန်း. . . ဖွင့်ကြည့်မယ်”

“ဟာ. . . ဖွင့်ကြည့်ရင် မင်းတို့ကို မြင်ပြီး ဘယ်လိုက်တော့မလဲကွ. . . ဒီအတိုင်းပဲ အသာလေး ပွေ့ခေါ်သွား၊ အိမ်ရောက်မှ လွှတ်ပြီး သံကြိုးနဲ့ ထိန်းပေါ့. . ”

“အေး. . ဟုတ်ပြီ. . တကယ်ပေးမှာနော်. . ”

“ရော့ကွာ. . ယူစမ်းပါ”

“အိုခေ. . အဟေးဟေး”





စိုးကြီး သွက်လက်စွာ ယူပွေ့ပြီး အူမြူးသွားသည်။

“လာကွာ. . ထင်ရှား. . တန်ဖိုးကြီးခွေးနဲ့စောင် အလကားပေးတာကို ငါတို့က လက်ဖက်ရည်တစ်ခွက်လောက်တော့ ဂုဏ်ပြုသင့်တာပေါ့. . ”

ကျွန်တော်ငြင်းဖို့ စိတ်ကူးသော်လည်း လောလောဆယ် အနေအစား ပျက်နေသဖြင့် အမေ စိတ်ပြေတဲ့အချိန်အထိ လက်ဖက်ရည်ဆိုင်မှာ ထိုင်စောင့်ဖို့ ဆုံးဖြတ်ကာ လိုက်ပါလာခဲ့သည်။

“မင်းတို့ ဘယ်ဆိုင်ထိုင်မှာလဲ”

“ရွှေရောင်မြေလေကွာ. . . ချောပုတို့ဆိုင်ပေါ့၊ ဘာဖြစ်လို့လဲ!”

“သြော်. . . အေး. . . ကောင်းသားပဲ”

အမှန်တော့. . ကျွန်တော် မျက်နှာတောင် မသစ်ရသေး၍ အပြင်ဆိုင်ဆိုလျှင် လိုက်သွားဖို့ ပြန်စဉ်းစားမည်ဖြစ်သည်။ ယခုမူ ရပ်ကွက်ထဲက ရင်းနှီးသောဆိုင်ဖြစ်ကာ ဟိုရောက်မှ ဆိုင်အနောက်ဖက်ဝင်ပြီး မျက်နှာသစ်၍ရနိုင်သဖြင့် စိတ်လက်ပေါ့ပါးစွာ လိုက်လာခဲ့ပါသည်။

“အိ. . အိ. ဝု. . ဝု. . အု. . အိ”

“အေး. . အေးပါ။ သားရာ ခဏလေးပါ။ ကျွတ်. ကျွတ် ကျွတ်”

“ဟေ့. . . မင်းဟာက အထီးမှန်း မသိ၊ အမမှန်း မသိဘဲနဲ့ ထင်ရှား မင်းကောင်က အထီးလား အစ်မလား!”

“အထီးပါကွာ. . . သူချော့တာ မှန်သားပဲ”

“ဒါဆိုလည်း ဆက်ချော့. . ”

“ဝုတ်. . ဝုတ်. . . အိန်. . . အိုင်ယိုင်. . ”

“အို. . အေ့အေ့. . သားရေ၊ လက်ဖက်ရည် တိုက်သင်ချော် အင်း. . အင်း”



www.burmeseclassic.com

www.burmeseclassic.com



လက်ဖက်ရည်ဆိုင် ရောက်သည်နှင့် ဆိုင်နောက်ဖက်တန်း ဝင်ကာ မျက်နှာသစ်လိုက်သည်။ ဆိုင်ရှင်လင်မယားက အမေတို့ အညာကဖြစ်၍ အညာသားအချင်းချင်း မျက်နှာသာပေးကာ. . . ကျွန်တော်လည်း မွေ့ချင်သလို မွေ့နိုင်သောဆိုင်ဖြစ်သည်။

"ဘယ်လိုဖြစ်တာလဲ ထင်ရှား၊ ဆိုင်ရောက်မှ မျက်နှာသစ်ရတယ်လို့. . . ဘယ်ပွဲခင်းထဲ သွားအိပ်နေတာလဲ!. . ."

"လမ်းလျှောက်ရင်း မျက်လုံးထဲ ပိုးစပ်ကောင် ဝင်သွားလို့ပါဟ ချောပုရ. . . သဘက်ခဏပေးစမ်းပါ"

ဆိုင်ရှင်ချောပုတို့လင်မယားက ကျွန်တော်နှင့် အသက်ချင်း သိပ်မကွာ၊ ထို့ကြောင့် အမေက ချောပုတို့လင်မယားနှင့် ကျွန်တော့်ကို စံထားပြီး မကြာခဏ ဆူကြိမ်းလေ့ရှိသည်၊ သူများတွေ ဒီအရွယ် စီးပွားရှာနေပြီ၊ နင်သာ လေနေတာ ဘာညာ။

ဒါတော့ မတတ်နိုင်ပါ၊ အမေ ဘာပြောပြော ကျွန်တော် ရှုချင်ယောင်ဆောင်နေလိုက်သည်။ ကျွန်တော့်ကိုယ်မှာ အညာသွေး နှောနေသော်လည်း အညာသားတွေ စီးပွားရှာသလို မရှာချင်တာ အမှန်ပင်၊ အညာသား စီးပွားရေးမျိုး မဖြစ်မနေ လုပ်ရမည်ဆိုလျှင်တော့ ဘကြီးလို ကုမ္ပဏီ စီးပွားရေးတော့ စိတ်ဝင်စားပါသည်၊ လျှောက်လည်း လျှောက်ထားသည်။

ဘကြီးက. . သူ့ကုမ္ပဏီမှာ သွင်းပေးမည်ဟု ပြောပါသည်၊ သို့သော် ဘကြီးနှင့် အရမ်းနီးကပ်လွန်းနေသဖြင့် ကျွန်တော် အူလည်လည်နှင့် တခြားမှာ အလုပ်ဝင်လို့ ရနေပြီဟု ဖြီးဖျန်းထားရသည်၊

မျိုးကြီးတို့ဝိုင်းကို ပြန်ရောက်တော့ ကျွန်တော့်အတွက် လက်ဖက်ရည်ပါ အဆင်သင့် မှာထားသည်၊ တစ်ငုံလောက် စုပ်သောက်လိုက်ပြီး ပန်းကန်ပြန်အချ. . .





"ထင်ရှား. . . မင်း အသစ်ကလေးကို တွေ့ပြီးပြီလား!"

ရုတ်တရက်မို့ ကျွန်တော်နားမလည်။ ထို့ကြောင့်. . .

"ဘာအသစ်လဲ!"

"ကျွတ်. . . မင်းနောက်ကျပြန်ပြီ၊ ငါတို့ရပ်ကွက်ထဲကို ဟိုတလောကမှ ပြောင်းလာတဲ့ အသစ်ကလေးကို ပြောတာ. ."

ဒီတော့မှ ကျွန်တော်သဘောပေါက်ကာ ခေါင်းညိတ်ပြလိုက်သည်။ အသစ်ကို တွေ့ဖူးမြင်ဖူးလို့တော့ မဟုတ်။ စကားကို နားလည်ကြောင်း ပြခြင်းဖြစ်သည်။

ဒါကို နားမလည်သော မျိုးကြီးက. . .

"အံမယ်. . . တွေ့ပြီးပြီပေါ့. ."

"ဟင့်အင်း. . . မတွေ့ပါဘူး"

"ဟေ. . . မင်းပဲ ခေါင်းညိတ်တယ်လေ"

"သြော်. . . အဲဒါ မင်းပြောတာကို နားလည်ပြီလို့ ပြောတာ"

မျိုးကြီး ခေါင်းကုတ်ပြီးမှ အထိုင်ပျက်သွားသော ဘိုကေကို လက်နှင့် အသာပြန်ဖိသည်။ စိုးကြီးကတော့ ဝဲစားလေးကို တပွေ့ပွေ့ တပိုက်ပိုက် လုပ်ကာ မြူချော့နေပါသည်။ (သြော်. . . ဝဲစားတို့ ကုသိုလ်ထံများ. . အကောင်းစား စောင်နဲ့တောင် ထွေးပိုက်ခံနေရတယ်လို့)

"ဒီမှာ. . ."

မျိုးကြီးက လက်ဖက်ရည်ပန်းကန် ပြန်ချရင်း စကားဆက်ဖို့ ပြင်သည်၊ ကျွန်တော်ကလည်း နားထောင်ဖို့ အသင့်ပြင်ပါသည်၊

"သူ့နာမည်က နှောင်းတန်ခူးတဲ့ကွ၊ သူ့အစ်မနာမည်တာ. . ဦးတန်ခူး. ."

"ဟာ. . . နာမည်တွေကလည်း"

"သြော်. . . ဆန်းပါတယ်ကွ၊ ငါစုံစမ်းလို့ရသလောက်တော့



www.burmeseclassic.com

www.burmeseclassic.com



အငယ်မကို နှောင်းတန်ခူးမှာ မွေးလို့ 'နှောင်းတန်ခူး' လို့ အမည်ပေး လိုက်တာ၊ အကြီးမကိုလည်း ဦးတန်ခူးမှာ မွေးလို့ အဲဒီအတိုင်း မှည့် လိုက်တာ၊ ဒါပေမယ့် အကြီးမက ဆုံးသွားပြီကွ၊ သူတို့ ဒီကိုပြောင်းလာ တတည်းက မမာသည်အဖြစ်နဲ့ ပါလာတာ၊ ရက်လည်ပြီးတာတောင် သိပ်မကြာသေးဘူး"

"မင်းဟာက သိလှချည်လား!"

"သိဆို သိအောင် လုပ်ရတာလေ၊ ပွင့်ပွင့်လင်းလင်း ပြောရရင် ပွင့်လင်းဒဏ်ကြေလိမ်းဆေး မသုံးဘဲ သူ့ကို အရိုးကြေကြေ အရည်ခမ်း ခမ်း ချစ်ဖို့ ဆုံးဖြတ်ထားတယ်"

"အရေးထဲမှ . . . ကြော်ငြာဝင်နေရသေးတယ်၊ ငါ လိုက်မလို့ ဆိုလည်း ပြီးတာပဲ . . "

"ဩော် . . . လေးလေးနက်နက် ပြောချင်တာလေ . . ဟဲဟဲ ဟဲ . . ဟောဟိုမှာ"

မျိုးကြီး ရယ်ရင်းက အရယ်တစ်ဝက်နှင့် မျက်လုံးကြီး ပြူးလာ ပြီး လမ်းမဘက် လှမ်းကြည့်ကာ လက်တို့၍ ကျွန်တော်လှည့်ကြည့်မိ သွားသည်။

"ဟင် . . "

"မင်း . . မင်းသိလား!"

ကျွန်တော် မျိုးကြီးမေးတာကိုဝင် ပြန်မဖြေနိုင်ဘဲ ခွေးဝဲစား လေး ပြဿနာ ရှာသောနေ့အား ပြန်အမှတ်ရကာ . . မှိုင်သက်မိသွား သည်။ အမှန်တော့ ကောင်မလေး အရမ်းလှတာလည်း ပါပါသည်။ ခဏကြာမှ ကျွန်တော်အကြည့်လွှဲတာ ပင့်သက်ခိုးချရင်း . . .

"မင်းပြောတဲ့အသစ်ဆိုတာ သူလား!"

"အေးလေးကွာ . . . မင်း သိလို့လား!"





"သိတယ် . . . စကားလည်း ပြောဖူးတယ်၊ တစ်လုံးစ နှစ်လုံးစ ပါ"

"အဲ . . . အဲဒီတစ်လုံးစနှစ်လုံးစက 'ချစ်' တို့ 'ချစ်တယ်' တို့တော့ မဟုတ်လောက်ပါဘူးနော်"

"မဟုတ်ပါဘူးနော်"

"မဟုတ်ပါဘူး"

ထိုအခါမှ မျိုးကြီး ဟင်းကနဲ သက်ပြင်းချနိုင်ပြီး လက်ဖက်ရည် လက်ကျန် မော့သည်။

ထို့နောက် . . .

"မင်းတို့ ဘယ်လိုသိကြတာလဲ . . . လုပ်စမ်းပါဦး"

ကျွန်တော်လည်း ပြောသင့်မပြောသင့် စဉ်းစားနေရသည်။ စဉ်းစားရခြင်းမှာ စိုးကြီးရင်ဘတ်ရှေ့က စောင်ထုတ်ကြီး ကျွန်တော့်ထံ ပြန်ရောက်လာမှာစိုး၍ဖြစ်သည်။ သို့သော် စကားအစ ထွက်ထားပြီဖြစ် ၍ စိုးကြီး ပွေ့ထားသောအထုပ်ကို မေးငေါ့ပြလျက် . . .

"ဒီကောင်လေကွာ . . . ဟိုတစ်နေ့က သူ ကားလမ်းဖြတ်ကူး နေတုန်း နောက်ကနေ ပြေးလိုက်လာပြီး ထမီအောက်နားစကို ကိုက်ဆွဲ ထားတယ်၊ ဟိုလို ကိုက်ချင်လို့ လိုက်ဆွဲတာ မဟုတ်ဘူး၊ သူ့သခင်ကို မြှုသလိုမျိုး လိုက်မြှုပြီး စဆွဲ,ဆွဲတာ၊ အဲ့ဒါ သူ့ထီးနဲ့ ရိုက်ထုတ်လို့ လွှတ်လိုက်ပေမယ့် ကားပေါ်အထိ လိုက်တတ်တာကွ၊ ဒါကို စပါယ်ရာ တွေက ထုမယ် နှက်မယ် လုပ်နေလို့ ငါကပဲ သနားပြီး ခေါ်ထားလိုက်ရ တာ၊ မေးကြည့်တော့လည်း သူ့ခွေးမဟုတ်ဘူးတဲ့ . . . အဲဒါပဲ"

"ကောင်းလိုက်တဲ့ဇာတ်ကွာ . . . ဒါဆို ဒီခွေးက ငါ့အတွက် ရွှေဖြစ်သွားပြီ မင်းလုံးဝပြန်မတောင်းရဘူးနော် ထင်ရှား"

"အေးပါ . . . မင်းလည်း လုံးဝပြန်မပေးဘူးလို့ ကတိပေးအောင်



www.burmeseclassic.com

www.burmeseclassic.com



ပါ"

"အို. . . ပေးတယ်. ."

"အိုခေ. . . ကတိနော်"

"ကတိ. . . ယောကျာ်းကတိ"

"ကြိုက်တယ်. . . ဒါနဲ့ လုပ်စမ်းပါဦး၊ ဒီခွေးက မင်းအတွက် ဘယ်လို ရွှေဖြစ်မှာတုန်း"

"ရှင်းပါတယ် ထင်ရှားရာ၊ ခွေးဆိုတာ အင်မတန် မှတ်ဉာဏ်ကောင်းပြီး သခင်ကို အလွန်အမင်း ခင်တွယ်တတ်တဲ့အမျိုးကွ၊ အမှန်တော့ ဒီခွေးလေးက နှောင်းသကြန်နဲ့ တစ်နည်းတစ်ဖုံတော့ ပတ်သက်ဖူးလိမ့်မယ်၊ အဲဒါကြောင့် လိုက်မြူတာ၊ လူရှေ့သူရှေ့မှာ ဖြစ်လို့ နှောင်းသကြန်က ရှက်ပြီး သူ့ခွေးမဟုတ်ဘူးလို့ ငြင်းလိုက်တာ"

"ဟုတ်ပြီလေ. . . ရွှေဆိုတာကကော"

"ရွှေဆိုတာ ငါ သူတို့အိမ်ဖက် ဒီခွေးနဲ့ ခွင်သွားရှာမယ်၊ သူ လက်မခံပေမယ့် သူ့အိမ်သားတချို့ ဒီခွေးကို မြင်တာနဲ့ သိရမယ်၊ ငါနဲ့ ရင်းနှီးမယ်၊ ရွှေပဲလေ. . အဲဒါ ရွှေ၊ အဲဟတ်. . ဟတ်. . ပေးစမ်း ဖေ့သားကြီးကို ပေးစမ်း. ."

မျိုးကြီးက ပြောရင်းက စီးကြီးပိုက်ထားသော စောင်ထုပ်ကို အတင်းယူပွေ့ကာ တရွှတ်ရွှတ် ငုံ့နမ်းလေတော့သည်။

နမ်းရင်းက မျိုးကြီး နှာသီးလုံးတွေ ပွသလို ရှုံ့သလို ဖြစ်လာကာ ကျွန်တော့်ကို ကြည့်သည်။ ကျွန်တော်ကလည်း အမေးမခံဘဲ. . .

"ကဲ. . . သူငယ်ချင်း၊ မင်းရွှေဖြစ်တဲ့နေ့ ငါလက်ဖက်ရည်နဲ့ ဂုဏ်ပြုမယ်ကွာ. . . ဟုတ်ပြီလား၊ ငါလစ်တော့မယ်"

"ဩော်. . အေး. . ဟဲဟဲဟဲ. . တကယ်နော်"

"တကယ်"





ပြောပြီးသည်နှင့် ဆိုင်ထဲက အပြုံးမပျက်ပြေးရုံတမယ် ထွက်လာခဲ့ပါသည်။ ဆောင်းအကုန် နွေအကူးကာလဖြစ်၍ လေရူးတချို့ နွေမူး မူးပြီး ယိမ်းဝေ့လာကြသည်။ လေပူမှန်း သိသော်လည်း နေပူဒဏ်လေး နည်းနည်းလျော့သလို ခံစားရတာ ကျေနပ်စရာ၊ ထို့အပြင် ဝဲစားလေး ငြိန်ပါမလာတော့သဖြင့် ခြံတံခါး သော့ဖွင့်ပေးဖို့ အမေလည်း ကျေနပ်သွားမည် ထင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





# ဘကြီးအိမ်က အလွဲများ

**အိမ်**ကို ဝဲစားလေး ပြန်ပါမလာတာ တစ်ခုအတွက် အမေ ကျေနပ်သွားပါသည်။ သို့သော် တန်ဖိုးကြီး ခြံစောင်တစ်ထည် ဆုံးရှုံးသွားခြင်းနှင့် ကျွန်တော့်ကုတင်အောက်မှ ခွေးချေးပုံတစ်ပုံ တွေ့ ခြင်း ကိစ္စကိုတော့ ရက်သတ္တပတ်တစ်ဖတ်လုံးလုံး ပြောမဆုံးအောင် ရှိနေပါသည်။

ဘကြီးလာလျှင် တိုင်မည်ဟုလည်း ဆိုသေးသည်။

နဂိုကမှ အညာသူစစ်စစ် ပီသစွာ နှမျောတွန့်တိုတတ်သူ [illegible] ပိုဆိုးသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ကျွန်တော် လုပ်ခရလျှင် နှစ်ထည်ပြန်ဝယ်ပေးပါ့မည်ဟု ကတိခံကာ သည်ရက်များအတွင်း လျှောက်ထားသောအလုပ်ကိစ္စများကိုသာ အပူတပြင်း စုံစမ်းဖို့ ထွက်ရင်း ခါတိုင်းလို အိမ်အနေနည်းသွားသည်။ မိုးလင်းကထွက် မိုးချုပ်မှပြန်နှင့် အချိန်တွေ ကုန်ခဲ့သည်။

အပြင်ထွက်ရင်း. . မြဘုန်းတို့ဆီလည်း ရောက်ဖြစ်သည်။ ကျောင်းတုန်းက အခင်မင်ဆုံး အတန်းဖော်တွေ ဖြစ်၍ သတိတရ သွားရောက်လည်ပတ်သော်လည်း ဒီကောင်တွေနှင့် စကားပြောရသည့် အလုပ်က အတော့်ကို ဝန်လေးစရာ ဖြစ်လာသည်။

သူတို့ကတော့ ခေတ်စကား၊ ခေတ်အသုံးတွေနှင့် ပြောနေခြင်းပင်။ခက်တာက ခေတ်ထဲမှာ ခလုတ်တိုက် မှောက်လဲပြီး ကျန်ခဲ့သော ကျွန်တော့်မှာ သူတို့စကားကို လိုက်မမီနိုင်အောင် ဖြစ်နေသည်။ 'မင်းတို့ လူနားလည်အောင် ပြောစမ်းပါကွာ' ဟု ကျွန်တော်ကပြောတော့. . . မြဘုန်းတို့ စိတ်ဆိုးကာ ကျောင်းတုန်းက "ဂလန့်" ဟူသော. . နာမည်ပြောင်ကို တရားဝင် ပယ်ဖျက်၍ "ငပိန်း" ဟု အသစ်ပြောင်းခေါ်ကြတော့သည်။

မတတ်နိုင်ပါ. . . ငပိန်းမကလို့ ငပေါပဲခေါ်ခေါ် ကျွန်တော်ကတော့ ဘကြီးချီးချပေးထားသော ခေါက်ရိုးအတိုင်း မြန်မာသံပီပီနှင့် မြန်မာစကားစစ်စစ်ကိုသာ ပြောမည်ဟု ဆုံးဖြတ်ထားသည်။

သည်နောက်ပိုင်း စရိုက်မတူသည့်အပြင် စကားပါ မတူတော့၍ ကျွန်တော်လည်း မြဘုန်းတို့ဆီ မဝင်ဖြစ်တော့ပါချေ။

သို့ဖြင့် အလုပ်ကိစ္စ သွားစရာ ခရီးကြောင်း ကုန်သွားတိုင်း အိမ်ကိုသာ တည့်မတ်စွာ ပြန်လာခဲ့လေသည်။ တစ်ရက်တော့ နေ့လည် (၁)နာရီလောက် အိမ်ပြန်ရောက်လာသည်။





"ဟဲ့သား. . အေး. . မင်းစောစောပြန်လာတာနဲ့ အတော်ပဲ၊ မင်းဘကြီးအိမ် တစ်ချက်သွားပေးစမ်း"

အိမ်ရောက်တာနှင့် ထမင်းစားပြီး တစ်ရေးလောက် နှပ်မည်ဟူသော စိတ်ကူးများ ဘကြီးအိမ် သွားရမည်ဆိုသောစကားကြောင့် အလန့်တကြား ထွက်ပြေးကုန်ကြသည်။

အူတွေ တွန့်လိမ်အောင် ဆာလောင်နေမှုသည်လည်း. . . အံတွေးတစ်ချက် မြို့ချတာနှင့်တင်. . ရင်ပြည့်ရင်ကယ် ဖြစ်ကာသွားသည်။

"ဘာကိစ္စလဲ အမေ!"

"မလာတာ ကြာလို့ ဖျားနာနေသလားလို့ သတင်းမေးခိုင်းလို့၊ ဖုန်းဆက်လို့လည်း မရဘူး၊ သူတို့ဆီက ဖုန်းလိုင်းပျက်နေသလား မသိဘူး၊ သွား. . သွား. . ထမင်းစား. . ပြီးရင် ကြည့်မြင်တိုင်ဘက် ခဏလောက် သွားပေးစမ်း"

အမေခိုင်းသောအလုပ်ဖြစ်၍ ကျွန်တော့်မှာ 'ဟုတ်ကဲ့' အပြင် အခြားမရှိတော့ပါချေ၊ သို့သော် နှုတ်မှ ဖွင့်ပြီး ဖြေချင်စိတ်ကို မရှိတော့သဖြင့် စိတ်မပါသလို ခေါင်းညိတ်ပြလိုက်သည်။ အမေကိုကလည်း. . သည်းလွန်းသည်။

ဘကြီး အိမ်ကိုလာပြီး ပြန်သွားတာပင် ဆယ်ရက်လောက်ပဲ ရှိဦးမည်။

ထားပါတော့. . . ပြောပြန်လည်း ကျွန်တော်ပဲ လွန်ရာကျတော့ တာမြက်စည်းနှင့် အလိုက်ခံနေရဦးမည်ဖြစ်၍ ထမင်းစားခန်းသို့သာ ဝင်လာခဲ့တော့၏။

ဘကြီးတို့အိမ်က ကြည့်မြင်တိုင်မှာဟု အလွယ်တကူခေါ်ပြော နေသော်လည်း တကယ့်နေရာမှာ ထီးချေးတန်းဟု ခေါ်သော နေ



www.burmeseclassic.com

www.burmeseclassic.com



တန်းကြီး ရှိသော ထီးတန်းရပ်ကွက်လမ်းမကြီးပေါ်မှာ ဖြစ်ပါသည်။ ဈေးတန်းအနောက်ဖက်ထိပ်ရှိ ညာဘက်ခြမ်း နှစ်ထပ်တိုက်ကြီးသည် ဘကြီးတို့အိမ်ပင် ဖြစ်လေသည်။

ကျွန်တော်ရောက်သွားချိန်က ဈေးကွဲချိန်ခါဖြစ်ကာ ဈေးသွား ဈေးလာများနှင့် ပုတ်အဲ့အဲ့ အနံ့အသက်တို့ကြောင့် နှာခေါင်းရှုံ့ကာ အိမ်ခြံဝင်းထဲ ခပ်သွက်သွက် ဝင်ခဲ့သည်။

တံခါးချိပ်ကိုလှန်ပြီး တံခါးချပ်ကို တွန်းလိုက်သည်နှင့် သံသံချင်း ပွတ်လည်သောအသံကြီး ကျီကျီရိရိ ထွက်ပေါ်လာကာ အပေါ်ထပ် လေသာဆောင်တွင် လဲလျောင်းနေသော ကြီးဒေါ်ကြီး. . ခေါင်းထောင်ကာ ခြံတံခါးကို ငုံ့ကြည့်ပါသည်။

“ဟဲ့. . . ထင်ရှား၊ နင့်အမေ ဘယ်လိုနေသေးလဲ!”

“ဗျာ. . ”

ဒေါ်ကြီးမချော၏အမေးက ကျွန်တော့်စိတ်အာရုံကို အူချောင်သွားစေပြီး ရပ်ကာ မော့ကြည့်မိသည်။

“ဟဲ့. . . ငါမေးနေတယ်လေ၊ ဩော်. . . ဒီကလေး အိပ်ရေးတွေ ပျက်ပြီး ကြောင်တောင်တောင် ဖြစ်နေပါပြီ၊ ငါ့နှယ်. . လာလာ. . အထဲဝင်. . အင်း. . ကျွတ်ကျွတ်၊ ဒူးတွေကလည်း မကောင်း. . . အမလေး. . ကျွတ်. . ကျွတ်”

ဒေါ်ကြီးမချော သူပြောချင်တာပြောပြီး တအိအိ ညည်းတွားကာ အောက်ထပ်ဆင်းလာရန် ပြင်နေသဖြင့် ကျွန်တော်လည်း ယောင်တန်းကန်းနှင့် ဧည့်ခန်းထဲဝင်လာခဲ့သည်။

ကျွန်တော် ဧည့်ခန်းဆက်တီမှာ ဝင်ထိုင်နေခိုက်. . ဒေါ်ကြီးမချော ထော့နင်းကိုင်းကွကာ လျှောက်လျက် ရောက်လာပါသည်။ ထို့နောက် ဆက်တီဝိုင်းထိပ်တွင် နံရံနှင့် ကပ်လျက် ရှိနေသော အအေးခန်း





သေတ္တာထဲမှ ဖျော်ရည်ဗူးတစ်ဗူး ဆွဲထုတ်ပြီး စားပွဲပေါ်ရှိ လင်ဗန်းထဲမှ ဖန်ခွက်တစ်ခွက်ကို မ,လှန်ကာ ဖျော်ရည်ထည့်ပေးသည်။

“ဒါလေး တစ်ခွက်လောက် သောက်လိုက်စမ်း ငါ့သား၊ ပြီးမှ အာရင်းကိုစွ ဖြည်းဖြည်းပြော. . . ”

“ဟုတ်”

ကျွန်တော်လည်း နွေပူပူ၊ သွေးဆူဆူနှင့် လာခဲ့ရ၍ ဖန်ခွက်ထုမ်းယူကာ တစ်ကျိုက်လောက် မော့သောက်ပစ်လိုက်သည်။

ချဉ်မြချိုမွှေးကာ အေးနေသောဖျော်ရည်က အရသာရှိပါသည်။

နေအပူရှိန်ကြောင့် နွမ်းနယ်မှုကို တဒင်္ဂအတွင်း ပြေပျောက်စေသော်လည်း စောစောက ဒေါ်ကြီးလှမ်းပြောသော စကားအား ရှင်းလင်းအောင် မဆောင်ရွက်နိုင်ပါချေ။

ဒေါ်ကြီးက ဖျော်ရည်ဗူး ပြန်သိမ်းပြီး. . ဆက်တီမှာ ဝင်ထိုင်တာ. . .

“အေး. . . မင်းဘကြီးကတော့ ပြောပါတယ်၊ ငါ့တူလေး ထင်ရှားက ဘုန်းကြီးပြီး အသက်ရှည်မယ့်သားတဲ့၊ အမေကို ပြုစုလိုက်ရတာများ အိပ်ဖို့စားဖို့တောင် သတိမရဘူးတဲ့၊ ဟုတ်ပါရဲ့. . . ငါ့သားလေး မျက်နှာတွေတောင် ချောင်လို့. . ”

ကျွန်တော် သောက်ရင်း၊ နားထောင်ရင်း အင်းမလုပ် အဲမလုပ်ဖြစ်လာရအောင်ပင် ကျိုးတိုးကြောင်တောင်ဖြစ်လာသည်။

“အခု ဗမာဆရာနဲ့ ပြောင်းကုမှ အဆင်ပြေလာတယ်ဆို”

“ဗျာ. . ”

“ဘယ်က ဆရာလဲ၊ နာမည်လေး လိပ်စာလေးတော့ သိထားသင့်တယ် တူလေးရယ်၊ တို့က အသက်အရွယ် ရလာပြီ မေ့တတ်လား



www.burmeseclassic.com

www.burmeseclassic.com



အခုဝဲကြည့်၊ စားပြီးတာနဲ့ ခေါင်းတွေထိုး၊ ထိုင်ရ ထရတာလည်း မတောင်း၊ နည်းနည်းအေးတဲ့ရက်တွေဆို ဒူးထဲမှာ အပ်တွေ ဆယ်ချောင်းလောက် ဝင်နေသလိုပဲ၊ စူးလိုက် ကိုက်လိုက်တာမှ၊ အဲဒါကြောင့် မိထား ဒီလောက်ဖြစ်နေတာတောင် ငါလိုက်မကြည့်နိုင်ဘူး၊

မင်းဘကြီးကတော့ သူ့နှမကို အတော်ချစ်ရှာသား၊ ရုံးပိတ်ရက်လည်း အဲဒီမှာ၊ ရုံးဖွင့်ရက်တွေတောင် ညနေအပြန် အဲဒီကို ဝင်ပြီးမှ အိမ်ရောက်တာ၊ အေးလေ. ... ဒေါ်ကြီးလိုက်မကြည့်နိုင်လို့ သူ့ခမျာ ဝင်ပန်းရရှာတာပါ. . "

ကျွန်တော် နားထောင်ရင်းက အနည်းငယ် သဘောပေါက်လာပါသည်။

ဒေါ်ကြီးပြောတဲ့စကားတွေထဲမှာ အမေ နေမကောင်း၊ ဘကြီးလူနာမေးနေရ၍ အိမ်ပြန်နောက်ကျ၊ ထိုအကြောင်းအရာနှစ်ခု တစတား၏ကိုယ်ထည်အစစ်ဖြစ်သည်။ အမေ့ကျန်းမာရေး ဒေါင်ဒေါင်မြည်တာ သေချာသည်။ ဘကြီးမှာ ခိုင်လုံသောအကြောင်းပြချက်နှင့် လျှို့ဝှက်ကိစ္စတစ်ခု ရှိတာ သေချာသည်။

"ဒါနဲ့ လာရင်းကိစ္စကရော"

"ဗျာ. . ဟို. . အဲ"

"ငါသိပြီ. . . ဆေးဖိုးလိုရင် မင်းကြီးဒေါ်ဆီ ခဏသွားလှည့်ထားလို့ မင်းဘကြီး မှာထားခဲ့တယ် မဟုတ်လား!"

ကျွန်တော် ဘာပြောရမှန်း မသိတော့၍ အူတူအတ ဖြစ်နေခြင်းက ဝန်ခံသလို ဖြစ်နေတာ ဒေါ်ကြီး အင့်အဲညည်းကာ ထရပ်လျက် အတွင်းခန်းဘက် ဝင်သွားလေသည်။

ဒေါ်ကြီးထွက်သွားမှ ကျွန်တော်လည်း ညှစ်ထားသောစိတ်ကို ဖြေလွှတ်ကာ အသက်ဝဝ ရှူသွင်းမိသည်။





ပြဿနာကြီးကြီးလား သေးသေးလားတော့ ကျွန်တော် မသိပါ။ သေချာတာတစ်ခုမှာ ဘကြီး၏လျှို့ဝှက်စီမံချက်ထဲ ကျွန်တော် နားရွက်ညှပ်မိသွားခြင်းဖြစ်သည်။ ခဏကြာသော် ဒေါ်ကြီး ထော့နင်းထော့နင်း ပြန်လာကာ ဝင်ထိုင်ရင်း ကျွန်တော့်ရှေ့သို့ စာအိတ်တစ်အိတ် ချပေးလိုက်. . .

"တစ်သိန်းယူသွား. . . မင်းဘကြီးကလည်း ငါ့ကို မှာထားပြီးသားမို့လို့ ငွေတို အဆင်သင့် ဆောင်ထားတာ၊ ဒီနေ့ ရုံးဖွင့်ရက်ဆိုတော့ ညနေ မင်းဘကြီးလာရင် ပြောလိုက်. . . ဟုတ်ပြီလား"

ကျွန်တော် နှုတ်မှ ပြောရန် အလွန်ဝန်လေးနေတော့သဖြင့် ခေါင်းညိတ်ရတော့သည်။

ထိုအခိုက် အတွေးတစ်ခု ဖြတ်ခနဲ ဝင်လာပြီး. . .

"ဩော်. . . ဒေါ်ကြီးတို့ ဖုန်းလိုင်း ပျက်နေတာလား!. . "

"အေးလေ. . . မင်းဘကြီးက လိုင်းမင်းခေါ်ပြီး ပြင်မယ် ပြင်မယ်နဲ့၊ အလုပ်ကလည်းများ၊ မိထားကလည်း မမာဆိုတော့ မလုပ်နိုင်ဘူးလေ၊ အရေးအကြောင်းရှိရင် Handphone ခေါ်လေ၊ သူ့မှာ ပါနေတာပဲဟာ. . "

"ဟုတ်ကဲ့ပါ. . . ဒါဖြင့် ကျွန်တော်သွားလိုက်ပါဦးမယ်"

"အေး. . အေး. . ဩော်၊ ဟို. . ငါ့သား ကူနိုင်ရင် ကူပါလား၊ မင်းဘကြီး ညနေလာရင် မေးလိုက် ဖုန်းလိုင်းပြင်ဖို့ကိစ္စ ဘယ်လိုလုပ်ရမလဲလို့၊ သူပြောတဲ့အတိုင်း သားတစ်ချက်လောက် လာလုပ်ပေး၊ လုပ်တတ်တာ လိုင်းမင်းတွေ သူတို့ဖာသာ လာလုပ်လိမ့်မယ်၊ သားတ ဆက်သွယ်ပြီး အိမ်ကို လာပို့ပေးရုံပဲ. . "

"ဟုတ်. . ဖြစ်. . ဖြစ်ပါတယ် ဒေါ်ကြီး"

"အေးကွယ်. . . ဖုန်းလေး ကောင်းနေတော့ ဒေါ်ကြီး မောာ



www.burmeseclassic.com

www.burmeseclassic.com



နိုင်တာတောင် မင်းအမေကို ဖုန်းနဲ့ သတင်းမေးလို့ ရတာပေါ့နော်

"ဟုတ်ကဲ့ပါ. ."

ကျွန်တော့်စိတ်ထဲ ရှိတဲ့အတိုင်း ပြောရလျှင် ဘကြီးနှင့် ကျွ
တော့်ကြားမှာ လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေပြီ၊ မကြာ
မုန်တိုင်းတစ်ခုအသွင် ဖြစ်ပေါ်လာလိမ့်မည်ဟု ယုံကြည်သည်။ မုန်တိုင်
ငယ်လေးတစ်ခုသာ ဖြစ်ပါစေဟု ဆုတောင်းရတော့မည်။

အိမ်ခြံဝန်းထဲ ဝင်လိုက်သည်နှင့် အပြင်ထွက်ဖို့ ပြင်နေသော
အမေနှင့် ဆုံကြသည်။ အိမ်နေအဝတ်အစားနှင့်ဖြစ်၍ ချောပုတို့ဆိုင်
လောက် သွားဖို့ စိတ်ကူးရှိပုံရသည်။

"တွေ့ခဲ့လား သား. . . ဘာတဲ့လဲ!"

"ဟုတ်. . ဒေါ်ကြီးနဲ့ တွေ့တယ်၊ ဘကြီးနေကောင်းတယ်၊ အ
လုပ်များနေလို့ မလာနိုင်တာတဲ့၊ အရေးကြီးရင် Handphone ခေါ်တဲ့
အိမ်က ဖုန်းလိုင်းပျက်နေတယ်တဲ့. ."

"ဪ. . . အဲဒါကြောင့် ငါဖုန်းခေါ်လို့ မရတာကိုး၊ အေး. .
အေး၊ အမေ ချောပုတို့ဆိုင်ဘက် အကြွေးသွားတောင်းလိုက်ဦးမယ်"

ကျွန်တော်ခေါင်းညိတ်ပြပြီး အိမ်ထဲ ဆက်ဝင်လာခဲ့သည်
လမ်းမှာ ကြိုတင်စဉ်းစားလာသည့်အတိုင်း ပြောလိုက်နိုင်၍ ဒေါ်ကြီးနှင့်
ပြောရသလို ထစ်အမနေဘဲ ချောမွေ့ပါသည်။ ဒီနေ့အဖို့ မုသားတွေ
မိုးမှုန်နေသော ကျွန်တော့စိတ်တွေ ညအိပ်ယာမဝင်မချင်း အုံ့ပြာနေ
တော့မည်။

ဧည့်ခန်းထဲ ရောက်မှ ဆက်တီပေါ် ပစ်လှဲချပြီး ခဏလောက်
မှိန်းလိုက်သည်။

ပြီးမှ. . ဘောင်းဘီနောက်အိတ်ထဲ ခိုးလိုးခုလု ဖြစ်နေသော
ပိုက်ဆံအိတ်ကို ဆွဲထုတ်ကာ စားပွဲပေါ်ပစ်တင်လိုက်၏။





(ဆေးဖိုး လိုအပ်ငွေတဲ့. . . ဘကြီးဘာတွေပြောပြီး ဘာတွေ
နေသလဲ)

ထိုအတွေးဝင်လာမှ ကျွန်တော်သတိရသွားသည်။ ဘကြီးကို
တ်ကြည့်ရင်တော့။



www.burmeseclassic.com

www.burmeseclassic.com





# သက်ကြီးရင်ခုန်သံ

မနေ့က Handphone ခေါ်မိသဖြင့် ဒီနေ့မနက် တူဝရီးနှစ်ယောက် ဆုံရန် အချိန်းအချက် လုပ်ထားသည်။ နေရာက ကုမ္ပဏီရုံးရှေ့ လမ်းတစ်ဖက်က ဒိန်းမတ်ကဖီးဆိုင်မှာ စောင့်ရန်ဖြစ်သည်။

ဘကြီးနှင့်ကျွန်တော် တွေ့လျှင် ငါးဒေါ်ကြီးပေးလိုက်သော ငွေတစ်သိန်းကို ပြန်ပေးလိုက်ရုံပင်။ ထိုကိစ္စအတွက် ဘကြီး ဘာတွေပြောမည်နည်း။

ပြောစရာ မရှိလျှင်တောင် ကျွန်တော့်ဆံပင်တွေတို့ ပြောမှာသေချာသည်။



www.burmeseclassic.com

www.burmeseclassic.com



သည်ကာလအတွင်း ဆံပင်လွတ်လပ်ရေးတိုက်ပွဲ ဝင်တာရော ရှုးချင်ယောင်ဆောင်တာပါ ပေါင်းပြီး ပျော့ညွတ်ဖြောင့်စင်းနေသော ကျွန်တော့်ဆံပင်တွေ ချစ်စရာကောင်းအောင် ရှည်လွန်းနေပါပြီ။

ဘကြီးမျက်လုံးထဲမှာတော့ မုန်းစရာကောင်းနေမည်. .၊ ထို့ကြောင့် ဆံပင်ကို နောက်ကနေ စုစည်းကာ လျှာထိုးဦးထုပ်တစ်လုံး ဝယ်၍ ဖိဆောင်းထားလိုက်သည်။ လမ်းလျှောက်လာရင်း ကိုယ့်ပုံရိပ်ကို ပြန်မြင်နိုင်သောနေရာမှန်သမျှ လှည့်လှည့်ကြည့်မိသည်။ အတော့်ကို အဆင်ပြေပါသည်။

ယခုမှပင်လျှင် စိတ်ထဲ ပေါ့ပါးကာ ဒိန်းမတ်သို့ ခပ်မတ်မတ်ကလေး လျှောက်လာနိုင်တော့သည်။

ဆိုင်က လေးလွှာအဆောက်အဦး၏ မြေညီထပ်တစ်လုံးကို ဖွင့်၍ ခင်းကျင်းထားသောဆိုင်ဖြစ်ကာ ဖွင့်တာလည်း သိပ်ကြာသေးပုံ မရသဖြင့် သောက်သုံးဖို့ ရောက်လာသူအားလုံး စိတ်ကျေနပ်မှု ရအောင် သန့်ရှင်းသပ်ရပ်နေသည်။

ကျွန်တော် အတွင်းဘက် တစ်ချက်ဝေ့ကြည့်ပြီးမှ အဝင်ပေါက်နှင့် နီးသော ထောင့်စားပွဲတစ်ခုမှာ ဝင်ထိုင်လိုက်ပါသည်။

"ရှယ် ကျဆိမ့်တစ်ခွက်"

ကျွန်တော် လက်ဖက်ရည် မှာပြီး ကုမ္ပဏီရုံး ရှိရာဖက် လှမ်းအကြည့် ရုံးဖက်မှ ဆိုင်ရှိရာဖက်သို့ ကားရှင်းအောင် စောင့်ရင်း ဖြတ်ကူးလာသော ဘကြီးကို မြင်ကာ အနည်းငယ် အံ့အားသင့်သွားသည်။ ဘကြီးကိုတော့ မဟုတ်၊ ဘကြီးဘေးမှ ဘကြီးလက်မောင်းကိုပင် ရင်းနှီးစွာ တွဲဆွဲရင်း အရယ်အပြုံးလေးနှင့် ပါလာသော ကောင်မလေး ဖြစ်သည်။

(အသစ်ကလေး. . ဟာ. . မဟုတ်ပါဘူး၊ ဟိုဝဲစားလေးနဲ့ ဆုံ





ခဲ့ တောင်မလေးပဲ. . နေပါဦး သူက. . ဘယ်လို)

ကျွန်တော့်အတွေးမဆုံးခင် ဘကြီးတို့ ဆိုင်ပေါ် တက်လာကြပြီး ကျွန်တော့်ကို မြင်ကာ ဝင်ထိုင်ကြသည်။ ကျွန်တော်လည်း အတွေးဖြတ်လိုက်ရလေသည်။ ထိုအခိုက်မှာပင် ကောင်မလေး ကျွန်တော့်ကို ကြည့်သည်။ ကျွန်တော်လည်း ကြည့်ပါသည်။ သူမအကြည့်တွေထဲမှာ အင်မရာထဲက အလင်းတစ်ချက် ထွက်လာသလို လက်ကနဲ ဖြစ်သွားပြီး ခေါင်းကို ငုံ့ချပစ်လိုက်သည်။

"မင်းရောက်တာ ကြာပြီလားကွ. . "

"ဟုတ်ကဲ့. . . မကြာသေးပါဘူး ဘကြီး"

ထို့နောက် ဘကြီးက သူမကို တစ်ချက်ငဲ့ကြည့်၍. . .

"သမီး. . . ဒါ အန်ကယ်ရဲ့တူ၊ သမီးတို့ရပ်ကွက်မှာပဲ နေတာ၊ မြင်ဖူးလား!"

သူမ ခေါင်းခါပြသဖြင့် ကျွန်တော် နည်းနည်းတင်းသွားသည်။ အားပါတော့. . မိန်းကလေးဆိုတော့လည်း. . ဆိုတော့လည်းပေါ့. .

"နာမည်က ထင်ရှားလို့ ခေါ်တယ်၊ ရူပဗေဒ အဓိကနဲ့ ကျောင်းပြီးထားတယ်"

သူမ တစ်ချက်မော့ကြည့်ပြီး လှုမှုရေးပြုံး ပြုံးပြသည်။

ဒီနေရာမှာ အပြုံးရဲ့အဓိပ္ပါယ်လေး နည်းနည်းဖွင့်ပြချင်ပါသည်။ (ကျွန်တော်တို့ရပ်ကွက်ထဲက အတင်းအဖျင်း အလွန်အကျွံ ပြောသော ဒေါ်ပြုံးကို ဆိုလိုခြင်း မဟုတ်ပါ) လူ့လူချင်း ရင်းနှီးချစ်ကြည်စွာ ဆက်ဆံနိုင်ရေးအတွက် 'အပြုံး' သည် လွန်စွာမှ အရေးပါပြီး အသုံးဝင်သည့်လှုသည်။

ကျွန်တော်သိသလောက်. . . ချစ်ခြင်းဖွဲ့အပြုံး တွေးပင်သော အပြုံး၊ ဝမ်းသာပီတိအပြုံး၊ ခင်မင်မှုအပြုံး၊ မဲ့ပြုံး၊ မခိုးမခင်ထဲအပြုံး



www.burmeseclassic.com

www.burmeseclassic.com



လူမှုရေးအပြုံး၊ နှုတ်ဆက်အပြုံး၊ နှစ်လိုဖွယ်အပြုံးများမှာ လူတစ်ယောက်နှင့်တစ်ယောက် ဆက်ဆံမှု အခြေအနေပေါ်မှာ မူတည်ပြီး ဖြစ်ပေါ်ပေးရသော အမူအရာဖြစ်သည်။ တစ်ယောက်တည်း တွေးရင်းက ကြိတ်ပြုံးပြုံးရတာမျိုးလည်း ရှိပါသည်။

ထိုအမူအရာများအနက် သူမသည် လူမှုရေးအရ ပြုံးရသော အပြုံးကို ရွေးချယ်ကာ ပြုံးသည်။ လူမှုရေးဆိုကတည်းက စိတ်ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ ပြုံးရသည်ဆိုသော အခိပ္ပါယ်ကို ဆောင်ရသည်။

ကျွန်တော်ကတော့ သူမအလှတရားကို သဘောကျမိသဖြင့် နှစ်လိုဖွယ်ရာ ပြန်ပြုံးပြလိုက်သည်။

ထို့နောက် ဘကြီးက ကျွန်တော့်ကို ကြည့်ပြီး. . . သူမဘက် လက်ဟန်လေး ပြ၍ မိတ်ဆက်စကားဆိုဖို့ ဟန်ပြင်သဖြင့် ကျွန်တော်ကပင်. . .

"သူ့နာမည်က နှောင်းသကြ်န်ပါ ဘကြီး၊ သူ့အစ်မ ဦးသကြ်န်က ဆုံးသွားတာ သိပ်မကြာသေးပါဘူး၊ သူ့မှာ အဖေမရှိတော့ဘူး။ အမေနဲ့ အဒေါ်အပျိုကြီးတစ်ယောက် ရှိတယ်"

ဘကြီး မျက်လုံးပြူးပြီး ကြည့်သည်။ သူမက အံ့အားသင့်စွာ ကြည့်ပါသည်။ သူမ၏အံ့အားသင့်မှုလေးက အလွန်ပင် စွဲမက်စရာ ကောင်းလှသည်။ ထို့ကြောင့် စိတ်ထဲကနေ မျိုးကြီးကို ကျေးဇူးစပါယ်ရှယ် တင်ဖြစ်သည်။

"မင်း အကုန်သိနေတာပါလားကွ"

"ဟုတ်ကဲ့ ဘကြီး၊ ရပ်ကွက်ထဲမှာ သူ့လောက် လှတဲ့သူ မရှိတော့တာကြောင့် မသိချင်သိချင် သိရတာပါ"

ကောင်မလေး အနေခက်သွားပါသည်။ ကျွန်တော့်ကိုလည်း





ဘတ်စောင်းတလေး လှမ်းပစ်သည်။ မတတ်နိုင်ဘူးကွယ်. . . လှတာကို သူ့တယ်လို့ ယဉ်ယဉ်ကျေးကျေး ချီးမွမ်းတာကို မင်း မကြိုက်ရင်. . အတျည်းတန်မ,လို့ ပြောရင်ကော မင်းကျေနပ်မလား မေးရုံသာ ရှိမည်။

ထိုအခိုက် သူမက. . .

"အန်ကယ်. . . သမီးပြန်နှင့်မယ်လေ"

"အေး. . . သမီးအန်တီလေးမှာတာ ယူသွားလေ၊ လက်ဖက်ချည် ပါဆယ်ပါ ယူသွားလိုက်"

ထို့နောက် ဘကြီးကပင်လျှင် စားပွဲထိုးကို လှမ်းခေါ်ပြီး မှာပေးလိုက်သည်။ ကျွန်တော့်စိတ်ထဲ အချိန်နည်းနည်းကြာပါစေဟု ဆုတောင်းနေတဲ့ကြားက ဘယ်လောက်တောင် ပြာလောင်ခတ်နေအောင် ရောင်းချင်နေမှန်း မသိသော စားပွဲထိုးက မြင်ပြင်းကတ်စွာ ဖွတ်ကနဲ ခြင်ဆင်ပြီး ဖွတ်ကနဲ ရောက်လာသည်။ ကောင်မလေး ပေါက်စီနှင့် လက်ဖက်ရည် ပါဆယ်ထုတ် ရသည်နှင့် ဘကြီးကို နှုတ်ဆက်ကာ လစ်တော့သည်။

ဘကြီးလည်း ကျွန်တော်အချိန်ကိုက် ရောက်မလာနိုင်သေးဘူးတု တွက်ပြီး ကောင်မလေးကို ခေါ်ဆင်းလာခဲ့ပုံ ရသည်။ ကျွန်တော့်တို့ မြင်လိုက်တော့ ကောင်မလေးကို ပြန်စေချင်ပုံရပါသည်။ ကောင်မလေး ထွက်သွားမှ ဘကြီးမျက်နှာ ပေါ့ပေါ့ရွှင်ရွှင် ဖြစ်လာကာ. . .

"သူက ငါ့အခန်းက ကွန်ပျူတာစာရေးမကွ တူကြီးရ၊ မင်း သဘောကျလား!"

ဘကြီးစကားကြောင့် ကျွန်တော့်ရင်ထဲ လေးခနဲ ဝင်လာ... ထိုင်ရမလို ထရမလိုတောင် ဖြစ်သွားသည်။ ဘကြီးထံမှ ဒီလိုစကား... ကြားရလိမ့်မည်ဟုလည်း လုံးဝမျှော်လင့်မထားခြင်းကြောင့်လည်း ပြုံးမိပါသည်။

www.burmeseclassic.com



မည်သို့ဆိုစေ နည်းနည်းထူးဆန်းသည်ဟု ခံစားမိကာ ဆက်၍ ငုံ့လင့်သည်။

"မင်း အိမ်ရောက်သွားတော့ မင်းဂျီးဒေါ် ဘာပြောလဲ!"

ထိုအခါမှပင် ကျွန်တော်သတိရပြီး ဘောင်းဘီနောက်အိတ်ထဲက စာအိတ်နှင့် ပိုက်ဆံကို ဆွဲထုတ်ကာ ဘကြီးရှေ့ ချပေးလိုက်သည်။

"ကျွန်တော် ဆေးဖိုးပိုက်ဆံလိုလို့ လာချေးတယ်ထင်ပြီး ပေးလိုက်တာပါ. ."

ဘကြီးပြုံးပါသည်။ လူကြီးရှက်တော့ ရယ်သည်ဆိုသောစကားမှန်လေ၏။ ဘကြီးရှက်နေတာမှ မျက်လုံးတွေတောင် ပုတ်ခတ်ပုတ်ခတ် ဖြစ်သွားသည်။

ကျွန်တော် တစ်သက်လုံး မော့ကြည့်ရမှာ ကြောက်သော ဘကြီးကို ခုလို စေ့စေ့ကြည့်ခွင့် ပေးလိုက်သောကံကိုလည်း အံ့ဩမိပါသည်။

"အေးကွာ. . . ငါ့တူကြီး လိမ္မာပေလို့သာပဲ၊ မင်းဦးထုပ်ကြီး ချွတ်ထားစမ်းပါကွာ"

"ဟုတ်ကဲ့. . . ဟို"

"ဘာလဲ. . . ဆံပင်ရှည်လို့ ငါညှပ်ခိုင်းမှာစိုးလို့လား"

ကျွန်တော်က ပြုံးပြီး အဟီးဟု ရယ်ပြသည်။

"ချွတ်လိုက်ကွာ. . . ခေါင်းပူတယ်၊ ဆံရှည်ထားချင်ရင်လည်း သပ်သပ်ရပ်ရပ် ထိန်းသိမ်းနိုင်ရင် ထားကွာ၊ ဒါ မင်းတို့ခေတ်လူငယ်တွေ စိတ်တူးပဲ"

ကျွန်တော် လှိုက်ခနဲ ပျော်ကာ. . ဦးထုပ်ချွတ်လိုက်သည်။ နောက်မှာ စုစည်းထားသောဆံပင် ထွေးခနဲ ကျလာမှုကြောင့် ကျွန်တော် စိုးရိမ်စိတ်ကလေး ဖြစ်လိုက်ပါသေးသည်။ သို့သော် ဘကြီး





ရှုမစိုက်ပါချေ။ ကျွန်တော့်ဆံပင်တွေကို ကြည့်ရင်း ကျွန်တော့်ဆံပင်နှင့်မဆိုင်သော အတွေးများနှင့်သာ ငေးငိုင်နေပါသည်။ ခဏကြာမှ. . .

"ဒီလိုကွာ နှောင်းသကြံန်ရဲ့အဒေါ်က ဘကြီးတို့ကုမ္ပဏီတန်ထမ်းတစ်ယောက်ပါပဲ၊ ဘကြီးရဲ့လက်ထောက်မန်နေဂျာပေါ့။ မင်းတို့လူကြီးတစ်ယောက်အနေနဲ့ မရှက်တမ်း ဝန်ခံရရင် ငါနဲ့ နှောင်းသကြံန်အဒေါ် မိုးအေးကြည် အတော်နီးစပ်နေကြတယ်"

ကျွန်တော့်ရဲ့အံ့ဩမှုက ရင်ထဲ ပြာနှမ်းသွားလောက်သည်။ အမေသာ ကြားလျှင် ဘုရားတတော့မည်။ ကျွန်တော်ကတော့ မတုံ့နိုင်ဘဲ အူကြောင်ကျား ဖြစ်သွားသောစိတ်ကို လက်ဖက်ရည်တစ်ငုံလောက်နှင့် ချုပ်ရသည်။ ထို့နောက် ဘကြီးထံမှ အလွန်ထူးဆန်းသော အသံတစ်မျိုးနှင့် စကားများ ထွက်ပေါ်လာလေ၏။

"ခက်သားလား တူကြီးရာ၊ မင်းကြီးဒေါ်နဲ့ မင်းအမေသာ သိရင် ကြီးမှ ဝက်သက်ပေါက်ရလားဆိုပြီး ပြဿနာ လုပ်လိုက်မယ့်အမျိုးတော့၊ မတွေးဝံ့စရာပဲ. ."

"အဲဒါများ ဘကြီးရာ၊ ရှော်လိုက်ရင် ဖြစ်တာပဲ မဟုတ်လား"

"ခက်တယ်ဆိုတာ အဲဒါလေကွာ၊ ဆယ်နှစ်နီးပါး အတူရှိခဲ့တဲ့ ရင်းနှီးမှု၊ အပြန်အလှန် ကူညီစောင့်ရှောက်မှု၊ နွေးထွေးစွာ ဆက်ဆံမှုဆိုတာတွေဟာ အလွယ်တကူ ရှော်ပစ်လို့မရတဲ့အပြင် ရင်ချင်း နီးတဲ့သံယောဇဉ်မျိုး ဖြစ်တတ်တယ်လို့ ငါမမျှော်လင့်ခဲ့တာ အမှန်ပဲဟ"

ဘကြီး၏စကားကို နားထောင်ရင်း ကျွန်တော့်အဆင့်အတန်းသာ ဘကြီးအတွက် ဘယ်နေရာမှာ ရောက်နေကြောင်း သဘောပေါက်သလိုလို ရှိလာသည်။ ဘကြီးနှင့် ဆက်ဆံပြောဆိုရာမှာလည်း ရဲတင်းပေါ့ပါးလာသည်။

"ဘကြီးတို့ ဘယ်လောက်ရင်းနှီးသွားလို့လဲ ဘကြီးရဲ့. ."



www.burmeseclassic.com

www.burmeseclassic.com



"သိပ်ဟိုဒင်းကြီးတော့ မဟုတ်ပါဘူးကွာ၊ K.T.V သွားတာလောက်ပါပဲ. ."

"ခင်ဗျာ. ."

"မိုးအေးကြည်က သီချင်းဆိုတာ ဝါသနာလည်း ပါတယ်၊ အသံကလည်း အတော်ကောင်းတာဟ၊ သွားတုန်းကတော့ ဘာရယ် မဟုတ်ဘူး၊ အလုပ်တွေကြောင့် စိတ်ဖိစီးမှု ဖြစ်လွန်းလို့ စိတ်အပန်းဖြေတဲ့သဘောပဲ၊ အဲ့သလို သွားရင်းက နဂိုသံယောဇဉ်ကလည်းရှိ၊ အဲယားတွန်းကလည်း အရမ်းအေးတယ် မဟုတ်လား"

"အင်း. . . ဟုတ်တာပေါ့ ဘကြီးရာ"

ကျွန်တော်ကလည်း ဘကြီးဘာပြောပြော ခေါင်းညိတ်ပြီးသား မျက်စိမှိတ်ကာ ထောက်ခံမဲ အပြည့်ပေးပြီးသား။

"တော်သေးတယ်ဟေ့. . . ငါ့တူကြီး လိမ္မာပါးနပ်မှု ရှိပေလို့၊ မဟုတ်ရင် မနေ့က ပွဲဆူပြီဟေ့၊ အဲဒီတော့. . ရော့. . ဒီငွေက မင်းအတွက် မုန့်ဖိုး"

"ဟာ. . . ဘကြီးကလည်း"

"ဟေ့ကောင်. . . ပေးရင်ယူ ကျွေးရင်စား၊ ငါ့ဘာသာ ဘာလုပ်လုပ် ဘာဖြစ်ဖြစ် ငါက မင်းဘကြီးပဲ. . . ရှင်းလား"

"ဟုတ်. . ဟုတ်ကဲ့"

ကောင်းပြီကောင်းလျက်နှင့် ကြားနေကျအသံမျိုး ဘကြီးထံမှ ထွက်ကျလာ၍ ကျွန်တော်လည်း လန့်နေကျအတိုင်း လန့်သွားကာ ပိုက်ဆံအိတ်ကို လှမ်းယူထားလိုက်ရသည်။ ဒီတစ်ခါ လန့်ရတာ တန်ဝါသည်။

"ဩော်. . . ကြီးတော်ကြီးက မှာလိုက်တယ် ဘကြီး၊ ဖုန်းကိစ္စ ဘယ်လိုလုပ်ရမလဲ ဘကြီးကို မေးပါတဲ့၊ ပြီးရင် ကျွန်တော့်ကို လာလုပ်





ဆေးဖို့ မှာလိုက်တယ်. ."

ဘကြီးမျက်လုံးတွေ ပြူးကျယ်ကုန်ကာ ခေါင်းကို ရှေ့တိုးလျက်

"အဲဒါ ငါဖြုတ်ထားတာ. . . သွားမလုပ်နဲ့. ."

"ဩော်. ."

"မဩော်နဲ့လေ. . . ဖုန်းကောင်းရင် တဝွမ်ဝွမ် ဆက်လို့. . ပြဿနာတွေ တက်ကုန်မှာပေါ့၊ အဲဒါကို ဒီလိုလုပ်၊ ဖုန်းလိုင်းမင်းသမားတွေကို မှာပြီးပါပြီလို့ပဲပြော. . . ကြားလား"

"ဟုတ်ကဲ့. ."

"ဒီမှာ ငါ့တူ၊ ငါလည်း အသိကြီးကြီးနဲ့ ကြီးလာတဲ့ အသက်ကြီးအရွယ်လွန်တစ်ယောက်ပါပဲကွာ၊ ငါ့ရဲ့အလိုဆန္ဒကြောင့် မင်းကြီးဒေါ်ကို စိတ်ဆင်းရဲအောင် မလုပ်ဘူးလို့ ငါကတိပေးတယ်၊ မင်းကလည်း ငါ့ကို ဆတ်နိုင်သမျှ ကူပြီးနေပေး. . . ဟုတ်ပြီလား. ."

"ဟုတ်ကဲ့. ."

"အေး. . . အရွယ်လွန်မှ ခုန်လာတဲ့ရင်ဟာ နုစဉ်က ခုန်ခြင်းထက် ပိုပြင်းထန်တယ်၊ ဒါကို သက်ကြီးရင်ခုန်သံကို ခံစားဖူးတဲ့သူတိုင်း သိတယ်ကွ"

"ဟို. . . ကျွန်တော်မသိလို့ပါ ဘကြီး၊ အရွယ်လွန် ရင်ခုန်သံက ဘာကြောင့် ပိုပြင်းထန်ရတာလဲ. ."

ဘကြီး မျက်လုံးကြောတွေ ရှုံ့တွသွားပြီး လက်ဖက်ရည် လက်ကျန်နဲ့ ပန်းကန်လုံးကို ကျွန်တော့်ရှေ့တိုးကာ လက်ညှိုးထိုးပြလျက်. . .

"ဒါဟာ လက်ဖက်ရည်မှန်း မသိရင် လက်ဖက်ရည် အရသာကို သိပါ့မလား!. ."

"ဟုတ်ကဲ့. . . မသိပါဘူး"

"အေး. . . သိတော့ သောက်တယ်. .၊ အရသာလည်း ခံစား



www.burmeseclassic.com

www.burmeseclassic.com



တတ်တယ်၊ ပိုသိလေ ပိုသောက်လေပဲ၊ အရွယ်လွန်သွားရင် အရွယ်ငယ် တဲ့သူတွေထက် ပိုသိတယ်ကွ. . "

ကျွန်တော် ရှင်းလင်းသွားပါသည်။ ထို့နောက် ဘကြီးက. . .

"မင်း နှောင်းသကြန်နဲ့ နီးစပ်အောင်ကြိုးစားကွာ"

"ခင်ဗျာ. . "

"ဟေ့ကောင်. . . အူတူတူ-အတတ လုပ်မနေနဲ့၊ မင်းလည်း အလုပ်လုပ်တော့၊ ငါ့ဆီမှာ လာလုပ်ဆိုတော့လည်း ဝေ့လည်ကြောင် ပတ်နဲ့၊ ဒီနောက်ပိုင်း ငါ မင်းကို နှောင်းသကြန်နဲ့ ပတ်သက်ပြီး တိုးတတ် ဖြစ်ထွန်းတာ မြင်ချင်တယ်ကွာ. . "

"ဟုတ်. . . ဟုတ်ကဲ့၊ ကျွန်တော်ကြိုးစားပါ့မယ်. . "

"အေး. . အေး. . ငါလည်း ကူညီမှာပါကွ၊ ဟဲဟဲဟဲ. . . တိုင်း. . သွားတော့. . "

"ဟုတ်. . "

ထို့နောက် ဘကြီးကို နှုတ်ဆက်ကာ ဆိုင်အပြင်ဖက် ထွက်လာ ခဲ့ပါသည်။ အပြင်ရောက်မှ သက်ဖိုသက်မ ချတာ ခေါင်းကို ယမ်းခါပစ် လိုက်သည်။ ခေါင်းခါလိုက်မှ ဦးထုတ်ကို သတိရပြီး နောက်ပြန်လှည့်စဉ် ဘကြီး ဆိုင်ထဲက ထွက်လာပြီး ဦးထုပ်မြှောက်ပြကာ. . .

"ငါယူသွားပြီဟေ့. . "

"ဩော်. . ဟုတ်"

ကျွန်တော် ပြန်လှည့်လိုက်၏။ စိတ်ထဲမှာ ဘယ်လိုကြီး ခံစားနေ ရမှန်း မသိသော ခံစားမှုက အလွန်ဆိုးပါသည်။ ထိုခံစားမှုဆိုးဆိုးနှင့်ပင် တွေးကြည့်သည်။

ဘကြီးလို လူတစ်ယောက်မှာ ဒီလို လူကြီးလူကောင်း မဆန် သော အမူအကျင့်မျိုး ရှိသည်ဟု ပြောလျှင် ယုတ်စွအဆုံး မစင်ငုံပြီး





ဖြောတောင် မယုံရေးချ မယုံကြည်။ ကောင်းပြီ. . . ဘကြီးလို လက်သီး နှန်းသမားတွေ ဒီလောကမှာ။ ဘုရား. . ဘုရား။ ကျွန်တော် အခုမှပင် ဘုရားတမိလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# ရွှေဝဲစား

ဘကြီးနှင့် အပြင်မှာ ဆုံပြီး နောက်တစ်နေ့မှာပင်.. ကျွန်တော် အလုပ်လျှောက်ထားသော ကုမ္ပဏီမှ အလုပ်ခန့်စာ ရောက်လာပါသည်။ ပြည်ပအကြီးစား စက်မှုလုပ်ငန်းကုမ္ပဏီကြီးတစ်ခုနှင့် ဆက်စပ်လုပ်ကိုင်သော လယ်ယာသုံး စက်မှုပစ္စည်း ထုတ်လုပ်ရောင်းဝယ်ရေး ကုမ္ပဏီဖြစ်သည်။

ကျွန်တော် ပထမဦးဆုံး အလုပ်စဝင်သည့်ရက်မှာ အမေ့ထံမှ ကျွန်တော်မကြားဖူးသေးသော စကားကို ကြားရသည်။

"သား ဒီမှာ ထမင်းချိုင့်.."

ကျွန်တော် ထမင်းချိုင့် ယူပြီး လှည့်အထွက်..



www.burmeseclassic.com

www.burmeseclassic.com



"နေဦး သား"

ကျွန်တော် ရပ်ပြီး လှည့်ကြည့်တော့ အမေ အနားသို့ ရောက်လာကာ ကျွန်တော့်မျက်နှာကို မော့ကြည့်သည်။

"အမေ ဝမ်းသာလိုက်တာ သားရယ်၊ ငါ့သားလေးတော့ လက်ကြောမတင်း လူပျင်းကလေး ဖြစ်နေပြီလို့ တွေးရင်း တစ်ယောက်တည်း ဝမ်းနည်းလာခဲ့ရသမျှ ဒီနေ့တစပြီး ဝမ်းနည်းစရာ မလိုတော့ဘူးပေါ့။ ကျေးဇူးပါ သားရယ်၊ ဒါဟာ သားဘဝအတွက် အမေ မြင်ချင်လွန်းလှတဲ့ ပုံစံပါ၊ ကြိုးစားနော် သား. . . ကြားလား"

"ဟုတ်ကဲ့ပါ အမေ"

ကျွန်တော်ကတိပေးရင်း အမေ့မှာ ဒီလိုစကားမျိုးတွေ ရှိသလားဆိုသော အံ့ဩမှုမျိုးနှင့် ကြည့်မိသည်။ ပျော်လည်း ပျော်ပါသည်။ မိုးလင်းမိုးချုပ် စိတ်မထင်လျှင် မထင်သလို ဆူပူကြိမ်းနေတာမျိုး၊ အလကား ဆန်ကုန်မြေလေး လက်ကြောမတင်းတဲ့ လူပျင်းဟု အပြောခံရတာမျိုး မရှိတော့ပြီ။

"သားရှေ့မှာ စံနမူနာကောင်း ယူရမှာ သားရဲ့ဘကြီးပဲကွယ်"

ထိုစကားတစ်ခွန်းက ကျွန်တော့်ကို ထမင်းနင်သလို နင်သွားစေသည်။

"ဘကြီးရဲ့အလုပ်ပေါ်မှာ လုံ့လဖြို့ ကြိုးစားမှု၊ အနေအထိုင်၊ အပြောအဆို အကျင့်သီလကအစ ငါ့သား အတုယူပြီး ကြိုးစားစမ်းကွယ်၊ ကဲ. . သွား. . သွား၊ နောက်ကျမယ်. . "

အမေကျေနပ်အောင် ခေါင်းညိတ်ပြကာ ထွက်ခဲ့သည်။ အမေ့စကားကို ဘကြီးကြားလျှင် ငါပြောသလိုလုပ် ငါလုပ်သလို လိုက်မလုပ်နဲ့ဟု ပြောမလား တွေးမိပါသေးသည်။

"ကိုထင်ရှား. . "





ချောပုတို့ဆိုင်နား ရောက်မှ နောက်က ခေါ်သံကြောင့် လှည့်ကြည့်သည်။

(နှောင်းသကြန်)

သူမ ကျွန်တော့်ထံသို့ ခပ်သွက်သွက် လျှောက်လာရင်း ပခုံးသွယ်ထားသော မိန်းမကိုင်အိတ်ကို ဖွင့်သည်။ ထို့နောက် လျှာထိုးဦးထုပ်တို ဆွဲထုတ်ကာ အနားရောက်လာမှ လှမ်းပေး၏။

"ဟိုတစ်နေ့က အန်ကယ့်ဆီ လာရင်း ကျန်ခဲ့တာ၊ အန်ကယ်က ပေးပေးပါဆိုလို့"

"ကျေးဇူးပဲ. . . အခု ရုံးသွားမှာလား!"

"အင်း. . "

"လာလေ. . . အတူသွားကြတာပေါ့၊ ငါလည်း ကုမ္ပဏီတစ်ခုမှာ အလုပ်ဝင်နေရပြီ"

"သြော်"

ဒီသြော်လည်း လူမှုရေးအရပဲလားဟု ကျွန်တော် မသိမသာ ကြည့်သည်။ ဟိုတစ်နေ့ကလောက် စိမ်းရင့်သောအရောင်မျိုး သူမမျက်နှာမှာ မတွေ့ရပါ။ ထို့ကြောင့် ကားမှတ်တိုင်ဆီ လျှောက်ကြရင်း ကျွန်တော်စကားပြောဖို့ ကြိုးစားကြည့်ပါသည်။ ဒီနေရာမှာတော့ ဘကြီး၏ ဆုံးမသွန်သင်မှုကို အကြီးအကျယ် နာခံပေးရမည်။

"မင်းကို မေးကြည့်ချင်တယ်"

"အင်း"

"ဟိုးတစ်ခါက ခွေးလေးလေကွာ"

"ဟုတ်. . "

"အဲဒါ တကယ်ပဲ မင်းတို့အိမ်ကခွေး မဟုတ်ဘူးနော်"

"မဟုတ်ပါဘူးဆို. . . ဒါပေမယ့် ဆုံးသွားတဲ့အမေတော့



www.burmeseclassic.com

www.burmeseclassic.com



အဲဒီခွေးသားအုပ်မကို အမြဲတမ်း ထမင်းခေါ်ကျွေးတယ်၊ ပိုင်ရှင်မဲ့ ခွေးပါ၊ မမေမေကတောင် ပြောသေးတယ်၊ ကျွေးမှန်းသိရင် ခြံမှာ လာနေလိမ့်မယ်၊ ကိုက်တတ်ရင် ပြဿနာတက်မယ်လေ၊

အစ်မကတော့ ဝေဒနာသည်လည်း ဖြစ်နေတော့ နောက်ပိုင်း မပြောတော့ပဲ သူ စိတ်ချမ်းသာသလို လုပ်ပစေဆိုပြီး ထားလိုက်တယ်"

"အင်း. . . အစ်မဆုံးပြီးနောက်ပိုင်း ဂရုစိုက်ကျွေးမယ့်လူ လည်း မရှိတော့လို့ အဲဒီခွေးအုပ်လည်း မလာတော့ပါဘူး၊ အမေက လည်း အလာမခံဘူးလေ၊ ကျွေးရတာ ပြဿနာ မရှိပေမယ့် ခြံထဲ လာနေပြီး လူတွေ ထွက်ကိုက်ရင် ပြဿနာ၊ ရပ်ကွက်ထဲမှာ ကိုယ်က လူသစ်ဆိုတော့. . ."

"အင်းလေ. . . ဒါလည်း ဟုတ်တာပါပဲ၊ ဒါပေမယ့် ခွေးရဲ့ သဘာဝက အနံ့သိပ်သိတာကွ၊ အထူးသဖြင့် သူတို့သခင် သူတို့ကျေးဇူး ရှင်လို့ သတ်မှတ်တဲ့သူတွေရဲ့အနံ့ကိုပေါ့၊ မင်းကို မင်းအစ်မနဲ့ မှားပုံ ရတယ်"

ကျွန်တော့်စကားကြောင့် သူမ တွေတွေလေး ဖြစ်သွားပြီးမှ. .

"ဖြစ်တော့ ဖြစ်နိုင်တယ်၊ အစ်မက အရင်တုန်းက အန်ကယ်တို့ကုမ္ပဏီမှာပဲ အလုပ်လုပ်တာလေ၊ နောက်ပိုင်း ရောဂါသည်းလာလို့ နားလိုက်တော့ အခု ကျွန်မ ဝတ်နေတဲ့ အဝတ်အစားတွေက အစ်မရဲ့ အဝတ်တွေလည်း ပါမယ်၊ အဲ. . . ဟုတ်ပြီ၊ အဲ့ဒီနေ့က ဟိုခွေး လိုက်ရှပ် တဲ့နေ့က ဝတ်တာ အစ်မရဲ့ဝတ်စုံပေါ့. ."

"သြော်. . . ဒါကြောင့် ဒီကောင် လိုက်မြှု လိုက်စတာကိုးကွ၊ ဟုတ်ပြီ. . . ဟုတ်ပြီ၊ ငါလည်း အဲဒီကောင်ကြောင့် အိမ်မှာ တော်တော် ပြဿနာတက်သွားတယ်. ."

"ဟုတ်လား"





ကျွန်တော်တို့နှစ်ယောက် ခရီးသွား နားနေဆောင်အောက် ရောက်လာကြသည်။ ကားစောင့်ရင်း ဝဲကျော် မွေ့သွားသည့်အကြောင်း အား ပြောပြလိုက်သဖြင့် သူမ ပြုံးပါသည်။

"ရှင်လည်း အစ်မလိုပဲ တိရစ္ဆာန်လေးတွေ ချစ်တတ်တယ်နော်"

"ချစ်တာရယ်လို့ မဟုတ်ပါဘူး၊ သူ့အသက် သေရတော့မယ် ဆိုတာ သိလို့ သနားတာပါ"

"အခုရော အိမ်မှာ မွေးထားလား၊ ဝဲနာတွေနဲ့ မရွံဘူးလား!"

"သနားမိမှတော့ နူနူဝဲဝဲ သနားရမှာပဲလေ၊ ဒါပေမယ့် ဒီ ကောင် ဖိုးကံကောင်းကွ၊ ရပ်ကွက်ထဲက ငါ့သူငယ်ချင်းတစ်ယောက်က သူမွေးပါရစေဆိုလို့ ပေးလိုက်တယ်"

"သြော်"

ထိုအခိုက် အမိပတိ အပြာတစ်စီး ရောက်လာသဖြင့် ကျွန် တော်ရော သူမပါ တက်လိုက်ကြပါသည်။

ထိုင်စရာနေရာဆိုလို့ နောက်ဆုံးခုံတန်းရှည်မှာ နှစ်ယောက်စာ ဒူးပူးကပ်ကပ် နေရာလေး ရလိုက်သဖြင့် နှစ်ယောက်စာ လေးရာအား ကျွန်တော်ကပင် သဒ္ဒါကြည်ဖြူစွာနှင့် ပေးလိုက်သည်။

တကယ်စကားပြောကြည့်တော့လည်း. . လူမှုဆက်ဆံရေး အလွန်ကောင်းမွန်သော မိန်းကလေးတစ်ယောက်ဖြစ်မှန်း သိလာရတာ ရင်ထဲမှာ ကြည်ကြည်နူးနူး ဖြစ်မိသည်။

ဒီနေ့အဖို့ ဈေးဦးပေါက် ကောင်းမါသည်၊ အလုပ်ထဲမှာလည်း အဆင်ပြေသည်၊ ညနေအလုပ်ဆင်းချိန် ရပ်ကွက်ထဲ ပြန်ဝင်လာမှ ဈေးဘောင်ကျိုးကာ ပြဿနာတက်တော့သည်၊

ကျွန်တော် ချောပုတို့ ဆိုင်ရှေ့က ဖြတ်အလျှောက်၊ ဆိုင်ထဲက ဓိုးကြီးတို့ အမ္ဗာညီအစ်ကို ထွက်လာပြီး ဗိုဒီလို လူကြမ်းဆန်ဆန်. . .



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ရှေ့မှာ ပိတ်ကာရပ် လိုက်သည်။

"မင်း အရှူးပဲတွ ထင်ရှား"

မျိုးကြီးစကားက ကျွန်တော့်ကို အံ့အားသင့်စေသည်။

"ဘာကိုလဲ မျိုးကြီး!"

ထိုအခါ စိုးကြီးက သွားကြားထိုးတံနှင့် ကျွန်တော့်ပခုံးစွန်းကို လှမ်းထိုးလျက်. . .

"မင်း ရှူးချင်ယောင်ဆောင်ပြီး ဟိုခွေးဝဲစားလေးနဲ့ နောက်ပြောင်သွားတဲ့ကိစ္စကွာ. . . ရှင်းပြီလား"

"ဩော်. . . ဒါလား၊ ငါမနောက်ဘူး၊ အဲဒီခွေးကြောင့် အမေနဲ့ ငါ တကယ်ပြဿနာတက်လို့ အပြင်ထွက်ပြေးလာတုန်း မင်းတို့နဲ့ ဆုံတာ မင်းတို့တပဲ လိုချင်တယ်လို့ တောင်းသွားတာ မဟုတ်လားကွာ. ."

"ဟ. . . အဲဒီကတည်းက ဝဲစားဆိုလည်း ဝဲစားလို့ ပြောပါလား"

"ဟင်. . . မင်းပဲ ခွေးဆိုပြီး တရွှတ်ရွှတ် နမ်းတယ်လေ"

"ဟာ. . . တြာတယ် မျိုးကြီးရာ. . . ဖြုတ်"

မျိုးကြီးက စိုးကြီးကို လှမ်းတားပြီး. . .

"အခု မင်းနဲ့ နှောင်းသကြိန်က ဘာအထာလဲ!၊ အမှန်အတန် ဖြေနော်၊ မင်းအဖြေမှားရင် အသေစားမှာ"

ဒီကောင်နှစ်ကောင် ပြောတဲ့အတိုင်း. . တကယ်စားဖို့ မောင်းတင်ထားပြီးဖြစ်ကြောင်း မျက်လုံးတွေ ကြည့်ရုံနှင့် ကျွန်တော် သိသည်။

ဝန်ခံရလျှင် ကျွန်တော်အပျင်းဆုံးအလုပ်မှာ လက်သီးထိုးရသောအလုပ်ဖြစ်သည်။ ထိုထက် ဆိုးဝါးသည်မှာ မိန်းမတစ်ယောက်အတွက် ယောကျ်ားတွေ သတ်ပုတ်ရသော အလုပ်မျိုးကို ကျွန်တော် ပို၍မုန်းပါသည်။ ပွဲကို ပွဲလွှန်းသည်၊ ထို့ကြောင့်. . .





"ဒီလိုလုပ်ကွာ. . . ငါ ဒီပြဿနာအတွက် ခေါင်းစဉ်ဆွေးကြွေရအောင်၊ မင်းတို့ မေးတာလည်း အမှန်အကန် ဖြေမယ်ကွာ. . . ဟုတ်ပြီလား"

"မြန်မြန်ပြောကွာ. . . ကြာလို့"

"အိုခေ. . . အခုအချိန်အထိ မင်းတို့ကို ငါနောက်ပြောင်လိုစိတ် မရှိဘူး၊ ခွေးဝဲစားလို့ မပြောတာကလည်း မယူဘဲ ထားခဲ့မှာစိုးလို့ပါ၊ ထားခဲ့ရင် ဒီကောင် ငါ့နောက် ပြန်လိုက်လာပြီး ပြဿနာရှာဦးမှာ၊ အဲဒါကြောင့် စောင်တစ်ထည်လုံး အဆုံးခံပြီး ပေးလိုက်တာ၊ နောက်တစ်ခုက ငါနဲ့နှောင်းသကြိန် အခုချိန်အထိ အဖြူသက်သက်ပဲ၊ သူတို့ဘကြီးကုမ္ပဏီမှာ အလုပ်လုပ်တာ သိရလို့ ဘကြီးနဲ့ ပတ်သက်ပြီး ရင်းနှီးသွားတယ်"

"မဆိုးဘူး. . . မင်းအဖြေမှန်သွားတယ်"

"နေဦး မျိုးကြီး. . . ထပ်ပြောမယ် အခုဖြူပေမယ့်၊ ယောကျ်ားနဲ့မိန်းမ ရင်းနှီးမှုဆိုတာ အခြေအနေတစ်ခုအပေါ်မှာ မူတည်ပြီး. . အဓိပ္ပာယ်သဘောကို ပြောင်းလဲသွားနိုင်တယ်. ."

"ဘာကွ"

"ငါလည်း လူပျိုပဲလေကွာ. ."

"မင်း. ."

"အခု ခေါင်းစဉ်တပ်မယ်၊ အပျင်းပြေ လက်သီးထိုးကြတာ ဘာကိစ္စမှ မပါကြေး၊ ဘယ်သူမေးမေး ထိုးချင်လို့ ထိုးတာပဲ ဖြေမယ်. . ဘျုနပ်လား!"

"ဟာ. . . ဒီကောင်"

ထိုအချိန်ကလေးအတွင်းမှာပင် စိုးကြီး ဝုန်းခနဲ ခုန်ဝင်လာပြီး သတ်ပုတ်တော့သည်။ ကျွန်တော်လည်း အလွန်ဖျင်းသောအလုပ်ကို

www.burmeseclassic.com

www.burmeseclassic.com



ဂုဏ်သိက္ခာအတွက်၊ သို့မဟုတ် ယောကျ်ားတစ်ယောက်၏မာနအတွက် လုပ်ဖြစ်သွားပါသည်။

ရန်ပွဲကြောင့် ချောပုတို့ဆိုင်ထဲက လူတွေ ထိတ်လန့်တကြား ဖြစ်ကုန်ကာ ထွက်ကြည့်ကြသည်။ ဒီနေရာမှာ မျိုးကြီး၏စိတ်ဓါတ်ကို ဖော်ပြလိုပါသည်။

စိုးကြီးနှင့်ကျွန်တော့် အပြန်အလှန် သတ်ပုတ်နေကြချိန်မှာ သူ လုံးဝ ဝင်မပါပါချေ။ ဘေးက လူတွေ ဖျက်ဖို့ဆွဲဖို့ ပြင်တာတောင် သူက လှမ်းတားထားသည်။

စိုးကြီးမျက်နှာ သွေးအလိမ်းလိမ်းနှင့် မှောက်သွားမှ သူ မချိတင်ကဲ ပြုံးကာ သွားထူမလိုက်သည်။ ပြီးမှ သူ့ညီကို တွဲထူရပ်ရင်း. . .

"ငါတို့နှစ်ယောက် ဝိုင်းထိုးရင် မင်းခံရပြီ ထင်ရှား၊ ဒါပေမယ့် ဒီပွဲ ခေါင်းစဉ်မပါပဲ ထိုးချင်လို့ ထိုးတဲ့ပွဲဆိုတော့ ထိုးချင်တဲ့ စိုးကြီးပဲ ဝင်ထိုးတာ သူနိုင်ရင်နိုင်၊ မနိုင်လို့ ရှုံးလည်းရှုံးပေါ့ကွာ၊ ငါကတော့ မင်းကို ခေါင်းစဉ်တပ်ပြီး ထိုးချင်တယ်၊ မင်းဆန္ဒရှိရင် ငါ့ကို ခေါင်းစဉ် လာမေးကွာ"

ကျွန်တော် မျိုးကြီးစကားကို ချေပမနေတော့ဘဲ လမ်းထဲက ထွက်လာသော တက္ကစီတစ်စီးကို တားလိုက်သည်။ စိတ်ထဲမှာတော့ လေးစားတယ် မျိုးကြီးဟု မြည်တလိုက်သည်။

"နောက်မှ ပြောကွာ၊ စိုးကြီးသွေးထွက်လွန်ရင် မကောင်းဘူး"

ထို့နောက် ကျွန်တော့်ကိုယ်တိုင် ကားတံခါးဖွင့်၍ စိုးကြီးအား နောက်ခန်းထဲ ထိုင်စေသည်။ မျိုးကြီးပါ ဝင်ထိုင်ပြီးမှ ကျွန်တော် ရှေ့ခန်း ဝင်ထိုင်ကာ ဆေးခန်းကို မောင်းပို့ခိုင်းလိုက်ပါသည်။

ဆေးခန်းက သိပ်မဝေးလှသဖြင့် အပြန်တော့ သုံးယောက် သား လမ်းလျှောက်ပြန်ခဲ့ကြသည်။





"ခွေးကောင်. . . မညှာဘူးကွာ၊ ငါအတော်အီနေပြီ"

"ငါညှာတော့ရော မင်းက ငါ့ကို ညှာမှာမို့လို့လားကွ"

"အေးလေ. . . မင်းတို့နှစ်ကောင်က အစောကြီးက ညှိပြီးလုပ်သင့်တာ၊ အခုမှတော့ ပြောမနေနဲ့. . ."

ကျွန်တော့်အိမ်ရှေ့မှာ လူခွဲကြသည်။ မည်သို့ဆိုစေ ကျွန်တော် ကျေနပ်မိပါသည်။ လူငယ်သဘာဝ စိတ်မြန်လက်မြန် ဖြစ်ကြပြီး စိတ်ကောင်းလက်ကောင်း ရှိကြဖို့ လိုအပ်သည်။ ဒေါသဆိုသည်မှာ ခံစားမှု အတိမ်အနက်ပေါ်မှာ အနိမ့်အမြင့် ဖြစ်လာသော သဘောကို ဆောင် ပါသည်။ ဒေါသထဲမှာ အာဃာတတွေ အမုန်းအငြိုးတွေ ထည့်မထားလျှင် ဒေါသဖြစ်ချင်ဖြစ်နိုင်ကြောင်း စိုးကြီးကို ကြည့်ရုံနှင့် ကျွန်တော်သိ သွားသည်။

ထိုအပြင် ရန်ဖြစ်တာ တစ်ခုတည်း သိပြီး သားပြန်ရောက်လာတာကို စိုးရိမ်ကြီးစွာ စောင့်နေရသော အမေတစ်ယောက်၏ဂရုဏာ ဒေါသကိုလည်း ကျွန်တော်သိခဲ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com





# ဝက်မောင်းပွဲ

နွေရက်များ၏အပူရှောင်ပြင်းပြင်းထဲ အလုပ်တက် အလုပ်ဆင်းရင်း တစ်လဆိုသောအချိန်ကာလထဲ ချဉ်းနင်းဝင်ရောက်လာခဲ့သည်။

ထိုကာလအတွင်း ကျွန်တော်နှင့် နှောင်းသကြၠန် ဆုံဖြစ်သော အကြိမ်ရေ အလွန်နည်းပါးပါသည်။ တစ်ကယ်ဆို ချစ်သူတစ်ယောက်ဖြစ်လာဖို့ စိတ်ကူးရှိသော လူတစ်ယောက်အတွက် အခြေအနေပေးဆုံးသော ရင်းနှီးခွင့် ရပြီးသားမို့ တစ်လမှာ သုံးဆယ်ရက် ရှိလျှင် အကြိမ်သုံးဆယ်လောက် တွေ့ဖြစ်အောင် ဖန်တီးမှာ သေချာသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ကတော့ ထိုသို့မဟုတ်ပြီ၊ သည်လအတွင်း ဘကြီး ဦးထုတ်ပြန်ပေးခိုင်း၍တစ်ကြိမ်၊ ဟိုတစ်ရက်ကမှ ညနေရုံးဆင်းချိန် တိုက်ဆိုင်ပြီး ကားပေါ်မှာ တစ်ကြိမ်ထပ်ဆုံဖြစ်ကြသည်။

အမှန်တော့ မနက်ခင်း အလုပ်တက်ချိန် သူမနှင့် ဆုံနိုင်အောင် တမင်ဖန်တီးယူရမည်။ နေ့လည်ချိန် ရုံးမှာ အလုပ်ချောင်လျှင် ဘကြီး တုမ္ဘဏီဘက် ကူးပြီး သဘောတွေ ပေါက်လာအောင် ဖောရွှေလုပ် ရောက်သင့်သည်။

ညနေရုံးဆင်းချိန် ကိုယ်က ဦးအောင်ပြန်၊ ကားမှတ်တိုင် သူပြန်လာချိန်စောင့်၊ ဒါလောက်တော့ လှုံ့လပြုသင့်ပါသည်။ ထိုလှုံ့လ ကျွန်တော့်မှာ ပါးပါးလေးတောင်မှ မရှိပြီ။ အရပ်သုံး ဝေါဟာရအတိုင်း 'ကြံဒိုး' ဆိုသလို ဖြစ်နေကာ ကြံမှကြံသလိုဆိုသော နှလုံးသားမျိုး ကျွန်တော်လည်း နှောင်းသကြာန်ကို ရင်ခုန်မိပါသည်ဟု ပြောလျှင်.. အတော်လွန်လွန်းသည်။

ကျွန်တော်ကိုက လုံးလပြုမှုအလွန်နည်းကာ ရင်ခုန်တာ မ တာ မသေချာသော်လည်း၊ သေချာသည်မှာ ဘကြီးသိလျှင်.. မင်း.. ငတုံးဟု မောင်းမဲပေရော့မည်။

ရုံးပိတ်ရက်နှစ်ရက်မှာ ဒီနေ့တစ်ရက်သာ ကျန်တော့သဖြင့် မနက်ဖြန် ပုံမှန်ဆာ့ကစ်ထဲ ပြန်မရောက်ခင် အပြင်ထွက်လည်မို့ စိတ် ကူးပြီး ဧည့်ခန်းထဲက အထွက် ဖုန်းမြည်သံကြောင့် နောက်ပြန်လှည့် ဖုန်းလက်ခံလိုက်သည်။

"ဟယ်လို.."

(......)

"ဟုတ်ကဲ့ ဘကြီး"

(......)





"အမေ ဈေးသွားတယ်၊ ဘကြီး အိမ်မလာလို့လည်း မျှော်နေတယ်"

(......)

"ဟုတ်.. ကျွန်တော် အခုပဲ သွားလိုက်ပါ့မယ်.."

(......)

"ဟုတ်ကဲ့ပါ"

ကျွန်တော်ဖုန်းပြန်ချပြီး အေးစက်စက်ဖြစ်နေသော နှလုံးသားကို တစ်ချက်နှစ်ချက် ကျို့ထိုးလာပြီး နွေးခနဲ ဖြစ်သွားသည်။

ဒေါ်မိုးအေးကြည်ကို တနင်္လာနေ့ ရုံးတက်ရင် စာရင်းပိတ် လချုပ်သတ် တင်နိုင်အောင် လုပ်ထားပေးဖို့ သွားအကြောင်းကြားခိုင်း ခြင်းဖြစ်သည်။

အမှန်တော့ ဘကြီး ကျွန်တော့်ကို ကူညီနေခြင်းဟု စိတ်က ထင်လည်နေပါသည်။

"ထင်ရှားရေ.."

ကျွန်တော် အိမ်ရှေ့တံခါးပိတ်ဖို့ နံရံမှာ ချိတ်ထားသော သော့ခဲ လှမ်းယူစဉ် ခေါ်သံကြောင့် လှမ်းငုံ့ကြည့်လိုက်သည်။ မြဘုန်းနှင့် ကျော်ဆိုတာ မျက်နှာမမြင်ရလည်း အဝတ်အစားကို ကြည့်ရုံနှင့် သိသည်။

သူတို့နှစ်သက်သော ယဉ်ကျေးမှုအတိုင်း ဆင်အကျီနှင့် ဂေါ်ဇီလာဖိနပ်တွေ စီးကာ ပွပွကွကွကြီးတွေနှင့် ခြံတံခါးရှေ့မှာ ရောက်နေကြသည်။ (စကားချပ်-ဆင်အကျီနှင့် ဂေါ်ဇီလာဖိနပ်ဆိုသည်မှာ မတန်မဆ ကြီးမားမှုကို ခိုင်းနှိုင်းကာ ဥပမာ ပေးခြင်းဖြစ်ပါသည်)

အမေ ဈေးက ပြန်လာချိန်နှင့် တိုးကာ မြဘုန်းတို့နှင့် [illegible] ခဲ့တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အမေ ခြံတံခါး ဖွင့်ဝင်နေ၍ မြဘုန်းက. . .

"အန်းတန် တန်းတန်. . ထန်းလာန်ရှန်. . အဲ. . အဲ အန်တီ ထင်. . ထင်ရှားရှိလား!"

အကျင့်ပါနေသော မြဘုန်း၏ဂေါ်လီစကား. . (အရပ်ပျက် လူငယ်တစ်ချို့ သုံးလေ့သုံးထ ရှိသောစကား)ကြောင့် အမေ မျက်မှောင် ကျုံ့သွားကာ မြဘုန်းတို့ကို ခြေဆုံးခေါင်းဆုံး ကြည့်လိုက်သည်။ အမေ့ မျက်လုံးထဲမှာတော့ ဘယ်လိုမြင်မည်မသိ၊ ကျွန်တော့်အမြင်မှာတော့ ဝဝပုပုနှင့် မြဘုန်းပုံစံက မြန်မာ့ခရီးသွားနှစ် သရုပ်ဖော်ထားသော. . . ဖိုးသာထူးအရုပ်ကို ဂုန်နီအိတ် ဖောက်စွပ်ထားသလို ဖြစ်နေသည်။

ဝေဖြိုးက ပိုဆိုးသည်။ ပိန်ပိန်ရှည်ရှည် ဂဠုန်မျက်မှန် နှာခေါင်း ချိမ်ကလေးနှင့် တုတ်ကွေးမိနေသော ပုတ်သင်ညိုကို. . ဆေးရုံသုံး ဂွမ်းလိပ်ပတ်ထားသလား အောက်မေ့ရသည်။

ထိုအခိုက် အမေ အိမ်ထဲ တစ်ချက်လှမ်းကြည့်ပြီး မြဘုန်းတို့ထံ ပြန်ကြည့်ကာ. . .

"မင်းတို့ ဘယ်သူတွေလဲ!"

"ထန်းရှန်. . သန်းငန်. . ဟာ ဒီပါးစပ်. . ထင်ရှားသူငယ်ချင်း တွေပါ အန်တီ. ."

"ဘာ. . ငါ့သား သူငယ်ချင်း၊ မဖြစ်နိုင်တာကွယ်. . . အခေါ် သားမှာ မျောက်ရှာက လာတဲ့ သူငယ်ချင်းမျိုး မရှိဘူးကွယ့်"

"ဟာ. . . အန်တီတလည်း၊ ဘေထုပ်တွေ ဖွင့်နေပြန်ပြီ. . တျွန်တော်တို့က အမှန်တွေပါ အန်တီရဲ့"

"မင်းတို့ဖာသာ မှန်မှန်မှားမှား လာမနှောင့်ယှက်ကြနဲ့. . . သွားကြ"

"တွိုင်ပဲ ဝေဖြိုး. . ဟပ်စန်း ဟပ်နှုန် ဟုနို ဟိဒုန် ဟိကျွမ်





ထပ်ရှု. ."

"ကိုင်း. . . မင်းတို့ ဘာတွေလဲဟေ့၊ ငါ. . သက်ဆိုင်ရာကို အကြောင်းကြားလိုက်ရမလား!"

ကျွန်တော်ကြည့်နေလို့ မဖြစ်တော့၍ အိမ်ထဲက ထွက်လာခဲ့ပါ သည်။

"ဟာ. . . ဟိုမှာ ထင်ရှား. ."

"ထင်ရှားရေ. ."

"အမေ. . . အဲ့ဒါ သားသူငယ်ချင်းတွေ. ."

"အေးပါကွာ. . . ပြောပြပါဦး၊ ဒီမှာ ထူးအယ်လင်းမယ် လုပ် နေလို့. ."

"ငါကြားပါတယ် မြဘုန်းရာ၊ ငါ့အမေက ထုမယ် နင်းမယ်လို့ တော့ မပြောပါဘူး"

"ဟာ. . . ထူးအယ်လင်းကွ၊ ဒီမှာ. . ဖုန်းဆက်လိုက်ရမလား ထုပ်နေလို့"

"အေး. . . မင်းတို့ အဲဒီလို ကွေ့တီးကွေ့ပတ်တွေ လျှောက် ပြောနေလို့ အမေနားမလည်တာ. ."

ထိုစဉ် အမေက. . .

"ကဲ. . . သား၊ သားသူငယ်ချင်းတွေဆိုလည်း အမြင်မှာ သွား သည့်ခံချေတော့၊ ငါ့မျက်လုံးထဲမှာတော့ တံမြက်စည်းစာတွေချည်းဝဲ"

"ဟုတ်ကဲ့ အမေ၊ ဩော်. . . စောစောက ဘကြီးဖုန်းဆက် တယ်၊ သူလာခဲ့ဦးမယ်တဲ့၊ သားကိုလည်း သူ့ရုံးက ဝန်ထမ်းအရေးသမီး ဆီ အလုပ်ကိစ္စ သွားပြောပေးဖို့ ခိုင်းလိုက်တယ်"

"မြတ်လေးလမ်းထဲ ပြောင်းလာတာ မကြာသေးတဲ့ ဟိုအရပ် ကြီးဆီ မဟုတ်လား၊ အဲဒီအိမ်ကို ရောက်ပြီး သိပ်မကြာဘူး နာရေးဖြစ်



www.burmeseclassic.com

www.burmeseclassic.com



တယ်လေ. . "

ကျွန်တော့်စိတ်ထဲ ဒိန်းခနဲ ဖြစ်သွားပြီး မျက်နှာပေါ်မှာ ထိပ်လန့် တတ်လာတာမျိုး မဖြစ်အောင် အတော်ကြိုးစားလိုက်ရသည်။

အမေများ သိနေသလား၊ သို့သော် ကျွန်တော်သိပ်တွေး နေလို့မဖြစ်။

"ဟုတ်မယ်ထင်တယ်. . . နာမည်က ဒေါ်မိုးအေးကြည်တဲ့"

"နောက်တစ်ယောက်က နှောင်းသကြန်လေ. . ၊ တူဝရီးနှစ် ယောက်လုံး နှင့်ဘကြီးရုံးက. . . "

ဒီတစ်ခါတော့ ကျွန်တော်လန့်သွားသည်။ ကျွန်တော့်မျက်နှာ ပေါ် ရှုပ်ထွေးသွားသော စိတ်သဏ္ဍာန်ကိုလည်း အမေ ဖမ်းဆုပ်မိသွား သည်။

"ငါ့ကို အိမ်မှာ နေတဲ့အဖွားကြီးဆိုပြီး လျှော့တွက်နေတာပေါ့ ဟင်း. . အကုန်သိတယ်၊ ကဲ. . သွား သွား"

မြဘုန်းက လိမ်ဖယ်လိမ်ဖယ်နှင့် လျှောက်လာခဲ့သော ကျွန် တော့်ပခုံးကို လှမ်းဖက်ရင်း လျှောက်သည်။

ဝေဖြိုးက မြဘုန်းကို ကျော်ပြီး လှမ်းကြည့်ရင်း. . .

"မင်း ဖယားကပ်နေပြီလား ထင်ရှား. . "

"ဘာဖယားမှ မကပ်ပါဘူးကွာ"

"ဟင်. . . မကပ်ဘူးသာဆိုတယ်၊ မင်းမျက်နှာတွေက ဖွေးနေ တယ်ကွ. . "

ထိုအခါ မြဘုန်းက. . .

"သန်းရှန် နန်းရှန်ပါကွာ၊ ပန်းရှန်မနေနဲ့ ရှော်ထားလိုက်"

"ကွာ. . မင်းတို့ ငါနဲ့ စကားပြောရင် လူလိုပဲ ပြောကွာ. . "

"ဟ. . အော်တာလေ. . အော်တာ"





"လုပ်မနေနဲ့ ဟော့ကောင်၊ အဲ့ဒီလို ကွိကွိကွကွစကားတွေကို တွင်ခဲ့တာ ဘယ်သူတွေလဲ သိလား!"

"သိတယ်. . . ဂေါ်စကောက်အစ ချော်တာကောက်ကတဲ့. . "

"မင်းတို့ သိလျက်သားနဲ့ မိန်းမလျှာစကားတွေ သုံးနေတာ ရှက်ဘူးလား!"

"မလိုပါဘူး. . . ခပ်ကြီးကြီးလေး ရှာပြီး နားစမ်းပါ၊ အော်တာ လေ. . "

"သေလိုက်ကွာ. . . ငါကတော့ မင်းတို့ အော်သလို မအော်နိုင် ဘူး ဒီလိုစကားမျိုး တတ်ဖို့ လျှာတစောင်း ကိုက်အောင် သင်ရတာချင်း အတူတူ Speaking တက်မယ်ကွာ၊ နိုင်ငံခြားဘာသာစကား လေးခု လောက် တတ်အောင်သင်မယ်၊ ကမ္ဘာပတ်ချင် ပတ်လို့ရတယ်၊ မင်း သားနဲ့ မင်းတို့ကတော့ ဖျာလိပ်ပတ်ပြီး သေရုံအပြင် အပိုမရှိဘူးကွ. . မှတ်ထား"

မြဘုန်းတို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ပခုံး တွန့်ပြကြသည်။

ထို့နောက် တစ်နှစ်သုံးဟု တိုင်ပင်ခေါ်ကာ. . .

"ဂေါ်စကားပြောလို့ သိပ်မကြည်. . . ထင်ရှားတို့က တော ခေါ်လီ. . ဟော့. . အိုးလေးလှုပ်ပါဦး. . ရေအိုးလေး. . . "

"ဝုတ်. . ဝုတ်"

"ဝုတ်. . ဂဲ. . ဝုတ်"

"ဟ. . ဟ. . ထင်ရှားရေ လုပ်ပါဦးဟ. . "

ခွေးကြီးတစ်ကောင် လမ်းပေါ် လှဲအိပ်နေရာမှ ထတော် ချြင့် တစ်ဖက်ခြံထဲက ခွေးနှစ်ကောင် ပြေးထွက်လာတာ လိုက်ဆွဲ သည်။



www.burmeseclassic.com

www.burmeseclassic.com



ဝေဖြိုးရော မြဘုန်းပါ ကျွန်တော့်ကို ကာပြီး. . .

"ဟဲ့. . . ခွေး"

"ဝုတ်. . ဂဲ"

"တောက်. . ဟဲ့ခွေး. . "

ခွေးက သူတို့ရှေ့တည့်တည့် ရှိနေသော ကျွန်တော့်ကို မဆွဲဘဲ မြဘုန်းတို့နှစ်ယောက်ကိုသာ လှည့်မဲနေလေသည်။

"တောက်. . နထောင်. . သွား. . "

ကျွန်တော် နထောင်ဟု ခေါ်သော ခွေးကြီးကို နာမည်ခေါ်ပြီး မောင်းမဲမှ ရှဲသွားကာ တစ်ချက်နှစ်ချက် ဟောင်၍ နောက်ဆုတ်သွားကြသည်။

ထိုအခါမှ မြဘုန်းတို့ သက်ဖိုသက်မ ချကာ. . .

"တော်ပါသေးရဲ့ကွာ. . . မင်းပါလို့ ဝင်လာတုန်းကသာ လိုက်ဆွဲရင်တော့. . . ဟူး"

"အဲဒါ လက်တွေ့ပဲ မြဘုန်း၊ မင်းတို့ အော်တာတွေကို. . လူမပြောနဲ့ ခွေးတောင် လက်မခံဘူး၊ နားမလည်တဲ့ကလေးတွေ အသိအမြင်နည်းတဲ့ လူငယ်တွေ ဒီလိုဝတ်စားပြောဆိုတာကို ငါနားလည်ပေးလို့ ရတယ်၊ မင်းတို့ ဘွဲ့ရပညာတတ်တွေကွာ၊ မိန်းမယူရင်တောင် ကလေးအဖေ ဖြစ်နေပြီ၊ ပေါ်တုန်းကြောင်တုန်းဆိုတော့ ကိုယ့်ကို ပညာသင်ပေးလိုက်တဲ့ကျောင်းနဲ့ ဆရာတွေကိုလည်း အားနာဦးကွာ. . "

"အေးပါကွာ. . ငါတို့လည်း အရှိန်နဲ့ ဆက်လိမ့်နေတဲ့ သဘောပါ၊ ဒီခေတ်ချာတိတ်တွေ အမောက်မြန်တယ်ကွ၊ ချွတ်ကရိုးတွေကြား ဝင်ဟော့တော့ မလန်းမှန်း ကိုယ့်ကိုယ်ကို သိပါတယ်၊ ငါတို့ အခုလာတာလု မင်းကို ဝမ်းသာစရာစကား ပြောမလို့ကွ. . "

ကျွန်တော်တို့ လျှောက်လာရင်း ချောပုတို့ဆိုင်ရှေ့ ရောက်လာ





သဖြင့်. . . .

"ဒီဆိုင်မှာပဲ ထိုင်မလား၊ အပြင်ထွက်မလား!"

"ရတယ်. . . ဒီမှာလည်း ဖြစ်တယ်၊ ဒီမှာ ထိုင်တော့လည်း ကျေးလက် အလန်းလေးတွေ ရှိုးလို့ရတာပေါ့ကွာ"

"ကြီးကြီးကျယ်ကျယ်. . . မင်းတို့က ဘယ်က လာတာမို့လို့လဲ၊ မျက်ခုံးမွှေးမှာတောင် ဖုန်တွေနဲ့"

"ရွှေပေါက်ကလေကွာ. . . ပုဂံသားတွေ၊ ခပ်ညှဲညှဲတွေ မဟုတ်ဘူး"

"ကျန်စစ်မင်း မျက်ရည်ကျမယ့်ရုပ်တွေ. . ဘာသောက်မလဲ!"

"ကျူဆိမ့်ပဲ. . မှာ"

ကျွန်တော် လက်ဖက်ရည် မှာဖို့ လှမ်းကြည့်သည်။ ဆိုင်ထဲမှာ ကျွန်တော်တို့ကလွဲလို့ ဘယ်သူမှ မရှိ၊ ဖျော်ခန်းမှာရော ကောင်တာဘေးခုံနောက်က အခန်းမှာပါ ဘယ်သူမှ မရှိသဖြင့်. . ရွှေရောင်မြေတဖီးဆိုသော ဆိုင်းဘုတ်ပါ ရှိသေးရဲ့လားဟု. . လှမ်းကြည့်မိသည်။ ရှိတော့ ရှိသေးသည်။

ခဏကြာမှ ချောပု ထဘီနှင့် မျက်ရည်သုတ်၊ နှပ်ချေးညှစ်ပြီး ထမီလုံးဝတ်ကာ ဆိုင်ထဲ ဝင်လာသည်။ ကျွန်တော်တို့ဝိုင်းကို မြင်သွား၍ နှုတ်မဲ့မဲ့နှင့် လျှောက်လာကာ မေးပါသည်။

"သောက်မှာလား!. . . "

"အေး. . . နင်က ဘာဖြစ်တာလဲ!"

"ဘာဖြစ်ရမှာလဲ. . . အိမ်ကကောင်ပေါ့၊ မန်ယူမှမန်ယူ ဖြစ်နေတာ၊ အစကတည်းက ငါ့ကို မယူဘဲ မန်ယူပဲ ယူဖို့တောင်ကောင်းတဲ့ အကောင်. . . ဟင်း. . "

မြဘုန်းတို့ ခိကနဲ ရယ်ကြသည်။ ကျွန်တော်တကတော့ ထူရှင်း



www.burmeseclassic.com

www.burmeseclassic.com



တွေမှ မရယ်ဖြစ်။

"အေး. . . အေးပါဟာ၊ ဖာဂူဆန်လည်း အနားယူခါနီးပါပြီ၊ အဲ့ဒီအခါကျ မောင်ဇော်ကို ဖာဂူဆန်နေရာမှာ အစားထိုးဖို့ ငါပြောထေ မယ်၊ လောလောဆယ် ကျဆိမ့်သုံးခွက် ဖျော်လိုက်. . ."

ကျွန်တော့်နှစ်သိမ့်စကားကို ချောပု ကျေနပ်သလား၊ မကျေနပ်သလားဆိုတာ ဖျော်လာသော လက်ဖက်ရည်ကို ကြည့်ပြီး ဆုံးဖြတ်ရ တော့မည်။

ယခုတော့ ဖျော်ခန်းထဲ တန်းဝင်သွားသည်။

"ကဲ. . . ပြော၊ ဘာဝမ်းသာစရာလဲ!. . ."

"ခင်မြဇင် ပြန်ရောက်နေပြီကွ. . "

"ဟုတ်လား. . . ဆံပင်အပုံကြီးနဲ့လား!"

"ကတုံးကြီးနဲ့. . "

"ဟေ. . . ဘယ်လိုဖြစ်တာတုန်း!"

"သူ မင်းကို စိန်ခေါ်ထားတယ်ဆို၊ စလုံးက ပြန်လာရင် သူ့ ဆံပင်က မင်းဆံပင်ထက် အပုံကြီး သာနေရမယ်လို့. . "

"အေးလေ"

"အဲဒါ မင်းကို ရှုံးမှာစိုးလို့ဆိုပြီး သရေကျအောင် ကတုံး,တုံး လိုက်တာတဲ့"

"ဖြစ်မှဖြစ်ရလေကွာ. . အဲ. . အဲဒါက ဝမ်းသာစရာမှ မဟုတ် တာ"

"ဆက်ပြောမယ်လေ"

ချောပု လက်ဖက်ရည်သုံးခွက် လာချပေး၍ ကျွန်တော် ယူပြီး မြည်းကြည့်လိုက်သည်။

ကျွန်တော့်စေတနာကို နားလည်သွားပုံရပါသည်၊ လက်ဖက်





ည်ာ နည်းနည်းကောင်းနေသည်။

ကျွန်တော့်နည်းတူ မြဘုန်းတို့ လက်ဖက်ရည် သောက်ကြ သည်။ ပြီးမှ မြဘုန်း စကားဆက်သည်။

"ခင်မြဇင်က ငါတို့သူငယ်ချင်းတွေ စုပြီး company လုပ်ငန်း တစ်ခု ထူထောင်ကြမယ်၊ စလုံးမှာ သူ့အစ်ကို စပွန်ဆာ ရှိနေတယ် ခင်းနီးမြုပ်နှံမှုကိစ္စက သူ့အဖေက အားလုံးတာဝန်ယူမယ်တဲ့ကွ၊ အဲ့ဒါ င်းနဲ့လည်း တွေ့ချင်နေတယ်"

ကျွန်တော် ခေါင်းတညိတ်ညိတ် လုပ်၍ နားထောင်ရင်း ခင်မြ ဇင်တို့ မြင်ယောင်ကြည့်မိသည်။ အရပ်ကလေး ပုတာကလွဲလို့ ဆံပင် ဆွ မွေးရာပါ ကောက်ကွေးနေတာကလွဲလို့ ကျန်တာအားလုံး အပြစ် ာင်းစွာ လှပချောမောသူလေးဖြစ်သည်။ သွက်လက်ပွင့်လင်းသော ခိုက်ကလေးပါ ထည့်တွက်လျှင်တော့ စောစောက ပုတာနှင့် ကောက် ွေးတာ ပြန်ပေါင်းထည့်နိုင်ပါသည်။

ကျွန်တော်တို့ကသာ သူငယ်ချင်းအမြင်နှင့် ကြည့်မိ၍ သူငယ် ချင်းအဆင့်ထက် မပို၊ ထိုအချိန်က ခင်မြဇင်ဆိုလျှင် အရှင်ရရ ကြိုက်၍ ိုက်နေသူတွေ တစ်ပုံကြီး ရှိခဲ့သည်။

ကျွန်တော့်ကြောင့် ခင်မြဇင် ကတုံး မဖြစ်ခဲ့လျှင် ကျောင်းပြီး ာနဲ့ အိမ်ထောင်လုံးလုံးကျဖွယ် ရှိလေသည်။ သူ့ခမျာ ကတုံးဘဝနှင့် ထုံးမဟု အခေါ်ခံရသည့်အပြင်. . ခေါင်းခေါက်ရွေးနိုင်သော ချစ်သူ ာင်းလျာ မြောက်မြားစွာအား ကျွန်တော့်ကြောင့် ဆုံးရှုံးခဲ့ရသည်။

ထို့ကြောင့် ကျွန်တော်ဝင့်လည်တာလား၊ မသိပြီ၊ ကျွန်တော် ည်း ယခုအချိန်အထိ ချစ်သူမရှိ။ ချစ်စရာကောင်းသူလေး တွေ့တာ ောင် ရင်ခုန်သလို မခုန်သလို ဖြစ်နေသည်။ ဘကြီးကိုယ်တိုင် လမ်း ှင်ပြီး အခြေအနေကောင်းတွေ ပေးတာတောင် ကျွန်တော့်မှာ ဝင်တား

www.burmeseclassic.com

www.burmeseclassic.com



တား။ ဖူးစာမပါတာလား၊ ကိုယ့်ကံကိုကပဲ အိမ်ထောင်ကျကိန်း မရှိတာလား၊ တစ်ခုခုတော့ တစ်ခုခုပင်. . ၊ မည်သို့ဆိုစေ ခင်မြဇင်ကတော့ သူငယ်ချင်းဝတ္တရား ကျေပွန်ပါသည်။ ပိတုံးရောင်ကေသာတွေ ကတုံးပြောင်နေတာတောင် သံယောဇဉ်မပြတ်ဘဲ ဆက်စပ်လာခဲ့ချေပြီတည်း။

"ဘယ်လိုလဲ ထင်ရှား. . . ဘာတွေ တွေးနေတာလဲ!"

"ဩော်. . . ခင်မြဇင်အကြောင်းပါပဲကွာ. . ငါ ဒီလောကတောင် အလွန်အကျွံ နောက်ပြောင်ခဲ့တာတောင် ငါ့ကို သူငယ်ချင်းအဖြစ်က မစွန့်လွှတ်သေးလို့ စိတ်မကောင်းဖြစ်နေတာ. . "

"အဲဒီတော့ သူ့ဆီ သွားကြမလား!. . "

"နေဦး. . . ငါ့ဘကြီး ခိုင်းထားတဲ့ကိစ္စ ရှိသေးတယ်၊ ဒီလိုလုပ်ကွာ. . . မနက်ဖြန်ညနေ ရုံးစောစောဆင်းပြီး ခင်မြဇင်ဆီ သွားမယ်မင်းတို့ သူ့ဆီက စောင့်ပေါ့"

"ဘာ. . . မင်းအလုပ်ဝင်နေပြီလား!. . "

"ဟုတ်တယ်. . . ပြည်ပနဲ့ဖက်စပ်လုပ်ထားတဲ့ လယ်ယာသုံးစက်မှုလုပ်ငန်း ကုမ္ပဏီတစ်ခုပါပဲ၊ လစာတတော့ လောလောဆယ်ငါးသောင်းပဲ ရတယ်"

မြဘုန်းတို့က ကျွန်တော့်ကို အဓိပ္ပါယ်ပါသော အကြည့်တစ်မျိုးနှင့် တိတ်ဆိတ်စွာ ကြည့်ကြလေသည်။

အတန်ကြာမှ ငြိမ်ကုတ်ပြီး ထိုင်နေသော ဝေဖြိုးက သက်ပြင်းမောတွေ မှုတ်ပစ်ရင်း. . .

"သေတယ်ကွာ. . . ဒီတစ်ခါ ငါ မင်းဆီ လာရတာ အရေးအချွတ်ခံရတာပဲ. . . "

ကျွန်တော် မျက်လုံးပြူးပြီး ကြည့်မိသည်။ မြဘုန်းကတော့ မျက်ခုံးရှုံ့သွားသည်။





"ဘယ်လိုကြောင့်လဲ ဝေဖြိုး၊ ငါလည်း ဘာမှ. . "

ဝေဖြိုးက လက်ကာပြပြီး ထိုလက်နှင့်ပင် မျက်မှန်ကို အနည်းငယ် ပင့်တင်လိုက်၏။

"ငါတို့ကတော့ အော်တာပဲ၊ ကျောင်းတုန်းကလဲ ဟော့ရှော့ပဲ၊ ဘယ်အချိန်ကြည့်ကြည့် ကိုယ့်ဖီးလ်နဲ့ကိုယ် လန်း ၊နတယ်၊ ကျောင်းပြီးတာနဲ့ လွတ်ပြီကျွတ်ပြီဆိုပြီး အိမ်ကနေ ပိုက်ဆံတောင်း၊ နေ့တိုင်းအလင်းမိုးချုပ်ရွေ့၊ K.T.V သွားတယ်၊ ဘီယာထိုင်တယ်၊ အကြွေလေးတွေ ရှာပြီး ဇယားကပ်တယ်၊ ဂေါ်ခြင်း လာခတ်လို့ကတော့ တန်းမရှိရင်ကြွတ်တယ်၊ ငါတို့ မလုပ်တာ ဒုတ်ပဲ ရှိတယ်. . .

ဒီကာလအတွင်း ဖားသားကြီး ရေမလန်းဘူး၊ အစ်မနဲ့ အမေနဲ့ဆိုင်ထွက်ပြီး ရေဖန်နေရတယ်၊ အိမ်မှာ ငါပဲ ဒိုင်ခံရေခပ်သုံးနေတာ၊ ဆန်ခံရရင်ကွာ. . . မနက်က မြဘုန်းနဲ့ မင်းဆီ လာဖို့ ငါ အိမ်မှာ ရေရှာကြည့်တယ်၊ မရှိလို့ ဆိုင်မှာ သွားခပ်တာ၊ ဈေးဦးတောင် မပေါက်သေးလို့ မားသားကြီး စိတ်ညစ်နေတာ၊ အဲဒါကို ငါတောင်းတယ်၊ မရလို့ အံဆွဲထဲက အကြွေအမ်းဖို့ ထားထားတဲ့ အကြွေထုပ် မ,ပြီး ထွက်လာခဲ့တာ ထင်ရှား. . ၊

ဒီရောက်မှ မင်းကို မြင်ရတာ မင်းက ရိုးရိုးလေးနဲ့ လန်းနေတယ်၊ အခု အလုပ်တောင် ဝင်နေပြီ၊ ရင့်ကျက်ပြီး တည်ငြိမ်တဲ့မျက်လုံး၊ ကိုယ့်ကိုယ်ကို အားကိုးယုံကြည်မှုဆိုတာတွေ မင်းဆီမှာ တွေ့နေရပြီ၊

ငါတို့ ဘာလုပ်နေကြလဲ၊ ငါတို့ ဘယ်နေရာမှာ ကျန်ခဲ့တာလဲ၊ ချက်ရည်တွေ ရွဲနစ်နေတဲ့ အမေ့ပိုက်ဆံကို ငါတို့ ဘယ်အချိန်အထိ သုံးကြဦးမလဲ၊ ငါ အဲ့ဒါတွေ တွေးရင်းက ကြောက်လာတယ်၊ ခုနေ့ဖားသားကြီးနဲ့ မားသားကြီး ဆုံးသွားရင် ငါဘဝပျက်ပြီ၊ အစ်မတော်လည်း စိတ်နာလွန်းလို့ ငါ့ကို လှည့်ကြည့်မှာ မဟုတ်တော့ဘူး ထင်ရှား အဲဒါ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ဝေဖြိုးဆိုတဲ့ငါ အရေခွံတွေ ကျွတ်ထွက်ကုန်တာ”

ကျွန်တော် လက်ဖျောက်တစ်ချက် တီးလိုက်ကာ ဝေဖြိုးထံ လက်တစ်ဖက် ကမ်းပေးလိုက်သည်။ ဝေဖြိုး လှမ်းဆုပ်ကိုင်သဖြင့် ကျွန်တော် လက်နှစ်ဖက်နှင့် ဆုပ်၍. . . .

“အရည်အချင်းဆိုတာ အဲဒါပဲ သူငယ်ချင်း၊ ကိုယ့်ကိုယ်ကို ပြန်သုံးသပ်နိုင်တဲ့ လူတစ်ယောက်ဟာ သူ့ဘဝရဲ့အလှဆုံး လောကသစ်ကို ဖွင့်လှစ်ဖို့ အဆင်သင့် ဖြစ်နေတဲ့သူပဲ၊ တကယ်လို့များ ပြုပြင်ပြောင်းလဲနိုင်ခဲ့ရင် သာသာယာယာ ဖြစ်သွားပြီ၊ ကြိုးစားပေးပါ ဝေဖြိုး. . ”

“ငါကြိုးစားမယ်ကွာ. . . စိတ်ချ”

“အိုခေ. . . မနက်ဖြန် ပြန်ဆုံကြမယ်၊ ချောပုရေ. . ရှင်းမယ်”

“ဟ. . . ဘာတွေလောနေတာလဲ၊ ဖြည်းဖြည်းပေါ့ကွ”

“ဘကြီးခိုင်းထားတဲ့ကိစ္စ ရှိသေးတယ်ကွ၊ နည်းနည်း ဈေးရှိတယ်. . .”

“ငါတို့ လိုက်ခဲ့လို့ရမလား!. . ”

ကျွန်တော် ငြင်းဖို့စဉ်းစားပြီးမှ နှောင်းသကြန်မျက်နှာကို ကွက်ခနဲ မြင်ယောင်ကာ သွေးကြောင်ချင်သွားသည်။ အပြင်မှာ တစ်ယောက်ချင်း တွေ့တာ ပြဿနာမရှိ။ ယခု သူမအိမ်ရှိ မိသားစုနှင့်အတူ ရောက်တုန်း ထိုင်ပါဦးလို့ ပြောလျှင် ကိုယ်က တစ်ယောက်တည်း ငေါင်ကြောင်ကြောင်နှင့်. . .

“ထင်ရှား. . . ငါတို့ လိုက်မယ်လေကွာ၊ မနက်စာလည်း ဒီမှာပဲ စားမယ်ဆိုပြီး ထွက်လာတာကွ. . . အခုပြန်ရမယ်ဆိုရင် ဟပ်ကော့ကြီး”

“အေး. . . ဒါဆိုလည်း လိုက်ခဲ့လေ၊ အပြန် အိမ်မှာ ဝင်စားကြတာပေါ့၊ တစ်ခုတော့ မှာထားမယ်၊ ငါ့အမေ မျက်စိနောက်အောင်တော့





မလုပ်နဲ့နော်၊ ငါလည်း အခုချိန်ထိ အမေ့ရဲ့ယမထာတ်မြက်စည်းနဲ့. . အန္တရာယ်ခံနေရတုန်းဟ”

“အာ. . . အေးပါကွာ”

ကျွန်တော်တို့ သဘောတူ ထရပ်ကြပြီး ဆိုင်ထဲက ထွက်ကြသည်။

“ဟဲ့. . ဟဲ့. . ပိုက်ဆံရှင်းမယ်ဆို”

“ဆောရီး. . ရော့. . ရော့. . ဓနောက်မှ အမ်းတော့”

ငါးရာတန် ပေးပြီး ကျန်တာ နောက်မှအမ်းဟု ပြော၍ ချောပုဒေါ်ပွကျန်ခဲ့သည်။

မြဘုန်းက အားနာဟန်နှင့်. . .

“တစ်ခွက် နှစ်ရာမဟုတ်ဘူးလား. . သုံးခွက်လေကွာ”

“ငါသိပါတယ်ကွာ. . . ဒါ ငါ့ရပ်ကွက်ဆိုင်ပါ”

ကျွန်တော်တို့ လျှောက်လာကြရင်း ဝေဖြိုးက. . .

“မင်း ရင်ခုန်သံလေးဘာလေး မကြားသေးဘူးလား ထင်ရှား၊ ငါတော့ ရှေ့နှစ်လောက် ယူဖြစ်မယ်ထင်တယ်”

“ဟုတ်တယ်ကွ. . . ဒီကောင့်လိုပဲ အရိုးပဒေသာလေး၊ နှစ်ယောက်ပေါင်းမှ. . ခြောက်ဆယ်သားကျော်ကျော်လောက်ပဲ. . . အဟက်ဟက်”

မြဘုန်း ဝင်နောက်၍ ဝေဖြိုး၏ခပ်ကြွားကြွားလေသံနှင့် မျက်နှာလင်းလင်းတွေ ရုတ်ချည်း လွင့်ကျသွားကာ. . .

“အံမယ်. . . မင်းဟာကရော ဘယ်လောက်တောင် လန်းနေလို့လဲ၊ နှစ်ယောက်ဆင့်ထားတာတောင် ငါးပေမပြည့်တဲ့တောင်တန်းမြှုံးကိုက မချစ်စုလိုလို စိုင်းသီးလိုလိုနဲ့. . ”

“ကဲ. . . ရှည်ရှည်ကိုင်းကိုင်းတွေရော ပုပုတောင်တောင်တွေ



www.burmeseclassic.com

www.burmeseclassic.com



ပါ ခဏရပ်ပြီး ငါ့ရင်ခုန်သံကို နားထောင်ပေးကြစမ်းကွာ. . ”

ဘာရယ်မဟုတ် ဒီနှစ်ကောင် မတည့်အတူနေဆိုသော စကားအတိုင်း စကားနိုင်လုရင်း ငြင်းခုန်ရင်း ငြိကြတာများသော ကျောင်းတုန်းက အတွေ့အကြုံကြောင့် အာရုံလွှဲခြင်းဖြစ်သည်။ ထိုသို့ ပြောပြီးကာမှ သြော်. . ကိုယ့်မှာ ဒီလိုကြွားစရာလေးလည်း ရှိသားပဲဟု တွေးကာ ပြုံးမိသည်။

“ဘာဖြစ်တယ် ထင်ရား၊ ရင်ထုံတယ် ဟုတ်လား၊ ရင်ဘတ်နေရာတွေ ထုံလာရင် လေဖြတ်တာတို့ လေဖျန်းတာတို့ ဖြစ်တတ်တယ်နော်”

“ဟုတ်တယ် ထင်ရား၊ လည်ပင်းတွေရော ထုံလာပြီလား”

မြဘုန်းတို့ အူကြောင်ကြောင် လုပ်လာသဖြင့် ကျွန်တော် မခံချင် ဖြစ်သွားပြီး. . .

“ရှူးချင်ယောင် ဆောင်မနေစမ်းပါနဲ့ကွာ. . ဘယ်ဘုန်းကြီးခြေလှမ်းဘယ်လောက်မြန်မြန် ဆွမ်းစားချိန် အတူတူပဲ. . . လုပ်မနေနဲ့”

မြဘုန်းတို့ ညစ်ကပ်ကပ် အသံပေး၍ ရယ်ကြသည်။

ဝေဖြိုးက. . .

“အောင်ပုတို့လည်း လှည်းနဲ့နွားနဲ့ပေါ့. . . ဒီလိုလား!”

“ဟိုရောက်ရင် မင်းတို့သာ မငမ်းမိစေနဲ့ မင်းတို့ နားလည်ထားဖို့က အခုသွားမယ့်အိမ်က မိန်းကလေးရဲ့ပိုင်ရှင်ဟာ ငါပဲ”

“အိုခေ. . . ငါတို့ကောင်မလေးတွေထက် သာတယ်ဆိုရင် ဂုဏ်ပြုတယ်ကွာ၊ တကယ့်တကယ် စိတ်ရင်းနဲ့ ပြောတာ၊ ငါတို့ ပေါင်းသင်းလာတဲ့ကာလတစ်လျှောက် ယှဉ်ပြီးကြည့်ရမှာဆိုတော့ နည်းနည်းတော့ ငမ်းမယ်ကွာနော်”





“ဟုတ်တယ် မြဘုန်း၊ နည်းနည်း စေ့စေ့စပ်စပ် ကြည့်ဖို့တော့ လိုမယ်ထင်တယ်၊ ငါတို့အသည်းကြီးတွေနဲ့ ယှဉ်ရမှာလေ. . . မဟုတ်ဘူးလား!”

“ဒါပေါ့. . . ဒါပေါ့”

ဒီကောင်နှစ်ကောင် အိမ်ပေါ် ခေါ်တင်လို့ မဖြစ်တော့ဘူးဟု ကျွန်တော့်စိတ်ထဲ နားလည်သွားပါသည်။

ခုမှ ပထမဦးဆုံးတစ်ခေါက် ကျွန်တော်ရောက်မှာဖြစ်ပြီး. . ထိုတစ်ခေါက်မှာပင် ပြဿနာ ရှိလာလျှင်။

မြတ်လေးလမ်းထဲ ရောက်လာ၍ ကျွန်တော်အတွေးဖြတ်ကာ သူမတို့ အိမ်ခြံလေးရှိရာ လှမ်းကြည့်လိုက်သည်။ အိမ်ထဲအထိ တစ်ခေါက်မှ မရောက်ဖူးသော်လည်း အိမ်ခြံရှေ့ကနေ တစ်ခေါက်နှစ်ခေါက်တော့ ဖြတ်လျှောက်ထားဖူးသည်။

ဒါလည်း ဘကြီးမေးလျှင် သိရအောင် လေ့လာထားခြင်းဖြစ်ပါသည်။

ထို့နောက် သူမတို့အိမ်ရှေ့လမ်းတစ်ဖက်ရှိ ကုက္ကိုပင်ကြီးအောက်တွင် ရပ်လိုက်ပြီး. . .

“မင်းတို့နှစ်ယောက် ဒီမှာနေခဲ့ကွာ. . ”

“ဟာ. . ဟေ့. . ငါတို့လည်း လိုက်မယ်လေ”

“မလိုက်နဲ့”

“ငါတို့ လေ့လာ. . ”

“မလိုဘူးကွာ. . . နေခဲ့”

ကျွန်တော် ဖွတ်ထားခဲ့ပြီး လမ်းတစ်ဖက်သို့ ကူးတာ သူမတို့ခြံရှေ့ ရပ်လိုက်၏။ အိမ်ထဲမှ သူမ၏မိခင်ဖြစ်ဟန်တူသူ အမျိုးသမီးကြီးတစ်ယောက် အိပဲ့အိပဲ့နှင့် ထွက်လာကာ ကြည့်သည်။ ထို့နောက်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ရှိရာ ခြံတံခါးဝ ရောက်လာပြီး. . .

“ဘာကိစ္စလဲကွယ်”

“ဟုတ်ကဲ့. . . ဒေါ်မိုးအေးကြည် ရှိလားခင်ဗျာ၊ ရုံးက ဒါရိုက်တာကြီး ဦး. .”

“ဪ. . . အစ်ကိုကြီး၊ အစ်ကိုကြီး မှာလိုက်တာ. . အင်း. . ပြောပါဦး၊ သူတို့တူအရီး ဈေးထွက်ဝယ်ကြတယ်ကွယ်. .”

“ဟုတ်လား. . . ဒါဆိုလည်း ပြောပေးပါ၊ အိမ်ယူလာတဲ့ ရုံးလုပ်ငန်းတွေ တနင်္လာနေ့ အပြီးတင်နိုင်အောင် လုပ်ထားပေးပါလို့. .”

“ဪ. . အေးကွယ်. . အထဲဝင်ထိုင်ပါဦးလား. .”

“ကျေးဇူးပါပဲခင်ဗျာ. . . ဟို သူငယ်. . သူ. . ငယ်”

ကျွန်တော်ပြောရင်း လှည့်အကြည့် မြဘုန်းရော ဝေဖြိုးပါ တွန့်လိမ်နေကြ၍. . .

“သူ. . သူတို့ ဘာဖြစ်တာလဲ မသိဘူး!”

“ဟဲ့. . . ဝက်ရူးပြန်တာများလား၊ ဝက်ရူးပြန်တာဆို ဒီမှာသော့၊ ဒီသော့နဲ့ လက်ဝါးအလည်ခေါင်ကို လှည့်ဖွင့်စမ်း”

“ဟုတ်ကဲ့. .”

ကျွန်တော် ခြံတံခါးကြားမှ လှမ်းပေးသော သော့ကို ယူကာ ပြေးသွားသည်။

“မြဘုန်း. . မြဘုန်း. . ဟေ့. . ဘာဖြစ်တာလဲ!၊ ဝေဖြိုး. . ဝေဖြိုး”

ကျွန်တော် ဆွဲလှုပ်ဆွဲခါပြီး ခေါ်သော်လည်း မထူးခြား၊ ပို၍တောင် တွန့်လိမ်လာကာ ပါးစပ်မှလည်း တခိခိ တအီအီအသံထွက်နေလေသည်။

ထို့အပြင် မျက်ရည်တွေရော နှပ်ချေးတွေပါ ထွက်နေကြသဖြင့်



ကျွန်တော် အလွန်အမင်း စိုးရိမ်သွားကာ မြဘုန်းလက်ကို ဆွဲယူပြီး လက်ဝါးအလယ်ခေါင်တည့်တည့် သောတံနှင့် ထိုးလှည့်ပစ်လိုက်သည်။

“အား. .”

မြဘုန်း အားခနဲအော်ပြီး သူ့လက်သူ ပြန်ရုတ်ကာ ကြည့်သည်။ ကျွန်တော့် သော့တံထိုးသောနေရာမှ သွေးများ ဖြာခနဲ ကျလာပြီး ရှုံ့မဲ့နေတာကလွဲလို့ နဂိုအတိုင်းနီးပါး ပြန်ကောင်းလာ၍ ဝမ်းသာသွားကာ ဝေဖြိုးကိုလည်း ထိုနည်းအတိုင်း လုပ်ရန် လက်ကို လှမ်းအယူ ဝေဖြိုး လန့်ဖျန့်ကာ ထရပ်၍. . .

“ငါ. . ငါ ကောင်းသွားပြီ. . ရပြီ. . အဟဲဟဲ”

“မဟုတ်ဘူး. . . မင်းဝက်ရူးပြန်တယ် မဟုတ်လား!”

“ဟုတ်တယ်. . . ကောင်းသွားပြီ၊ မင်းသော့တံက ဓါးပါပုံ ရတယ်ကွ၊ အဲ. . အဲဒါကြောင့် လန့်ပြီးကောင်းသွားတာ”

ထိုအခါမှ ကျွန်တော့်ကိုင်ထားသောသော့တံကို ပြန်ငုံ့ကြည့်မိသည်။

“ဟာ. .”

ကျွန်တော် သော့တံအမှတ်နှင့် ကိုင်ထားသောအရာမှာ လက်သည်း အစွယ်ငုတ်လျှင် ဖော်သည့် ဓါးမျိုးဖြစ်ပြီး သော့တွဲ၌ လက်သည်းညှပ်နှင့်အတူ တွဲထားလေ့ရှိသဖြင့် သော့တံနှင့် မှားကာ ကိုင်ထားမိခြင်းဖြစ်လေသည်။

“ကျွတ်. . ကျွတ်. . နာလိုက်တာ ဆင်ရှားရာ၊ သေပါပြီ ကျွတ်”

“ဆောရီးကွာ. . . မင်းတို့ကို အစိုးရိမ်လွန်ပြီး မှားကိုင်မိတာ ဝက်ရူးပြန်တယ်ဆိုတာ ငါ ကြားပဲ ကြားဖူးတာကွ. . . မမြင်ဖူးသေး”

“မင်းကြီးဒေါ်ကြီး ဝက်ရူးပြန်ရမှာလား၊ မင်းဝိုင်ဆိုထားတယ် ဆိုတဲ့ မိန်းကလေးဝဝကြီးကို ကြည့်ပြီး အူတက်အောင် ရယ်နေတာ”



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . အဲ့ဒါ သူ့အမေကွ. . . သူမရှိဘူး"

"ဟေ. . မသိဘူးလေ၊ ငါတို့က သူပဲ မှတ်နေတာ၊ အခိခိ. . အဟိဟိ"

"တဲ့ကောင်လေး ကောင်းသွားကြပြီလား!"

ခြံထဲမှ စိုးရိမ်တကြီး လှမ်းကြည့်နေသော အဒေါ်ကြီး မေးသဖြင့် ကျွန်ုပ်ဘော်ခေါင်းညိတ်ပြလိုက်သည်။

"ကောင်းသွားပြီ အဒေါ်. . . ကျေးဇူးပဲ၊ ဒီနှစ်ကောင်က ဒီလိုပဲ ခဏခဏ ဖြစ်နေကျ. . . ဝက်ရူးညီနောင်လေ"

"ဩော်. . သနားစရာလေးတွေပဲ. ."

"အဒေါ်. . . ကျွန်တော်တို့ ပြန်တော့မယ်"

"အေး. . အေး သေချာခေါ်သွားပါကွယ်"

ထို့နောက် ကျွန်တော်တို့သုံးယောက် မြတ်လေးလမ်းသွယ်ထဲမှ ခပ်သွက်သွက် လျှောက်ကာ. . ထွက်လာခဲ့ကြသည်။ လမ်းမကြီးပေါ် ရောက်မှ မြဘုန်းနှင့်ဝေဖြိုးတို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ရယ်ကြပြန်လေသည်။

"ခွေးကောင်တွေ. ."

"ဘာလဲဟ. . ငါတို့ဖာသာ ရယ်တာ၊ အဟတ်ဟတ်. . ခိခိ"

မြဘုန်း လက်ကွဲသွားသဖြင့် အိမ်မှာပဲ ပတ်တီးစည်းပေးပြီး မနက်စာကျွေးကာ ကဗျာကသီ ပြန်လွှတ်လိုက်ရသည်။ မဟုတ်လျှင် အမေ့တံမြက်စည်းစာ မိတော့မည်။ အမေတို့လို ရိုးရှင်းသော မျက်လုံးထဲမှာ ကျွန်တော့်ဆံပင်လေး သပ်သပ်ရပ်ရပ် ရှည်နေတာတောင် ခွင့်မလွှတ်ချင်။

ဒီကောင်တွေလို တိုးရိုကားယား ဇရုတ်သုတ်ခ ပုံစံမျိုးတော့ လုံးဝအရှင်မထားဖို့ သေချာလှ၍ အမေ့ကို မျက်နှာချိုသွေးကာ တစ်





ခါရိုစာလောက် ခွင့်တောင်းလိုက်ရသည်။ ဒါတောင် ပန့်တစ်ပုဒ်နှစ်ပုဒ်လောက် ဆိုဦးမည် လုပ်နေသဖြင့် ချော့မော့မောင်းထုတ်လိုက်ရပါသည်။

မြဘုန်းတို့ ပြန်သွားမှ အမေက. . .

"ပြန်သွားတာလား. . . ပြန်လာမှာလား!"

"ပြန်သွားတာပါ အမေ"

"ဟင်း. . . ငါ နင့်ဟာတွေ ကြည့်ပြီး ထမင်းစားချင်စိတ်တောင် ပျောက်တယ်၊ ဘယ်လိုသန္ဓေမျိုးနဲ့ ဘယ်နေရာမှာ ပေါက်တဲ့တာတွေလဲ မသိဘူး"

"ဩော်. . . အမေရယ်"

"ဘာမှမပြောနဲ့ ထင်ရှား၊ ဒီလို အရုပ်ပျက် ဇာတ်ပျက်ပုံစံမျိုး လုံးဝလက်မခံဘူး၊ မင်းအကောင်တွေ နောက်တစ်ခါ ငါ့အိမ်လာရင် အဆိုးမဆိုနဲ့"

ကျွန်တော် အမေနားလည်အောင် ရှင်းပြဖို့ ကြိုးစားကြည့်သော်လည်း အမေ့လက်နှင့် အတော်နီးနေသော တံမြက်စည်းက ရှိနေသဖြင့် အသာငြိမ်ကာနေမိသည်။

ထိုအခိုက်အတန့်မှာပင် အမေရေနွေးငွဲ့ရင်း တစ်စုံတစ်ခုကို သတိရသွားဟန်တူပါသည်။

ကျွန်တော့်ကို မျက်မှောင်တွန့်ကြည့်ပြီး. . .

"နေ. . နေစမ်းပါဦး၊ ငါမေးမယ်ပြင်ထားတာ မေ့တော့မလို့"

"ဘာလဲ အမေ!"

နဝေတိမ်တောင်ရုပ်မျိုး ဖမ်းပြီး မေးရသော်လည်း အမေ့ကြည့်တာ လန့်နေသည်။

"နင်တို့တူဝရီး ဟိုအိမ်နဲ့ ဘာတွေရှုပ်ထားလဲ. . မှန်မှန်ပြော



www.burmeseclassic.com

www.burmeseclassic.com



စမ်း. . ”

“ဘယ်အိမ်လဲ!”

“မုဆိုးမ ဒေါ်ချိုတို့အိမ်၊ သူ့ညီမ အပျိုကြီး မိုးအေးကြည်တို့အိမ်၊ အငယ်မ နှောင်းသကြာန်တို့အိမ်၊ သိပလား. . ဟင်း. . ကဲ. . ပြောစမ်း”

“ကိုထင်ရှား. . . ကိုထင်ရှား ရှိလားဟင်”

အိမ်ရှေ့က ခေါ်သံကြောင့် လှမ်းကြည့်လိုက်တော့ နှောင်းသကြာန်။ ကျွန်တော့်ရင်တွေ ဒိန်းခနဲ ခုန်ဆောင့်တတ်လာပြီး အရှေ့ မျက်နှာကို မငံ့မရဲ ကြည့်လိုက်သည်။

“ခဏလေး အမေ၊ သား ခဏလေးပဲ”

“အေးပါ. . . ငါကလည်း တံမြက်စည်း ကိုင်ပြီးတော့ကို စောင့်မှာ၊ နင်ပြန်လာခဲ့”

ပြောရင်းနှင့် ငှဲ့လက်စ ရေနွေးပန်းကန်ကို ကွပ်ခနဲ မော့ချပြီး ဝှပ်ခနဲ ဆောင့်ချလိုက်သည်။ ထို့နောက် အခန်းထောင့် တံမြက်စည်းကို လှမ်းဆွဲသဖြင့် ကျွန်တော် သုတ်ခနဲ လစ်လာခဲ့တော့သည်။

ခြံတံခါးအပြင်အစပ်မှာ မခို့တရို့လေး ရပ်နေသော နှောင်းသကြာန်ကို မြင်မှ ပို၍ရင်ခံလာသလို ဖြစ်လာပြီး မအီမလည် ပြုံး နှုတ်ဆက်လိုက်မိသည်။ ဘာပြဿနာမှ မရှိသောအချိန်မျိုးမှာဆို ဘယ် လောက်များ သာယာလိုက်မလဲဟု တွေးကာ နှမြောမိသည်။

“စောစောက အိမ်ကို လာသွားတယ်ဆို”

“ဟုတ်တယ်. . . ဘကြီးက အန်တီမိုးအေးကြည်ကို”

“ဘာအန်တီလဲ. . . ကျွန်မအဒေါ်က အန်တီခေါ်ရလောက် အောင် အသက်မကြီးသေးဘူးရှင့်”

“ဟုတ်ကဲ့ပါ အပျိုလေးရယ်၊ အပျိုကြီးကို ဘကြီးက အမှ





တွေ အပြီးသတ်ခဲ့ဖို့ မှာလိုက်လို့ပါ. . . ဒီလောက်ဆိုရင် ရပါပြီနော်”

သူမ မထိတရိလေး ပြုံးလိုက်ပြီး မျက်စောင်းလှလှလေး တစ်ချက်နှင့်. . .

“သော့ပြန်ပေးပါ. . . ဝက်မောင်းပြန်သွားတာ သော့က ဘာလို့ ယူသွားရတာလဲ!. . ”

“ဝက်. . ဘယ်က ဝက်ကို ငါက မောင်းရမှာလဲ!”

“ဝက်ရူးပြန်တယ်ဆို”

“အေးလေ. . . ဝက်မှ ပြန်မရူးတော့တာ၊ ကောင်းသွားပြီဟ”

“ကောင်းသွားလို့ မောင်းသွားတာကို ပြောတာ၊ ခြံသွင်းလိုက်ပြီ လား!”

“ခြံမရှိလို့ ဒီအတိုင်းပဲ လွှတ်လိုက်တယ်၊ ကဲ. . . ကျေနပ်ပြီ လား၊ ရော့. . သော့”

သူမ သော့လှမ်းယူလိုက်သည်။

ပြီးမှ. . .

“မကျေနပ်တာတော့ လုံးဝပဲ၊ ကျွန်မကို ပလာဇာမှာ လိုက် ကြောင်ခံထားရပြီးကတည်းက အဲဒီ ဝက်ပိန်နဲ့ဝက်ပုကို အသေမှတ်မိ နေတာ. . ”

“ဟင်. . . ဒါဆို တို့လာတော့ မင်းမြင်လိုက်ရတယ်ပေါ့”

“မြင်သားပဲ. . . မြင်လို့ အိမ်ဘက် ဆက်လျှောက်မလာဘဲ. . နှစ်ခြံကျော်က မုန့်ဆိုင်ထဲ ခဏဝင်ထိုင်နေတာ. . ”

“ဟာ. . . မင်းအတော်ရက်စက်တာပဲ နှောင်းသကြာန်ရာ”

“အို. . . ဘာဆိုင်လဲ!”

“အင်. . . မဆိုင်တော့ မဆိုင်ဘူး၊ ဒါပေမယ့် ဒီကောင်တွေကို မခံချင်လို့ ငါကြွားထားတာ. . ”



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . . ရှင်က ဘယ်လိုကြွားလို့လဲ!"

"မင်းတို့ ငမ်းကြောထမယ် မကြံနဲ့၊ အဲဒီအိမ်က မိန်းကလေးရဲ့ ပိုင်ရှင်ဟာ ငါပဲလို့"

"ဘာ!. . ရှင်"

"နေဦး. . . ငါ အဲဒီလို ပြောပြီး ရောက်လာတော့ မင်းအမေနဲ့ ငါစကားပြောတာပဲ တွေ့သွားလို့. . ငါ. . ငါကို့. . ."

သူမ ရှက်ဒေါသကြောင့် နီမြန်းသွားသော ပါးပြင်လေး. . ချက်ချင်းဆိုသလို ပန်းနုရောင် လျော့ကာ တခိခိ ရယ်တော့သည်။ ရယ်ရင်းက. . .

"မှတ်ပလား. . . နောက်တစ်ခါ ဒီထက်ဆိုးမယ်၊ လောလော ဆယ် ရေကြီးမယ်"

ပြောပြီး ချာကနဲ လှည့်ပြန်သွားသော သူမကို လှမ်းခေါ်ပြီး တစ်စုံတစ်ခု ပြောဖို့ စိတ်ကူးမှား 'ဖေါက်' ခနဲမြည်သံနှင့်အတူ တင်ပါး ပေါ် ထူဖျင်းနာကျင်စွာ ကျလာသော အမေ့တံမြက်စည်းချက်ကြောင့် လွှင့်ပျောက် ထွက်ပြေးကုန်တော့သည်။

"အား. . အမေ၊ နာလိုက်တာ အမေရာ"

"နာပစေ. . . နာအောင်ရိုက်တာလေ၊ ဪ. . . ငါကတော့ ငါ့အစ်ကိုကြီး အသက်ကြီးမှ ဇယားရှုပ်နေပါလားဆိုပြီး ပြစ်မှားနေတာ၊ လက်စသတ်တော့ နင်. ."

"အား. . . အမေ၊ သားရှင်းပြမယ်"

"မရှင်းနဲ့. . . ကောင်မလေး ပြောတာရော နင်ပြောတာ ငါ အကုန်ကြားပြီးပြီဟဲ့. . နင့်လုပ်စာမှာ မအေစားရမယ် မကြံသေးဘူး၊ အကြောက. . တဲ. . တဲ"

"အား. . . အမေ. . အား"





"ဖုန်း. . . ဖုန်း"

"အား. . အမေ နာတယ်ဗျ. . "

"သေပစေ"



www.burmeseclassic.com

www.burmeseclassic.com





# ရည်းစားစကား

ဉနေ ရုံးချိန်စောပြီးဆင်းနိုင်ဖို့ နေ့ခင်း(၃)နာရီလောက် ကတည်းက ပြင်ဆင် လက်စသတ်နေတာတောင် တော်ကာမကျချင်။ ကျွန်တော်တို့ဌာနက သာမန်ဌာနခွဲမျိုး မဟုတ်ဘဲ. . စက်မှုလုပ်ငန်းနှင့် တိုက်ရိုက်ဆက်စပ်ထားသောဌာန ဖြစ်သည့်အပြင် စက်မှုကုန်ကြမ်းမှ ကုန်ချောအဆင့်သို့ ဖြစ်လာဖို့ ထိန်းချုပ်စီမံပေးရသော ဌာနမျိုး ဖြစ်၍ နေ့တ်(၈)နာရီ ရုံးတက်ချိန်မှ ညနေ(၅)နာရီ ရုံးဆင်းချိန်အထိ ယန္တရား တစ်ခုသဖွယ် လည်ပတ်နေရသည်။

စက်ယန္တရားကြီးများက မီးပျက်လျှင်၊ သို့မဟုတ် စက်တိုင်ရှိသော တစ်ခုခု ချို့ယွင်းလျှင် ရပ်နားခွင့်ရသေးသည်။ ကျွန်တော်တို့က ရုပ်လို့

www.burmeseclassic.com

www.burmeseclassic.com



မရ။ အကြမ်းထည်လုပ်ငန်း ပါးနေလျှင် အချောထည်လုပ်ငန်းက အပြည့်၊ အချောပါးလျှင် အကြမ်းက အပြည့်၊ ထို့ကြောင့် ကျွန်တော်တို့ ဌာနမှ ဦးဆောင် အင်ဂျင်နီယာများနှင့် ဝန်ထမ်းများအားလုံး အကြမ်းနှင့် အချောကြားမှာ ကြမ်းချောကြီးများ ဖြစ်ကာနေတော့သည်။

အဆိုးဆုံးမှာ အခြားအခြားသောဌာနများက လုံခြုံရေးစနစ် ပျော့ပြောင်းသည့် စက်ရုံဝင်းပြင်ပတွင် ရှိနေပြီး ကျွန်တော်တို့ ရုံးမှာ (Technology Office) ရုံးဖြစ်၍ လုံခြုံရေးစနစ် တင်းကြပ်သော စက်ရုံဝင်းအတွင်း၌ အလုပ်ရုံများနှင့် တဝင်းတဝိုင်းတည်း ရှိသည်ဖြစ်ရကား လစ်ချင်သလို လစ်လို့မရခြင်းပင်ဖြစ်လေသည်။

ဒီနေ့တစ်ရက်တော့ လစ်လို့ရတဲ့နည်းနှင့်ပင် လစ်ရတော့မည်။ ဌာနမှူးစားပွဲပေါ်က (ခွင့်ပိတ်ထားသည်) ဟူသော. . စာတန်းပါသည့် သုံးမြောင်သစ်သားတုံးအား ညလုံခြုံရေးသမားများ ထင်းဆိုက်ပစ်ပါစေဟု ဆုတောင်းရင်း အဝင်အထွက် လုံခြုံရေးဂိတ်သို့ မယောင်မလည် လျှောက်လာခဲ့သည်။

လက်ကနာရီကို မြှောက်ကြည့်လိုက်တော့. . လေးနာရီခွဲ။ နောက်ထပ် နာရီဝက်ဆိုလျှင် ဥဩဆွဲသံကြားကာ ရုံးဆင်းတော့မည်မှန်သော်လည်း တစ်ယောက်ချင်း တန်းစီထွက်ရကာ စနစ်တကျ ရှာဖွေစစ်ဆေး ခံနေရ၍ အပြင်ရောက်ဖို့ တစ်နာရီလောက် ပိုကြာသွားတတ်သည်။

ကျွန်တော် ဂိတ်ပေါက် ဆုံလည်တံခါးဆီသို့ မသွားဘဲ ဂိတ်ရုံးလေးထဲ ဝင်လိုက်သည်။ ဂိတ်မှူးဦးတင်ကို သတင်းစာ ဖတ်ရင်းတမျက်လုံးတွေကို မျက်မှန်ပေါ်က ကျော်ကြည့်သည်။

"ဘာလဲဟေ့ ထင်ရှား!"

ကျွန်တော်အလုပ်ဝင်တာ သိပ်မကြာသေး။ သို့သော် ဦးတင်တို့





ကျွန်တော့်ကို လူနှင့်နာမည် တွဲကာမှတ်မိသည်။ မှတ်မိစရာအကြောင်းတလည်း ရှိပါသည်။ ကျွန်တော်တို့ စက်ရုံဝင်းအတွင်း၌ ဝန်ထမ်းအားလုံး နှစ်ရာကျော်လောက် ရှိသည်၊ အပြင်ရုံးဆိုက် အင်အား မပါပါ။ ထိုလူနှစ်ရာကျော် နေ့စဉ်ရုံးဆင်းချိန် တန်းစီရသောဒုက္ခကား ခံစားဖူးသူများ သိကြမည်။

ထို့ကြောင့် အပြင်ထွက်ဖို့ တန်းစီစောင့်ရသောဒုက္ခကို အလွန်ငြီးငွေ့သောရက်များ၌ ကျွန်တော် ကလိမ်ကျမိသည်။ ဘောင်းဘီထဲ စက္ကူစုတ်တွေ ထိုးထည့်ကာ ကွတကွတ လျှောက်ပြသည်။ တန်းစီရပ်နေရင်း ကျွန်တော်ထည့်ထားသော စက္ကူစုတ်တွေ အဝတ်စုတ်တွေကို စိတ်မလုံသလို မကြာခဏ စမ်းစမ်းကြည့်သည်။

လုံခြုံရေးဝန်ထမ်းများက ဂိတ်မှာ စောင့်ကြပ်၍ ရှာသူက ရှာသလို တန်းစီနေသော ဝန်ထမ်းများအား မသင်္ကာဖွယ်ရာ ရှိမရှိ. . လိုက်လံကြည့်ရှုသူက ကြည့်သည်။

လုံခြုံရေးတစ်ယောက် အနားရောက်လာသည်နှင့် ကျွန်တော်တိုယ့်ကိုယ်ကို မလုံသလိုမျိုး မျက်နှာကွယ်ရပ်တာ လူကို တစ်ဖက်ရွှေ့ရပ်တာမျိုး လုပ်ပြသည်။ ထိုအခါ လုံခြုံရေးက ကျွန်တော်ကို မသင်္ကာသလိုဖြစ်ပြီး ဆွဲထုတ်တော့သည်။

အဝင်အထွက်ဂိတ်ရုံးထဲ ဆွဲသွင်းပြီး ရှာတော့သည်။ စက္ကူစုတ်တွေ အဝတ်စုတ်တွေကလွဲလို့ ခိုးဝှက်ယူလာသောပစ္စည်း ဘာတစ်ခုမှမတွေ့သဖြင့် ဂိတ်မှူး တစ်ခွန်းနှစ်ခွန်း ဆိုကာ အရာရှိများ ထွက်သောဂိတ်ပေါက်မှ မောင်းထုတ်ပစ်လိုက်သည်။

ကျွန်တော် ထိုနည်းနှင့် အပြင်မြန်မြန်ထွက်နိုင်အောင် မကြာခဏ ကြိုးစားတတ်သဖြင့် ဂိတ်မှူးဦးတင်ကိုလည်း ကျွန်တော့်ကို မှတ်မိနေချေပြီ။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ခါ စက္ကူစုတ်တွေ ထည့်ပြီး သင်္ကာမကင်း ဖြစ်အောင်လုပ်ရင် ဝတ္တရားနှောင့်ယှက်မှုနဲ့ ဖမ်းပြီး ရုံးတင်မယ်ဟု ခြိမ်းခြောက်၍ စက္ကူစုတ် မထည့်ဘဲ ဖော့ချပ်ခဲတွေ ချိုးဖွဲ့ထည့်လာသည်။ ရုံးမတင်သော်လည်း အဆဲအဆို ခံရသည်။ မည်သို့ဆိုစေ ဗိုက်ဆာလို့ အုလိမ့်ပြီး ခြေတောင့်အောင် ရပ်စောင့်နေရသောဒုက္ခနှင့် နှိုင်းစာလျှင် အဆဲခံရတာ သက်သာပါသည်။

"ဟော့. . . ငါမေးနေတယ်. . . ဘာကိစ္စလဲ၊ 'တာဝန်မှအပ မဝင်ရ' လို့ ရေးထားတာ မင်းမမြင်ဘူးလား!"

"ဟုတ်ကဲ့. . . မြင်ပါတယ် ဆရာ၊ အခုက ကျွန်တော်တာဝန်အရ လာခဲ့တာပါ"

"ဘာကွ. . . ဘာတာဝန်လဲ!"

"ဒီလိုပါ. . . ဒီနေ့က ကျွန်တော့်မွေးနေ့လေ ဆရာ၊ အဲဒါ. . မနက်က အိမ်က ထွက်လာကတည်းက ငါ့မွေးနေ့မှာ ဘာအကောင်းဆုံး လုပ်ရမလဲလို့ စဉ်းစားပြီး ဝင်လာတာ ဆရာရဲ့. . . အဟဲဟဲ"

"အင်း. . . ဘယ်လိုညစ်ကပ်ပြီး အပြင်ထွက်ဦးမလဲ မသိဘူး၊ နားထောင်ကြည့်ရဦးမယ်. . "

"ဟာ. . . အဲသလို မဟုတ်ပါဘူး ဆရာ၊ တကယ်ပါ. . . ကျွန်တော့်မှာ ဆရာ့ကို ကန်တော့မှ ဖြစ်မယ့် တာဝန်ကြီးတစ်ရပ် ရှိနေပါတယ်"

"အေးပါ. . . ပြောပါ"

"အင်း. . . အဲ့ဒါ ဆရာတို့ ကျွန်တော့်ကြောင့် မကြာခဏ စိတ်အနှောင့်အယှက် ဖြစ်ရတယ် မဟုတ်လား၊ အဲဒီတော့ မွေးနေ့မှာ ဆရာတို့ ကန်တော့မယ်၊ ပြီးတော့ အမေ့ကို ကန်တော့မယ် အဲဒါပါ"

"ဩော်. . . ဒီလိုလား၊ အင်း. . . မဆိုးပါဘူး လုပ်ပါဦး"





ထို့နောက် ပိုက်ဆံတစ်ထောင် ထည့်ထားသော စာအိတ်တလေးအား ဆရာ့လက်ထဲ လှမ်းပေးပြီး ကျွန်တော် ကန်တော့လိုက်ပါသည်။

"အေး. . အေး၊ လိုတဲ့ဆုတွေ အော်တိုပြည့်စေကွာ. . ဟုတ်ပြီလား"

"ပေးတဲ့ဆုနဲ့ ပြည့်ရပါစေ ဆရာ၊ အခု ရုံးဆင်းတော့မှာဆိုတော့ ကျွန်တော်ထွက်နှင့်မယ် ဆရာ. . . အိမ်ကမွေးနေ့ပွဲအတွက် အချိန်မှီအောင်"

"ငါသိတယ်. . . နောက်ဆုံးတော့ ဒီဘူတာပဲ ဆိုက်မယ် ဆိုတာ၊ အေးပါကွာ. . . သွားပါ၊ စက္ကူစုတ်တွေနဲ့ စာရင်တော့ ဒါက မဆိုးပါဘူး၊ ဟုတ်ပြီလား၊ ကဲ. . သွား"

"အဟဲဟဲ. . . ဆရာက သဘောပေါက်လွယ်သားပဲ. . လိုတဲ့ဆုက တစ်ကယ့်ကိုအော်တို ပြည့်တာ"

"ဘာကွ"

ကျွန်တော်လှည့်မကြည့်တော့ဘဲ ဇက်ကလေး ပုကာ အထွက်ပေါက်သို့ ပြေးလာခဲ့တော့သည်။

ကျွန်တော် ထိုမျှ လုံ့လဝီရိယအားကြီးစွာ စိုက်ထုတ်၍ လာခဲ့ရသည့်တိုင် ခင်မြဖင်အိမ်သို့ ကျွန်တော် နောက်အကျဆုံး ရောက်လာခဲ့ရလေသည်။

"စောင့်လိုက်ရတာ ထင်ရှားရာ၊ ငါတို့က မင်းမလာတော့ဘူးပဲ မှတ်နေတာ. . "

ကျွန်တော်ဝင်လာတာ မြင်၍ ဧည့်ခန်းထဲက ထွက်ကြိုရင်း အပြစ်တင်စကား ဆိုနေသော မြဘုန်းကို သေချာကြည့်မိသည်။ ဘုရားရေ. . . မှတ်တောင် မမှတ်မိနိုင်အောင်ပါလား။ မြဘုန်းမှာ တော်သာ

www.burmeseclassic.com



ကတုံးအဖြူ အနက်ရောင် ပုလဲပေါက်ပုဆိုးနှင့် ခန့်ညားနေသည်။ မြင်နေကျ အော်တာစတိုင် မဟုတ်တော့၍ နားကွင်းတွေ၊ နားကောက်တွေ၊ လည်ပင်းမှာ ရှုပ်ယှက်ခတ်နေသော ဖန်စီကြိုးတွေပါ မရှိတော့။

ဧည့်ခန်းထဲ လှမ်းကြည့်လိုက်သောအခါ ခင်မြဇင်နှင့် စကားပြောရင်း ကျွန်တော့်ကို လက်လှမ်းပြနေသော ဝေဖြိုးလည်း မြဘုန်းနည်းတူ ဂုဏ်ကျက်သရေ ကြီးမြတ်စွာ ရှိနေသည်ကို တွေ့ရပါသည်။

"မင်းတို့ကို ဘယ်သူမြှောက်ပေးလိုက်တာလဲ!"

"ဒါ အရည်အချင်းကွ၊ မြှောက်တိုင်း မြောက်ရအောင် ငါတို့က နှပ်ချေးစား ဖုတ်လှူးအရွယ်မို့လား၊ ငါတို့က ငါတို့ဘဝရဲ့အလှဆုံးလောကသစ်ကို ဖွင့်ပစ်ဖို့ ကိုယ့်ကိုယ်ကို သုံးသပ်ပြီး ပြုပြင်ထားတာ"

"ဖြောင်း. . ဖြောင်း. . ဖြောင်း. . ဖြောင်း"

ဧည့်ခန်းတစ်နေရာဆီမှ လက်ခုပ်သံ ထွက်ပေါ်လာ၍ ကျွန်တော်တို့ လှည့်ကြည့်လိုက်ကြသည်။ ခင်မြဇင်၏ဖခင် ဦးဖိုးအောင် ဧည့်ခန်းထဲ ဝင်လာရင်း လက်ခုပ်တီးကာ ဝမ်းသာရွှင်ပျသော အမူအရာနှင့်. . .

"သိပ်ကောင်းတဲ့ အတွေးအခေါ်ပဲ မောင်မြဘုန်း၊ အမှန်တိုင်းပြောရရင် မင်းတို့နှစ်ယောက်ကို ဦး လုံးဝထင်မထားဘူး. . ၊ မနေ့ကတောင် သမီးကို ပြောဖြစ်သေးတယ်၊ သမီးသူငယ်ချင်းနှစ်ယောက်ထိုလက်တွဲလို့ ဖြစ်ပါ့မလားလို့. . . မေးကြည့်ပါ"

ထိုအခါ ခင်မြဇင်က. . .

"ဟုတ်တယ်ဟဲ့. . . ဖေဖေ မနေ့က အဲဒီလိုပဲ ပြောလို့ ငါစိုးရိမ်နေခဲ့ရတာ၊ ဟဲ့. . . ထင်ရှား လာထိုင်လေ"

"ထိုင်ကြ. . ထိုင်ကြ၊ သားတို့ ထိုင်ကြ၊ လုပ်ငန်းအစီအစဉ်ကတော့ မင်းတို့လူငယ်တွေ ကိုယ့်ဖာသာ စီစဉ်ကြ၊ ဦးက နောက်ကနေ





လိုအပ်တာ ပံ့ပိုးမှာ၊

ထပ်ပြီးဝန်ခံရရင် ဦးက မင်းတို့ လုပ်ချင်တဲ့ ကုမ္ပဏီလုပ်ငန်းကို ဘာမှနားမလည်ဘူး၊ အဲဒီတော့ ဘာမှမသိဘဲ ဆရာကြီးအမည်ခံရတာ အူယားသကွာ၊ ဘာပဲဖြစ်ဖြစ် မင်းတို့လူငယ်တွေရဲ့ လတ်ဆတ်တဲ့ အတွေးအခေါ်နဲ့ တက်တက်ကြွကြွ လှုပ်ရှားဦးဆောင်တာကို ဦး လိုလားတယ်၊

ဦးတတ်နိုင်တဲ့ ရင်းနှီးမြှုပ်နှံမှုကို လုပ်ပေးမယ်၊ ဦးပြောချင်တာ ဒါလောက်ပဲ၊ ကိုင်း. . မင်းတို့ဖာသာ လွတ်လွတ်လပ်လပ် ဆွေးနွေးတိုင်ပင်ကြတော့၊ ဦးက ဆရာတော်ကြီး ဆင့်ခေါ်ထားလို့ သွားလိုက်ဦးမယ်ဟေ့"

"ဟုတ်ကဲ့ပါ ဦးခင်ဗျာ၊ ကျေးဇူးတင်ပါတယ်"

ဝေဖြိုး ထရပ်၍ ဦးညွှတ်ကာ ကျေးဇူးစကားဆိုပါသည်။ ပြီးမှ ဗြုန်ထိုင်ရင်း ကျွန်တော့်ကို မခံချိမခံသာဖြစ်အောင် ပခုံးတွန့်၊ နှုတ်ခမ်းထောင့် တွန့်ပြကာ ထိုင်လေသည်။

"အရည်အချင်းဆိုတာ အဲဒါပဲ ဝေဖြိုး၊ ဟုတ်တယ် မဟုတ်လား!"

"ဒါပေါ့. . ဒါပေါ့၊ အခု ဦးလေး ချီးမွမ်းသွားတဲ့အထဲမှာ. . ထင်ရှားမပါဘူး၊ ဟုတ်တယ်မဟုတ်လား!"

ခင်မြဇင်က ဘာကို ရည်ရွယ်မှန်း နားမလည်သလို ကျွန်တော့်ကို လှမ်းကြည့်ပြီး. . .

"နင်တို့ ဘာတွေဖြစ်ထားကြလဲ ထင်ရှား!"

"ဘာမှမဟုတ်ပါဘူးဟာ. . . တို့ဘုရားရှင်ကို အရှုတ်ခွဲခဲ့တဲ့ စိန္စမာန မိန်းမကို ဘုရားရှင်က မိန့်သလိုပေါ့၊ ချစ်သမီး စိန္စမာန သင်နှင့်ငါ၏ကိစ္စသည် သင်နှင့်ငါသာလျှင် အသိဆုံး ဖြစ်တယ်ပေါ့ကွာ၊ သူတို့ပဲ

www.burmeseclassic.com



ဖျံကျတာလား၊ ငါပဲ ရိုးလွန်းတာလားဆိုတာ ဦးလေးနဲ့ ခင်မြဇင် ဘယ်သိမလဲကွာ၊ သူတို့နဲ့ ငါပဲ သိတာပေါ့"

မြဘုန်းတို့ မျက်လုံးပြူးပြီး လက်ဝါးနှစ်ဖက်ဖြန့်ကာ ပခုံးတွန့်ကြသည်။

ထို့နောက် ခင်မြဇင်က. . .

"ကဲပါဟာ. . . ဘာတွေမှန်းလည်း မသိဘူး၊ ဟဲ့. . . ထင်ရှား နှင်နဲ့ငါနဲ့ သရေပွဲနော်"

"ဘာကိုလဲ!"

"မသာကောင်ရဲ့. . . ဆံပင်ကို ပြောတာ၊ ငါ ဒီက ထွက်သွားတော့လည်း ကတုံးနဲ့ပဲ၊ အခုပြန်လာတော့လည်း ကတုံးပဲ၊ အဲဒါကြောင့် သရေ"

"အေးပါဟာ. . . ငတုံးမလို့ အခေါ်မခံရအောင် ထပ်မတုံးပါနဲ့တော့၊ နှင်က အစကတည်းက မျက်နှာလှလှ ကိုယ်လုံးလှလှလေးနဲ့မို့ ဘယ်လိုဆံပင်ပေါက်ပေါက် လှပြီးသားပါ"

"ဟယ်. . . ကြည့်စမ်း လူယုတ်မာ၊ နှင် ကျောင်းတုန်းကတည်းက အဲဒီလို ပြောပါလား!"

"ပြောချင်ပါတယ်. . . မာန်တက်ပြီး မီးတွေ မြင့်ကုန်မှာစိုးလို့"

"အဟမ်း. . ဟမ်း"

မြဘုန်း၏လုပ်ချောင်းသံကြီးကြောင့် ကျွန်တော်နှင့် ခင်မြဇင်တို့ လှည့်ကြည့်ကြသည်။

ခင်မြဇင်က. . .

"ကဲ. . . အလုပ်ကိစ္စပြောကြမယ်၊ မဟုတ်ရင် မြဘုန်းလည်း ပန်းနာရင်ကြပ် စွဲလိမ့်မယ်. . "

ထို့နောက် ခင်မြဇင်က သူမကြိုတင်စီစဉ်ထားသော ဖွဲ့စည်း





ဇယားနှင့် ကြိုတင်ပြင်ဆင်မှုအတိုင်း ဖြည့်သွင်းထားသော စာရွက်များအား ဖြန့်ဝေပေးလိုက်သည်။

"အဲဒါ ငါ့စိတ်ကူးတစ်ခုတည်းနဲ့ ပုံဖော်ထားတာ၊ ဖတ်ပြီးသိုအပ်တာကို ဝိုင်းပြီးစဉ်းစားပေးကြဟာ. . "

ထိုစဉ် အိမ်ရှေ့၌ ကားရပ်သံ ကြားရပြီး ဧည့်ခန်းထဲ အမျိုးသမီးတစ်ယောက် ချိချိကွကွလေး လှမ်းဝင်ကာ ဖြတ်လျှောက်သွားသဖြင့် မြဘုန်းတို့မျက်လုံးတွေ ဧည့်ခန်းမှတဆင့် အပေါ်ထပ် လှေခါးအတိုင်း သိုက်ပါသွားသည်။

"ဟဲ့. . . အဲဒါ ငါ့အစ်မ အပျိုကြီးနော်. . "

ခင်မြဇင်အသံကြားမှ မြဘုန်းတို့အားလုံး အကြည့်တွေ ပြိုဖြုတ်ကျလာပြီး စာရွက်ပေါ် ပြန်ရောက်လာသည်။

ဝေဖြိုးက. . .

"လန်းတယ်ကွာ. . . ရင်ထဲကို အေးသွားတာပဲ"

ခင်မြဇင် မျက်စောင်းလှမ်းထိုး၏။

တစ်နာရီနီးပါးလောက် ကျွန်တော်တို့ ငြင်းခုံကြ၊ ဆွေးနွေးကြပြီး နောက်တစ်နေ့ အစီအစဉ်အဖြစ် သတ်မှတ်လိုက်ကြသည်။ ခင်မြဇင်က ကျွန်တော်တို့ကို ခြံအဝင်ဝအထိ လိုက်ပို့ရင်း. . .

"ငါ နှင့်တို့ မေးစရာ ရှိသေးတယ်"

"မေးလေ"

ခင်မြဇင်က မြဘုန်းတို့ကို လှမ်းကြည့်ပြီး. . .

"သွား. . နှင်တို့ အပြင်ကစောင့်"

"ဟာ. . . ဘာလဲဟ!. . "

"သွားပါ. . ဆို"

မြဘုန်းတို့ ခေါင်းကုတ်လိုက် နှာခေါင်းပွတ်လိုက်နှင့် ထွက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားကြသည်။

"နင့်မှာ ချစ်သူရှိနေပြီဆို. . "

"ဟေ. . ဘယ်သူပြောထုန်း. . . မရှိပါဘူး"

"အောင်မယ်. . . လာမလိမ်နဲ့၊ မြဘုန်းတို့ ပြောပြီးသား၊ နင်တို့ ရယ်ကွတ်ထဲကတဲ့"

"ဩော်. . . အဲဒါလား!"

"ဟုတ်တယ် မဟုတ်လား!"

ကျွန်တော် သူမကို အမှတ်တမဲ့ လှည့်အကြည့် နားလည်ရခက်သော အဓိပ္ပါယ်တစ်မျိုး ယှက်ဖောက်ထားသော. . သူမအကြည့်ကြောင့် ကျွန်တော်မျက်မှောင်ကျုံ့ကာ သေချာငုံ့ကြည့်သည်။

"ဘာမြင်ရလဲ ထင်ရှား!"

"ဟင်!. . "

"နင် ငါ့မျက်လုံးထဲမှာ ဘာမြင်ရလဲလို့ မေးတာ"

ထိုမေးခွန်းကြောင့် ကျွန်တော်သေချာအားစိုက်ပြီး ကြည့်မိသည်။

ဘာမှမတွေ့ရမှ. . .

"ဟင့်အင်း. . . ဘာမှလည်း မရှိပါလား"

"နင် ငတုံးပဲ. . . ဒီလိုအမြင်အာရုံမျိုးနဲ့ ဒီတစ်သက် မိန်းမယူဖို့ မမျှော်လင့်နဲ့. . "

"ဟာ. . . ဘာဖြစ်လို့လဲ!"

"မသိဘူး. . ဒါပေမယ့် နင် ငါမေးတာဖြေလေ"

"ဘာ. . ဘယ်ဟာကိုလဲ!"

"ကျွတ်. . . နင့်မှာ ချစ်သူရှိနေပြီဆိုတဲ့ကိစ္စ"

တစ်နေကုန် ရှင်းလင်းနေသော ကျွန်တော့်စိတ်အာရုံတွေ ထ





မိနစ်လောက်အတွင်း ရှုပ်ထွေးသွားမှုအတွက် နားမလည်နိုင်အောင်ဖြစ်သွားကာ ခေါင်းတွေ ကုတ်ဖွပစ်မိသည်။ ထိုနောက် အခြေအနေမှန်အား သေချာစဉ်းစားမိကာ ပင့်သက်ခိုးရှိုက်လိုက်ရသည်။

"ဒီ. . ဒီလိုပဲ၊ အမှန်တော့ ငါနဲ့ အဲဒီမိန်းကလေးနဲ့ ခုချိန်အထိ ဘာမှမဖြစ်ကြသေးဘူး၊ ဒါပေမယ့် သူက လှတော့ ငါစိတ်ဝင်စားတယ်၊

ငါ့ဘကြီးကုမ္ပဏီက ဝန်ထမ်းငယ်တစ်ယောက်ပဲ၊ အပြည့်အစုံပြောရရင် ဘကြီးကလည်း သူနဲ့ငါ့ကို သဘောတူထားတယ်၊ ငါတို့ချင်းနီးစပ်ဖို့ ငါ့ကို ဖိအားပေးထားတယ်"

"ဒါပဲလား!. . . "

"ဒါပဲ. . . ဒီထက်ပိုတာ ဘာမှမရှိဘူး"

ထိုအခါမှ သူမသက်ပြင်းချနိုင်သွား၍ ကျွန်တော်လည်း မျက်မှောင်ပြေသွားသည်။

(ဗုဒ္ဓေါ. . . ခင်မြဇင်. . ငါ့ကို)

"ဟုတ်ပြီလေ. . . ငါယုံတယ်၊ နင့်လို ရိုးပုံရိုးပန်းနဲ့ အိုးတိုးအတခေါ်တာ ဒီအဆင့်ထက် မပိုနိုင်တာ သေချာတယ်. . . အိုခေလေ. . ဘတ်စနဲ့ တစ်ခါတည်း မှာလိုက်မယ်၊ ဒီအဆင့်ထက် လုံးဝမပိုနဲ့. . ၊

ပြီးရင် လက်ရှိ နီးစပ်ဖို့ ကြိုးစားတဲ့အခြေအနေကနေ ဝေးကွာသွားတဲ့ အခြေအနေ ဖြစ်အောင် ပြောင်းယူ၊ ကဲ. . သွားတော့"

ကျွန်တော် ခေါင်းညိတ်မိသလား၊ ခေါင်းခါမိသလားဆိုတာ အောင် ကိုယ့်ကိုယ်ကို သတိမထားနိုင်ဘဲ မြို့အပြင် ရောက်လာသည်။ အပြင်ရောက်မှ မြဘုန်းတို့က. . .

"ဘာတွေလဲဟ. . ဘာတွေပြောနေတာလဲ!"

"မင်းတို့ ညှောင့်ထားတဲ့ကိစ္စပေါ့ကွာ"

"ဟာ. . ငါတို့က ဘာညှောင့်လို့လဲ!"



www.burmeseclassic.com

www.burmeseclassic.com



“နှောင်းသကြန်ကိုစွကွာ”

“ဩော်. . . ဟေးဟေးဟေး”

“ဒါပေမယ့် မြဘုန်း၊ ငါ. . ငါ. . ဟာ တော်ပြီကွာ၊ ငါလစ်ပြီ”

“ဟ. . ဟ ထင်ရှား. . ဟေ့. . နေဦးလေ”

ကျွန်တော့်စိတ်အထင် ထွက်ပြေးလာခဲ့သည်ပဲ ထင်မိသည်။

ဘုရား. . ဘုရား။

စောစောပိုင်းကအထိ ဘာမှမဖြစ်ဘဲ ရှုတ်တရက် ကျွန်တော့်ရင်တွေ ဝရုန်းသုန်းကားနိုင်လွန်းစွာ ခုန်လာပြီး ပြောမပြတတ်သော စိတ်ခံစားမှုတွေ သွေးကြောတစ်လျှောက် ပျံ့နှံ့နွေးပူကုန်သည်။

မြန်မာလို ရှင်းရှင်းတွေးကြည့်လျှင် ကျွန်တော့်မှာ ယောကျာ်းကြီးတန်မဲ့ ရည်းစားစကား အပြောခံလိုက်ရခြင်းဖြစ်ပါသည်။

အမြင်အာရုံထဲ စိမ့်ဝင်နေသော ခင်မြဖင်၏ပုံရိပ်က ဖျောက်ဖျက်မရနိုင်အောင်ရှိကာ ရှက်စိတ်မွန်ပြီး ကြက်သီးမွေးညင်း ဖြန်းဖြန်း ထလာသည်။

“ဒုတ်”

“အွတ်”

နာကျင်မှုနှင့် ဖင်ထိုင်ကျသွားရာမှ ချက်ခြင်းပြန်ထပြီး ကြည့်လိုက်သည်။ နဂိုကမှ ရှက်ရမ်းရမ်းနေသည့်စိတ်ကြောင့် ဒေါသအိုးပွင့်ကာ လူတစ်ယောက်လုံးကို မဆင်မခြင် ဝင်တိုက်သွားသည့်ကောင်ကို ရှာသည်။

“ဘယ်ကောင်လဲကွ. . . လူတစ်ယောက်လုံးတိုတောင် မမြင်ဘူးလား!. . ”

မှောင်ရိပျိုးစအချိန်ဖြစ်ပြီး ကျွန်တော့်ရှေ့မှာ ဓါတ်တိုင်တစ်တိုင်တလွဲ၍ ဘယ်သူမှ မရှိသဖြင့် ကိုယ့်နဖူးကိုယ်ပွတ်ပြီး ဆက်လျှောက်လာ





ခဲ့ပါသည်။

ဘဝမှာ ‘ရှက်တယ်’ ဆိုသောစကားကို ပထမဦးဆုံးအကြိမ် သေသေချာချာကြီး ခံစားလိုက်ရခြင်းအတွက် မိန်းကလေးလှလှ မြင်တိုင်း ရည်းစားစကား ပြောဖို့ ကြိုးစည်နေသော ယောကျာ်းလေးများ၏ အညာအတာကင်းမဲ့မှုကို နားလည်လိုက်ရသည်။ ထို့ပြင် ရည်းစားစကား အပြောခံနေရသော မိန်းကလေးများကိုလည်း ကိုယ်ချင်းစာစိတ် ဖြစ်မိသည်။

ဘယ်လောက်များ ရှက်ရွံ့နေကြမလဲ။ ကိုယ်လို ယောကျာ်းရင့်ကြီးတောင် ဒီလောက်တုန်လှုပ်သွားရင် အားငယ်နွဲ့နှောင်းတဲ့ မိန်းကလေးတွေဆို. . .

“ဟူး. . ”


ကျွန်တော် သက်ပြင်းမောကို အလုံးလိုက် အထွေးလိုက် မှုတ်ထုတ်ပြီး တစ်သက်တာ ဆုံးဖြတ်ပစ်လိုက်သည်။

(ငါ ဒီတစ်သက် မိန်းကလေး ဘယ်လောက်လှလှ ဘယ်လောက်ရင်ခုန်ခုန်ကွာ. . တော်ပြီ. . . လုံးဝကွာ. . လုံးဝ ရည်းစားစကား မပြောတော့ဘူး. . )



www.burmeseclassic.com

www.burmeseclassic.com





# လပ်ဖ်ဘလိုင်း

"ပြီ မှာ နင့်ဘကြီး လာနေပြီ"

ပြောပြီး ညှော်ခန်းထဲမှ ထထွက်သွားသော အမေ့ကို မော့ကြည့်ပြီးမှ အပြင်ဘက် လှမ်းကြည့်လိုက်သည်။ ကားကို ခြံအပြင်မှာ ရပ်ခိုင်းထားပြီး ခြံတံခါးဖွင့်ဝင်လာသော ဘကြီးကို ကျွန်တော်အပြင်ထွက်ကြိုလိုက်၏။

"ငါ မင်းအလုပ်သွားပြီမှတ်နေတာ"

"ခဏနေ သွားတော့မလို့ပဲ ဘကြီးရဲ့"

"မင်းအမေရော"

ကျွန်တော် အိမ်ထဲဘက် တစ်ချက်ငဲ့စောင်းကြည့်ပြီးမှ ဘကြီး



www.burmeseclassic.com

www.burmeseclassic.com



နား တိုးကပ်လျက်. . .

"အမေ အားလုံးသိနေပြီ ထင်တယ်. . "

"ဟော. . သိတာ ဘာဖြစ်လဲ၊ ငါပြောပြနေစရာ မလိုတော့ဘူး ပေါ့"

"ဟာ. . . မဟုတ်ဘူး၊ ဟို. . ဟိုကိစ္စပါ သိနေတာ. . ဖြစ်လောက်တယ်"

"အေး. . . အဲဒီကိစ္စအတွက်ပဲ ငါပြောနေတာ. . "

ကျွန်တော်ပြောချင်သောစကားက လိုရာမရောက်နိုင် ဖြစ်နေ၍ ခေါင်းတွေ ကုတ်ဖွပစ်တာ အသက်ပြင်းပြင်းတစ်ချက် ရှူသွင်း၍. .

"ကျွန်တော်ပြောတာ နှောင်းသကြန်ကိစ္စ မဟုတ်ဘူး၊ ဘကြီးနဲ့ ဒေါ်မိုးအေးကြည်ကိစ္စ"

"ဘာ!. . "

ကျွန်တော်လန့်ပြီး နောက်ကို ယိုင်သွားသည်။

ဘာဆက်ပြောရမှန်း မသိလည်း ဖြစ်နေ၍ အိုးတိုးအတ ဖြစ်နေခိုက် ဘကြီးက. . .

"လုပ်ပါဦး. . . မိုးအေးကြည်နဲ့ငါက ဘာကိစ္စလဲ!"

"ဗျာ. . ဟို. . ဟိုလေ"

"တော်တော့. . . ဘယ်မှာလဲ မင်းအမေ"

"ဟော့. . . အောင်ထွန်း၊ ကားခဏစက်သတ်ထားလိုက်စမ်း"

ဘကြီးက အမေ့ကို မေးရင်း အပြင်က ကားဆရာကိုပါ လှမ်းအော်ကာ ဧည့်ခန်းထဲ ဝင်သွားသည်။ ကျွန်တော်လည်း မထိတ်သာ မလန့်သာ ဖြစ်တာ လိုက်ဝင်လာခဲ့ပါသည်။

"မိထား. . ဟော့. . မိထား"

"ရှင်. . "





"လာစမ်း မြန်မြန်"

အမေ့ကို လှမ်းအော်ခေါ်ပြီး ကျွန်တော့်ဘက် မျက်လုံးဝေ့လာ၍ တုံ့ခနဲ ဖြစ်သွားသည်။

"လာ. . . မင်းလည်း ထိုင်စမ်း"

ဧည့်ခန်းထဲ ဝင်လာသော အမေ့ကို လှမ်းကြည့်တော့ အမေ ငိုထားသည်။

"နင်က ဘာဖြစ်ရတာလဲ!"

ဘကြီး၏အမေးစကားအား မသိကျိုးကျွံပြုစွာ အမေ ဝင်ထိုင်သည်။ ထို့နောက် ဘကြီးက စိတ်ရှုပ်ထွေးနေသောလေသံမျိုးနှင့်. . .

"ငါမေးတာ ဖြေစမ်းပါဦး မိထား၊ နင်ဘာဖြစ်နေတာလဲ!"

"အင့်. . ဟင့်"

အမေ့ထံမှ ရှိုက်သံထွက်လာ၍ ဘကြီးမျက်လုံးပြူးသွားသည်။ ဒေါသကြောင့် မဟုတ်၊ နားမလည်နိုင်၍ ပြူးသော အပြူးမျိုး။

"ဘာလဲ မိထား၊ ငါမယားငယ် ထားဖို့ ကြံစည်နေတယ်လို့ နင်ထင်နေတာလား!. . "

"ထင်တာ မဟုတ်ဘူး၊ ဟင့်အင်း. . ရပ်ကွက်ထဲမှာ. . ဟင့် အဲဒီအိမ်ကို အစ်ကိုကြီး နောက်မယားငယ်အိမ်လို့ ပြောနေကြတာ၊ အီ. . အီ. . ဟီး"

ဘကြီးခေါင်းကုတ်ကာ ကျွန်တော့်ကို ကြည့်ကာ ရယ်ပါသည်။ ဘကြီးရယ်တော့ ကျွန်တော်လည်း ရောပြီးရယ်လိုက်သည်။

"မင်းကဘာရယ်တာလဲ!. . . "

"ဗျာ. . . "

ပင်ကိုယ်က အသားရောင် ညိုသော ဘကြီးမျက်နှာ၌ပါ မှာတင် အညိုရောင်ကို ရင့်စေသော ရှက်သွေးများ ကြွကာ မှည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ဘကြီး ခေါင်းတညိတ်ညိတ် လှုပ်၍ မျက်မှောင်တွန့်တာ တွေးရင်း. . .

"အေးလေ. . . သူတို့အမြင်နဲ့အထင်က မမှားပါဘူး၊ တစ်ခါ တစ်ရံမှာ အားနာလို့ ခါးပါသွားပြီး ကလေးခုနစ်ယောက် ရတာသာ အဖတ်တင်တယ်၊ ဘယ်သူ့ အဖေခေါ်ရမှန်းမသိဘူးဆိုတဲ့ ပုံခိုင်း ရှိုင်းရိုင်းလိုပဲဟဲ့. . မိထားရဲ့၊ ငါ့အဖြစ်က အဲသလိုကို ဖြစ်နေပြီ၊

နင်တို့ရပ်ကွက်မှာမှ မဟုတ်ဘူး၊ ငါတို့ရုံးမှာလည်း ဒါရိုက်တာ ကြီးနဲ့ လက်ထောက်မန်နေဂျာဇာတ်လမ်းက ရေပန်းအစားဆုံးပဲ. . "

အမေ ရှိုက်သံတစ်ချက်နှင့် ဘကြီးကို လှမ်းကြည့်သည်။

"ဒါပေမယ့် မိုးအေးကြည်နဲ့ငါက ဘာမှမဖြစ်ကြဘူး၊ ဖြစ်တာတ သူ့မိသားစုနဲ့ငါ"

"ဗျာ. . "

"ရှင်. . "

"အစ်ကိုကြီးက တစ်အိမ်. . တစ်အိမ်လုံးနဲ့"

"ဟော့. . ဟော့. . နားချော်တွေးမနေနဲ့၊ ငါရှင်းပြမယ်"

ပြောရင်း နာရီကို ကြည့်လိုက်သည်။ ပြီးမှ. . .

"ပြဿနာရဲ့အစက နင့်ယောက်ျားပဲ မိထား. . . အဲဒီတုန်းက ကုမ္ပဏီကိစ္စနဲ့ ကြယ်ခေါင်ဖက်ကို လွှတ်တော့. . နင့်ယောက်ျားနဲ့အတူ နှောင်းသကြန်ရဲ့အဖေ ကိုမြင့်မိုးက အဖွဲ့ခေါင်းဆောင်အနေနဲ့ ပါသွား တယ်၊

တို့ကုမ္ပဏီက မိသားစု ကုမ္ပဏီလို ဖြစ်နေတော့. . ကိုမြင့်မိုး လက်ထောက်မန်နေဂျာဘဝနဲ့ ရှိနေချိန်. . သူ့ခယ်မ မိုးအေးကြည်က လည်း အငယ်တန်းစာရေးမအဖြစ်နဲ့ ကုမ္ပဏီမှာ ရှိနေတယ်၊

ကံရဲ့အလှည့်ကလေးတစ်ချက် ဘယ်လောက်ကြောက်စရာ





ကောင်းသလဲ ပြောပြမယ်၊ ကိုမြင့်မိုးက သူ့သမီးအကြီးမ ဦးသကြန်ကို အသက္ကရ ဗဟုသုတ ဖြစ်အောင်ဆိုပြီး ကျောင်းပိတ်ချိန်နဲ့ တိုက်ဆိုင်တာ နဲ့ ခရီးကိုခေါ်သွားတယ်၊ အသွားခရီးမှာ ပြဿနာမှ မရှိဘူး၊ အပြန်မှာ နင့်ယောက်ျား အရက်မူးမူးနဲ့ ကားကို သူမောင်းမယ်ဆိုပြီး အတင်းယူ မောင်းရာကနေ ချောက်ထဲ ကျပြီး ဒုက္ခပေးကုန်ကြတာ မိထား၊ ဒီ အကြောင်းတွေကို နင်တို့သားအမိ စိတ်မကောင်းဖြစ်မှာစိုးလို့ သာမန် လောက်ပဲ အသိပေးခဲ့တာ၊

ပြဿနာက ကိုမြင့်မိုးနဲ့ ဒါရိုက်တာအဖွဲ့က သိပ်အဆင်မပြေ ဘူး၊ အဲဒါကြောင့် ကုမ္ပဏီက ထောက်ပံ့မှု ကိုမြင့်မိုးတို့မိသားစု သိပ် ခံစားရဘူးကွာ၊ အဲဒီတော့ ဒီပြဿနာဖြစ်အောင် ဖန်တီးတာက နင့် ယောက်ျား၊ ငါ့တပည့် ငါ့ယောက်ဖ၊ ခံစားခွင့်ရတာက ငါ့ယောက်ဖ၊ သူများပြဿနာကြောင့် ဒုက္ခရောက်သွားတာ ကိုမြင့်မိုးက ပွဲချင်းပြီး သေတယ်၊ သူ့သမီးလေးက ပြင်းထန်တဲ့ ဦးခေါင်းဒဏ်ရာနဲ့ ဘဝတစ် ဆက်လုံး အသက်ဆုံးတဲ့အထိ လူလုံးမလှ ဖြစ်ခဲ့ရတယ်၊

ခံစားခွင့်ကျတော့ မဖြစ်ညစ်ကျယ်လေး၊ အဲဒါကို ငါက လူကြီး တစ်ယောက်ဖြစ်ပြီး ဘယ်လိုနှလုံးသားမျိုးနဲ့ လစ်လျူရှုရမလဲ၊ ပြီးတော့ ငါ့ယောက်ဖကြောင့် ဒုက္ခရောက်သွားကြရတာလေ မိထားရဲ့၊ နင်စဉ်း စားစမ်း. . "

ကျွန်တော်လှမ်းကြည့်တော့ အမေ ပါးစပ်အဟောင်းသားနှင့်၊ ကျွန်တော်ကိုယ်တိုင် နားထောင်ရင်း အသက်ရှူဖို့ မေ့နေသည်။

"အဲဒီတော့ ကုမ္ပဏီကို ခံစားခွင့်ကိစ္စ အတိုက်အခံ လုပ်ပြီး ပြောမနေတော့ဘဲ ငါ့နည်းငါ့ဟန်နဲ့ အကူအညီပေးခဲ့တယ်၊ အသေးမ နှောင်းသကြန်ကို ကုမ္ပဏီမှာ အလုပ်ခန့်ပေးပြီး သီးခြားထောက်ပံ့မှုတွေ တတ်စွမ်းသလောက် လုပ်ပေးခဲ့တယ်၊ နောက်ဆုံး ဒီရပ်ကွက်မှာ ငှားရမ်း



www.burmeseclassic.com

www.burmeseclassic.com



နေထိုင်ဖို့ကိစ္စ၊ အကြီးမ နာရေးအတွက် ကုန်ကျစရိတ်၊ ဒါတွေ ငါပဲ တာဝန်ယူပေးတယ်၊

ဒါကို ထောက်ချင့်ကြည့်ရင် ဟိုလူကြီး ကြံစည်နေပြီလို့ ပြောနိုင်တယ် ထင်နိုင်တယ်၊ အမှန်တော့ အထက်လူကြီးတစ်ယောက်အနေနဲ့ ရော ကိုမြင့်မိုးရဲ့မိတ်ဆွေတစ်ယောက်အနေနဲ့ပါ သန့်သန့်ရှင်းရှင်း ကူညီခဲ့တာပဲ မိထား၊ ငါ့ယောက်ဖ အသုံးမကျလို့ မဖြစ်သင့်တာ ဖြစ်ရတဲ့ အတွက် ပြန်ပေးဆပ်တာလည်း ပါတယ်ပေါ့ကွာ. .

ဒါပေမယ့် ငါက ဒီလိုတွေ နှလုံးကောင်းဝမ်းဖောင်း လုပ်နေတာကို နင်တို့အစ်မ သိရင် ကျေနပ်နိုင်မလား၊ ငါ့အထင်တော့ မကျေနပ်တဲ့အပြင် ဟိုမုဆိုးမ သားအမိကို ထောက်ပံ့ပြီး ဖောက်ပြန်နေတယ်လို့ စွပ်စွဲမှာ အသေအချာပဲ၊

ဒါကြောင့် သူ့ကို အသိမပေးဘဲ ငါ့သဘောအတိုင်းလုပ်ခဲ့တာ၊ နင်တို့သားအမိအတွက် ကုမ္ပဏီက တရားဝင် ထောက်ပံ့မှု ရထားပြီး သားမို့ ပြဿနာ မရှိဘူး၊ ဟိုမိသားစုကို ငါထောက်ပံ့တာ ပြဿနာ၊ ဒီကို မကြာမကြာ လာတဲ့ကိစ္စ နင့်ဆီကိုလဲ လာတယ်လို့ နင့်အစ်မ ထင်မှာ၊ ငါလည်း နင်နေမကောင်းဘူးလို့ အကြောင်းပြထားတယ်၊ ဖုန်းဆက်ပြီး စုံစမ်းနေမှာစိုးလို့ ဖုန်းလိုင်းပါ ဖြတ်ထားတယ်. . . ရှင်းရော"

"ဒါများ အစ်ကိုကြီးရယ်၊ အဖြစ်မှန် သိရင် အစ်မကြီးလည်း နားလည်မှာပါ"

"တော်စမ်းပါ မိထားရာ၊ နင်တို့မိန်းမတွေအကြောင်း နင်အသိဆုံးပဲ၊ အိမ်ထဲမှာ မီဒီယာ ဖွင့်ပြီး ကိုယ့်ယောကျ်ားကို တစ်နေ့သုံးခါလောက် သံသယ မပွားရရင် ထမင်းစားမဝင်တဲ့ဟာတွေ"

"အစ်ကိုကြီးကရော ရိုးရှင်းရဲ့လား!"

"အစကတော့ ရိုးရိုးပဲ၊ အခုတော့ မရိုးတော့ဘူး"





"ဟင်. . . ဟိုအပျိုကြီးနဲ့လား!. . ."

"ပေါက်ကရဟာ. . . လူကြီးကွ၊ လုပ်ပုံမလား၊ အခု မရိုးတော့ဘူးဆိုတာ နင့်သားကိစ္စ. . . သူ့အဖေကြောင့် ဒုက္ခရောက်သွားတဲ့ မိသားစုကို ငါ့ကိုယ်စား အနီးကပ် စောင့်ရှောက်ပေးနိုင်ဖို့ အငယ်မနှောင်းသကြ်န်နဲ့ ဒီကောင့်ကို နေရာချပေးမလို့ဟာ. . ."

ဘကြီး၏စကားများ ထိုနေရာမှာ အဆုံးသတ်သွားလေသည်။ ထိုအခိုက်မှာပင် အဆုံးမသတ်နိုင်သော မျက်လုံးအကြည့်တွေ ကျွန်တော့်ထံ ရောက်လာတုန်ကြသည်။

ကျွန်တော်က စကားဝိုင်းတစ်ခုလုံး အဆုံးသတ်ပစ်ရန်. . ဆရပ်လိုက်ပါသည်။

"အမေ. . . သားအလုပ်သွားတော့မယ်၊ အရမ်းနောက်ကျနေပြီ. . ."

"ဘကြီး. . . ကျွန်တော်. . ."

"ခုမှ တော်တော် အလုပ်ကြိုးစားနေတယ်ပေါ့ ဟုတ်လား"

"ဒီ. . . ဒီလိုမဟုတ်ပါဘူးခင်ဗျာ. . . ဒီနေ့က အရမ်းအရေးကြီးတဲ့ရက်မို့လို့ပါ. . ."

"ဟဲ့. . . ဟဲ့. . . ထမင်းချိုင့်. . ."

"ရပြီ. . . အမေ. . . သား ဒီနေ့ ကင်(န်)တင်းမှာပဲ စားမယ်"

ကျွန်တော် ရှက်မွန်နေသောစိတ်နှင့် ကမူးရှူးထိုး ထွက်လာအဖြင့် အပြင်မှာ ရပ်ထားသောကားက ဘကြီးထွက်လာပြီအမှတ်နှင့် အားစက်နိူးလိုက်သည်။ ကျွန်တော် ဂရုစိုက်မနေဘဲ ရပ်ကွက်လမ်းမကြီးအတိုင်း ဆက်လျှောက်လာခဲ့သည်။

ဆယ်တန်းနှစ်လောက်ကတော့ အိမ်ထောင်ကျရင် ဘယ်လိုနေမလဲဟူသောအတွေးမျိုး တွေးဖူးပါသည်။ ဒါကလည်း ရုပ်ကွက်ထဲက



www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာဆောင်တစ်ခုကို အမေ့ကိုယ်စား သွားရင်း၊ မင်္ဂလာဧည့်ခံပွဲမှာ ရေခဲမုန့် စားရင်း အမှတ်တမဲ့ တွေးမိလိုက်သော အတွေးဖြစ်သည်။ ထိုအချိန်တုန်းက ကျွန်တော့်ကိုယ်ကျွန်တော် ကျောင်းသားအရွယ် ငယ်သေးသူအဖြစ် စိတ်မှာ ထင်မှတ်ထားမှုကြောင့် မင်္ဂလာ သတို့သားနှင့် သတို့သမီးကို လှမ်းကြည့်ပြီး ဒါ လူကြီးဖြစ်မှ လုပ်ရတဲ့အလုပ်ဟုသာ ခပ်လွယ်လွယ် တွေးထားလိုက်သည်။ မြင်နေရသော မြင်ကွင်းတကြည်နူးစရာ၊ ပျော်စရာမြင်ကွင်းမျိုး ဖြစ်ကာ. . ၊ ငါရော. . . အဲသလိုလူကြီးဖြစ်ရင် အိမ်ထောင်ပြုမှာလား၊ အမေကတော့ မင်္ဂလာဆောင်ဖေးမှာပဲ၊ အဲဒီမိန်းမကိုရော ကိုယ့်ဘာသာ ရှာရမလား၊ အမေရှာပေးမှာလား၊ သူတို့ကရော သူတို့ဘာသာ ရှာယူချစ်ကြိုက်ကြပြီး မင်္ဂလာဆောင်တာလား။ ကြည့်မြင်ရသလောက် မင်္ဂလာမောင်နှံတို့ တစ်ယောက်နှင့်တစ်ယောက် အရမ်းရင်းနှီးကာ ပြုံးပျော်နေကြ၍ မိဘပေးစားတာမျိုးမဖြစ်နိုင်တာ သေချာသည်။ ထို့နောက် ကျွန်တော်ဉာဏ်မှီသလောက်တွေးရင်း အိမ်ပြန်လာခဲ့သည်။

အိမ်ရောက်တော့ ဗိုက်လည်း ပြည့်သွား၍ ထိုအတွေးများအားလုံးမေ့ပျောက်သွားပါသည်။ သည်နောက်ပိုင်း တက္ကသိုလ်ရပ်ဝန်းထဲ အချစ်ကျွန်းများ များစွာဖြစ်ထွန်းကြပါလျက် ကျွန်တော် ပိုင်သောအချစ်ကျွန်းတစ်ကျွန်းမှ မထွန်းဘဲ ကျောင်းပြီးလာခဲ့သည်။ ရည်းစားမထားချင်တာလား။ မထားဖြစ်တာလား၊ ဒါမှမဟုတ် စိတ်ကြိုက်မတွေ့လို့လား မေးစရာ ရှိပါသည်။ အမှန်အတိုင်း ဝန်ခံရလျှင်. . အကြိုက်တလေးတွေ တွေ့သော်လည်း မချဉ်းကပ်ရဲ၊ အပြောမရဲခြင်း ဖြစ်သည်။ မြဘုန်းတို့က မင်း ဂျယ်လား၊ ငကြောက် စသဖြင့် မခံချင်အောင် ပြောပြီးမြှောက်ပေးသော်လည်း ကျွန်တော့်ရှေ့မှာ ရည်းစားစကား လိုက်ပြော၍ပါးရိုက်ခံရသော၊ အော်ဟစ်ဆဲဆိုခံရသောအဖြစ်မျိုး နှစ်ကြိမ်သုံးကြိမ်





မြင်တွေ့ဖူးထား၍ မြဘုန်းတို့ ဘယ်လောက်ပဲ မြှောက်မြှောက်၊ ချောက်ချောက်၊ ကြောက်ရွံ့ခြင်းမှာ ကျွန်တော့်စိတ်၏မပြောင်းလဲသောအခြေခံဗီဇသာ ဖြစ်တော့သည်။

ယခုလည်း ကျွန်တော့်ကိုယ်ကျွန်တော် ပြန်ဆန်းစစ်ကြည့်မိသည်။ ဟေ့ကောင် ထင်ရှား. . . မင်းဘာဖြစ်နေတာလဲဟု မေးသောအခါ ကျွန်တော့်စိတ်က ငါကြောက်နေတာဟု ပြန်ဖြေပါသည်။ ဒါနဲ့များနှောင်းသကြၤန်ကို အီစီကလီ လိုက်လုပ်နေသေးတယ်၊ ကြောက်ရင်လွှတ်လွှတ်နေပေါ့ကွဟု ပြောတော့ လူပျိုကွ. . . အရွယ်လေးလည်းရောက်လာပြီဆိုတော့ သူကလည်း အရမ်းလှတာ. . . အဟဲဟု အသံအုပ်အုပ်ကလေးနှင့် ပြန်ပြောသည်။

"ထင်ရှား. . ."

ခေါ်သံက ကျွန်တော့်စိတ်နှင့်ကျွန်တော် မဟုတ်ဘဲ ခပ်လှမ်းလှမ်းမှ ဖြတ်ဝင်လာ၍ အသံလာရာဆီ လှည့်ကြည့်မိသွားသည်။

(ဟာ. . . ဒီကောင်တွေ. . .)

မြဘုန်းနှင့် ဝေဖြိုးတို့ ချောပုဆိုင်၏အပြင်ဖက်ဝိုင်းမှ လှမ်းခေါ်ခြင်းဖြစ်၍ ကျွန်တော့်အတွေးဖြတ်၊ ခြေလှမ်း၏လားရာကိုပါ ဖြတ်တောက်ပြီး ဆိုင်ဘက် ကွေ့လျှောက်လာခဲ့သည်။ မြဘုန်းက ကျွန်တော့်အတွက် ခုံတစ်လုံး ခင်းပေးရင်း. . .

"ဟိုကားက ဘယ်သူ့ကားလဲလို့. . . ကြည့်စမ်း. . ."

ကျွန်တော် ထိုင်ရင်း လှမ်းကြည့်မိ၍ ထိုင်ရမလို ထရမလိုဖြစ်ကာ လန့်သွားသည်။ အဖြူရောင် Mark II ကားလေးကို ကျွန်တော် မရင်းနှီးသော်လည်း ရှေ့ခန်းဒရိုင်ဘာခုံမှာ ထိုင်နေသော ခင်ခြင်ကို တရင်းတနှီးကြီးကို သိပါသည်။ ဆိုင်ရှေ့ လမ်းတစ်ဖက်မှာ တစ်၍ရပ်ထားသည်။

အောင်မြင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"သူ. . . သူပါ. . ပါလာတာလား. . ."

"ဟုတ်တယ်. . သူ့ကားနဲ့ လာကြတာ. .၊ မင်းရင်ခုန်တဲ့ ကောင်မလေး ဘယ်လောက်ချောတယ်ဆိုတာ ကြည့်ချင်လို့တဲ့. ."

"ဟာ. . . ဘာမှမဟုတ်တဲနဲ့ကွာ. . . အဲ့ဒါက ဘယ်လောက် အရေးကြီးလို့လဲ!"

"အဲဒါတော့မသိဘူး. . . သူ့အတွက်တော့ မင်းနဲ့ ပတ်သတ် ပြီး သိပ်အရေးကြီးတယ်လို့ ပြောတာပဲကွ. . ."

"ရောဂါပဲ. . ."

ကျွန်တော့် ရှုံ့မဲ့မဲ့ကြီး လုပ်ကာ ညည်းတွားသဖြင့် ဝေဖြိုးက. .

"ဟေ့ကောင်. . . ခင်မြဇင်က ငါတို့ရဲ့(MD)နော်၊ သူစိတ်ဆေး ပြီး လုပ်ငန်းကိစ္စ ထိခိုက်ရင်. . . မင်းကို. . . ငါ ခွင့်မလွှတ်ဘူး. . ."

"သေလိုက်ကွာ. . . ငါ စိတ်မဝင်စားဘူး. . ."

"ဟာ. . . ထင်ရှား၊ မင်း ရူးနေလား။ ဒီမှာ ရှင်းရှင်းပြောရရင် ခင်မြဇင်က ကျောင်းတုန်းကတည်းက မင်းကို ကြွေနေတာ၊ ဒါကြောင့် မင်းနှိပ်စက်သမျှ သူ စိတ်မနာနိုင်ဘဲ ခုချိန်ထိ မင်းမှမင်း. . . ရှင်းလား ငါတို့ကို မပြောနဲ့လို့ နှုတ်ပိတ်ထားလို့ကွ"

ကျွန်တော် ခင်မြဇင်ကို မဝံ့မရဲ လှမ်းကြည့်လိုက်ပါသည်။ ကျွန်တော်ကြည့်တာကို သူမ တွေ့ပြီး. . ကားထဲကနေ လက်ကလေး ပြကာ ပြုံးသည်။

ထိုအပြုံးက ကျွန်တော့်စိတ်ကို ဒုန်းခနဲ ဝင်ဆောင့်၍ ခေါင်းငုံ့ လိုက်ရသည်။

"တီ. . . တီ. . ."

ခင်မြဇင် ကားဟွန်းတီးကာ အချက်ပေးသဖြင့် မြဘုန်းက. . .

"ထင်ရှား. . . ဟိုမှာ ခေါ်နေတယ်. . ."





"ဟာ. . . မသွားဘူးကွာ. . ."

"မဟုတ်ဘူး. . . အရှေ့ကိုလည်း လက်ညှိုးထိုးပြနေတယ်. ."

ကျွန်တော် မလှုပ်သဖြင့် မြဘုန်း လှမ်းကြည့်ပြီး. . .

"ဟာ. . ဟိုဟာလား. . ဟိုမှာ. . ဟိုမှာ လာနေတာ အလန်း ကွာ၊ ရှယ်လန်းတဲ့ အလန်းလေး၊ မင်းပြောတာ အဲ့ဒါလား!"

ကျွန်တော်လှည့်ကြည့်တော့ နှောင်းသကြန် ဖြစ်နေ၍ ခေါင်း ညိတ်ပြလိုက်သည်။ မြဘုန်းက ခင်မြဇင်ကို လှမ်းကာ အချက်ပြသည်။ ထုတ်သည်ဆိုသော သဘောမျိုး။

ဘုရား. . . ဘုရား၊ ဘာတွေဖြစ်ဦးမလဲ. . . ဟု တွေးမိသဖြင့် ကျွန်တော် ထိတ်ပျာစွာ လှည့်ကြည့်သည်။

မြင်ရသလောက် နှောင်းသကြန်က ကြွနွဲ့ကြီးစွာ တစ်လှမ်း ချင်း လျှောက်ပြီး ခင်မြဇင်က ကားထဲမှ လည်ပင်းလိမ်အောင် လိုက် ကြည့်သည်။

ပြီးမှ. . . ကျွန်တော်တို့ဘက်ကို သွားကြမယ်ဟု အဓိပ္ပါယ်မျိုး ပါအောင် လက်ပြကာ ကားစက်နှိုးလိုက်သည်။ ထို့နောက် ဂငယ်ကွေ့ ကွေ့လိုက်ပြီး ဆိုင်ရှေ့မှာ ကားထိုးပေးပါသည်။ ဝေဖြိုး လက်ဖက်ရည် ဖိုး ရှင်းလိုက်၏။

"မင်းကတော့ ဟိုရောက်မှ သောက်ကွာ၊ လာ. . . သွားကြ မယ်. . ."

"ငါမလိုက်တော့ဘူးကွာ. . . အလုပ်ချိန်တောင် နောက်ကျ နေပြီ. . ."

"အဲဒါတွေ မလိုတော့ဘူး ခင်မြဇင်အားလုံး စီစဉ်ပြီးသွားပြီ"

"ဘာကွ. . . ဘာကို စီစဉ်တာလဲ"

"လာစမ်းပါကွာ. . . ကားထဲ ရောက်ရင် သူရှင်းပြလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် မအီမလည်ကြီးနှင့် ထရပ်လိုက်ပြီး ဆိုင်ထဲမှ ထွက်တာ ကားထဲ ရောက်သွားပါသည်။ ချွန်တွန်းနှစ်ယောက်ကလည်း ခင်မြဖင် အားကိုးလောက်ပေသည်။

ကျွန်တော့်ကို ရှေ့ခန်းခုံထဲ တွန်းသွင်းလိုက်ကြ၏။

သူမက ကားကို ဘီးလှိမ့်ထွက်ပြီး ရှေ့လေကာမှန်မှတဆင့် မြင်နေရသော နှောင်းသကြိန်ကို လှမ်းကြည့်ရင်း ခနိုးခနဲ့ လေသံနှင့် . .

"မဆိုးပါဘူး. . . ငါတွေ့ဖူးတဲ့ မိန်းကလေးတွေထဲမှာ နင့်ရင်ခုန်သံလေးက ကျေနပ်စရာအကောင်းဆုံးပါပဲ၊ နင့်ရဲ့တုံ့ဏှိဘာဝေနှလုံးသားက ဒီလိုလေးတော့ ချွေးတတ်သားပဲ. . . အဟင်းဟင်း. . "

ပြောရင်း ကျွန်တော့်ကို လှစ်ကနဲ လှမ်းကြည့်သည်။ ပြီးမှ နှောင်းသကြိန် မြင်သာအောင် ကားကို တလှိမ့်ချင်း လှိမ့်ကာ မောင်းနှင်ကျော်ဖြတ်ရင်း. . .

"နင် သူ့ကို ယူမယ်လို့ စိတ်ကူးရှိလား!"

ကျွန်တော် တွေဝေမနေဘဲ ချက်ချင်းခေါင်းခါပစ်လိုက်ခြင်းကမယုံကြည်နိုင်အောင်ဖြစ်ရသည်။ သို့သော် ကျွန်တော့်အမူအရာနှင့်အဖြေက ခင်မြဖင်အတွက်. . မျက်လုံးအကြည့်တွေ တလက်လက်တောက်ပသွားအောင် ကျေနပ်ပျော်ရွှင်သွားသည်။

ကျွန်တော်လည်း လန့်ဖြတ်ပြီး ခေါင်းပြန်ညိတ်ပြဖို့ ကြိုးစားသော်လည်း မမှီတော့ချေ။

"ကျေးဇူးပဲဟာ. . . နင် ငါ့အတွက် တစ်နေရာစာ ချန်ထားပေးတဲ့အတွက်ပေါ့. . . မရှက်တမ်း ပြောရရင် ငါ အဖေ့ကို ပြောပြီးပြီ"

"ဟင်"

"ဒီလိုလေ. . . ဖေဖေက သမီးအိမ်ထောင်ရေးကိစ္စ ဘယ်လိုစဉ်းစားထားလဲလို့ မေးလို့ပါ၊ အဟင်းဟင်း. . . အဲဒါနဲ့ ငါလည်း ပြောပြ





လိုက်တယ်၊ သမီးမှာ ချစ်ရမယ့်သူ ရှိနေပြီ၊ သမီးစိတ်ကြိုက်ရွေးထားတာဖြစ်လို့ ဘယ်လိုအခြေအနေမျိုးမှာ ဖြစ်နေပါစေ သူနဲ့ပဲ လက်ထပ်မယ်လို့ ပြောလိုက်တယ်၊

ငါယုံကြည်တယ်လေ၊ ရှေးခေတ် ပါရှားအမျိုးသမီးတွေဟာ သူတို့ဆံပင်ကို ပါရစီဘာသာကို စောင့်ရှောက်တဲ့ နတ်ဘုရားမက ပိုင်ဆိုင်တယ်လို့ အယူရှိကြတယ်၊ အဲဒါကြောင့် သူတို့ဆံပင်ကို အမြတ်တနိုးထားကြတယ်၊ မိန်းကလေးရဲ့ဆံပင်ကို ထိကိုင်တဲ့သူ၊ ဆံပင်ပုံစံ ပျက်အောင် ဖျက်ဆီးတဲ့သူဟာ အဲဒီမိန်းကလေးရဲ့ဘဝကို တာဝန်ယူ စောင့်ရှောက်ရမယ့်သူလို့ နတ်ဘုရားမ,က မိန့်တော်မူတယ်၊ ယုံကြည်ကြတယ်၊ ငါလည်း ရှေးခေတ် ပါရှားအမျိုးသမီးတွေရဲ့ယုံကြည်မှုကို နှစ်သက်တယ်ဟာ. . . "

ကားက မိန်းလမ်းမကြီးပေါ် အရှိန်တစ်ခုနှင့် ပြေးလွှားနေသည်။ ကျွန်တော် အဲဒါကို သတိမမူနိုင်ဘဲ တလွင့်လွင့် ဖြစ်နေသောစိတ်နှင့် ကားတံခါး ဖွင့်ဆင်းဖို့ ပြင်လိုက်သည်။

"ထင်. . ထင်ရှား"

"ကျွိ. . ရိ. . ရိ"

ကားက ရပ်သွားသည်။

ကျွန်တော်ကလည်း တံခါးဖွင့်ထွက်မိလျက်သား ဖြစ်နေ၍. . အပြင်သို့ ထွက်ကျ လွင့်လိမ့်သွားပါသည်။ သို့သော်. . ကျွန်တော် ဘာမှမဖြစ်ပါ။

လဲကျနေရာမှ ပြန်ထလာပြီး ကားဆီ လျှောက်လာသဖြင့် ခင်မြဖင်နှင့်မြဘုန်းတို့ ကြောင်အ,လျက် ကြက်သေ,သေပြီး ကျွန်တော့်ကိုငေးချောင်းကြည့်ကြသည်။ ကျွန်တော်က ပွင့်လန်နေသော ကားတံခါးကိုသေချာပြန်ပိတ်ပေးပြီး. . .

www.burmeseclassic.com



"ငါမလိုက်တော့ဘူး ခင်မြဇင်၊ နင်ယုံကြည်တဲ့ ပါရှားခေတ်ကို ငါမယုံကြည်တဲ့အတွက် ငါက နင်ဖြစ်စေချင်သလို ဖြစ်မှာမဟုတ်ဘူး အိုခေ. . . အားလုံးပဲ"

ကျွန်တော် လက်ပြနှုတ်ဆက်ကာ ကား၏ဦးတည်ရာနှင့် ဆန့်ကျင်သောဘက်သို့ ပြန်လျှောက်လာခဲ့သည်။ ဘာကြောင့်မှန်းတော့ မသိ၊ ကျွန်တော့်ရင်ထဲမှာ လွတ်လပ်ပေါ့ပါးသော ခံစားမှုတစ်မျိုး စီးဝင်နေကာ လမ်းလျှောက်ရတာပင် အရသာ ရှိနေသည်။

ခင်မြဇင်ကတော့ ကျွန်တော့်ကို သတ်ချင်လောက်အောင် စိတ်နာသွားလောက်သည်။ မတတ်နိုင်ပါ. . . ကျွန်တော် ခင်မြဇင်ကို ခင်ပါသည်။ ရင်းနှီးသော သူငယ်ချင်းတစ်ယောက်လို ခင်ခဲ့သည်။ သို့သော် ခင်မင်မှု ဖြစ်ထွန်းခဲ့ရသော ကာလအတွင်း သူမကို လက်ထပ်ပေါင်းသင်းရမည့် ဇနီးမယားအဖြစ် လက်ခံနိုင်ဖို့ နေနေသာ. . . အပျော်တွဲ ချစ်သူတစ်ယောက်အဖြစ်နှင့်တောင် မစဉ်းစားခဲ့မိချေ။

မည်သို့ဆိုစေ အချစ်သည် အိမ်ထောင်ပြုကြမည့်သူများအတွက် တစ်သက်တာ လက်တွဲနိုင်ဖို့ မရှိမဖြစ် လိုအပ်သော ဆေးတစ်ခွက်ဆိုတာ သေချာသည်။ သူမကို တိုက်ကျွေးဖို့ ကျွန်တော့်မှာ အချစ်ဆေးမရှိပါချေ။

ကျွန်တော် တွေးလက်စနှင့် ဆက်တွေးဖြစ်သည်။

ပလက်ဖောင်းတစ်လျှောက် စိမ်းအုံ့နေအောင် စိုက်ပျိုးထားသော အရိပ်ရ အပင်ကြီးများအားကိုးနှင့် နွေနေ့လည်၏အပူကို. . . ကျွန်တော် မေ့နေပြီး ဘာကြီး ပေးစားဖို့ ပြင်နေသော နှောင်းသကြိန်ကို သတိရသွားသည်။

(နှောင်းသကြိန်)

သူမ၏အလှတရားပေါ်မှာ ရင်ခုန်မိတာ သေချာသော်လည်း





ဘတယ်ချစ်တာမချစ်တာ မသေချာ. . !

ထို့ကြောင့်ပင် မင်းဘာကောင်လဲဟု ကျွန်တော့်ကိုယ် ကျွန်တော် ပြန်မေးကြည့်လိုက်သည်။ ကျွန်တော့်စိတ်က ကျွန်တော့်ကို ပြန်ဖြေသဖြင့် စိတ်ညစ်သွားမိသည်။

အရောင်တွေကို မခံစားတတ်သောသူကို ကာလာဘလိုင်းဟု ခေါ်ကြသည်။ အချစ်ကို မခံစားတတ်သောသူအား ဘာဘလိုင်းဟု ခေါ်မည်နည်း။ 'လက်ဖ်ဘလိုင်း' ဟု ပြောမလား။ တစ်ယောက်ယောက်ကိုတော့ မေးကြည့်ရပေမည်။



www.burmeseclassic.com

www.burmeseclassic.com





# သတ္တုရောင်အချစ်

အချိန်နှင့်ဒီရေက လူကို မစောင့်ဟု ဆိုကြ၏။ သို့သော် လူတော့ အချိန်နှင့်ဒီရေကို စောင့်ပါသည်။ ပင်လယ်နား နီးပြီး ပင်လယ်နှင့် အသက်မွေးဝမ်းကျောင်းပြုကြသောသူတို့ ဒီရေအတက် အကျကို စောင့်ရခြင်းကား သူတို့၏အလုပ်သဘော ဖြစ်လေသည်။ အချိန်ကိုတော့ လူတိုင်း စောင့်ကြသည်။ ဘယ်ချိန်လာမလဲ၊ ဘယ်ချိန် သွားကြမလဲ၊ အချိန်ကာလကို စောင့်ရင်းနှင့်ပင် လူတွေ အိုမင်းရင့်မာ ကုန်ကြသည်။

ယခုလည်း ဘကြီးနှင့်အမေ၊ ပြီးတော့ မြဘုန်းတို့ ကျွန်တော် ပြန်လာချိန်ကို စောင့်ကောင်း စောင့်နေကြမည်ထင်ပါသည်။ ကျွန်တော် အိမ်မှ ထွက်လာခဲ့သည်မှာ (၆)လတင်းတင်း ပြည့်သွားပြီ ဖြစ်သည်။ ဘယ်သွားမည်ဟု မပြောခဲ့ခြင်းဖြစ်၍ ဘယ်မှ မစုံစမ်းနိုင်ဘဲ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ပြန်လာချိန်ကိုသာ စောင့်ကြမည်ဖြစ်သည်။ ထို့ကြောင့် ကျွန်တော့်ကို စောင့်ကြသူများ စိတ်ပူပန်မှု သက်သာစေရန် (၆)လပြည့်သောနေ့မှာ စာတစ်စောင် ရေးပို့လိုက်ပါသည်။

ဒကာကြီးနှင့် ဒကာမကြီးတို့ထံ

ဘုန်းကြီး သတိရစွာ စာရေးအကြောင်းကြားအပ်ပါသည်။

ယခု ဘုန်းကြီး၏ဘထွေးဘုန်းကြီး၏ကျောင်းမှာပင် ချမ်းသာစွာ သီတင်းသုံးနေသဖြင့် ခမည်းတော် မယ်တော်တို့၏ဇာတိရွာ ဖြစ်ရကား အဆင်ပြေပါသည်။

အမှန်တော့ ဘုန်းကြီးဝတ်ဖို့ စိတ်ကူးမရှိဘဲ ရွာကို ရောက်သွားခြင်းဖြစ်သည်။ သို့သော် ဘထွေးဘုန်းကြီး၏ ဆုံးမသြဝါဒကြောင့် ယခု ဘုန်းကြီးဖြစ်ခဲ့ပါပြီ။ လူဝတ်နှင့် နေစဉ်က ခင်မင်ခဲ့ကြသော မိတ်ဆွေများကိုလည်း ဘုန်းကြီး ရေးသားပေးပို့သောစာကို ဖတ်စေလိုပါသည်။

ဒကာကြီးနှင့် ဒကာမကြီးတို့ ချမ်းသာကိုယ်စိတ်မြဲကြပါစေ။

ဦးနန္ဒိယ
ကျေးတောရွာ တိုက်ကျောင်း

www.burmeseclassic.com